# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 12 December 2017 ၉၁၃၆


### လောကဓမ္မတာစံကြရာ

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

# ဒေသတွင်းနိုင်ငံများက စုစည်းညီညွတ်သော အစီအစဉ်များ ချမှတ်နိုင်မှသာလျှင် ရေနှင့်စပ်လျဉ်းသည့် သဘာဝဘေးအန္တရာယ်များကို ထိထိရောက်ရောက်တုံ့ပြန်နိုင်မည်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ (The 3rd Asia-Pacific Water Summit-3rdAPWS) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အာရှ-ပစိဖိတ်ဒေသတွင်း ၄၈ နိုင်ငံမှ နိုင်ငံ့အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဦးသန့်စင်မောင်၊ ဦးကျော်ဝင်း၊ ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ ဦးကျော်တင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရေနှင့်ဆက်နွယ်သော ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် မကြာသေးမီက (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ် ၁၀ နှစ်တာကာလအား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေခေါင်းစဉ်ဖြင့် အကောင်အထည်ဖော်ရေးကာလအဖြစ် သတ်မှတ်ခဲ့ရာ ယခု ညီလာခံကျင်းပသည့် ကာလသည် အလွန်ပင် အချိန်အခါသင့်ပါကြောင်း။

အဆိုပါ ဆယ်စုနှစ်၏ ရည်မှန်းချက်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး၊ ရေအရင်းအမြစ်များအပေါ် ဘက်စုံစီမံခန့်ခွဲမှု၊ နိုင်ငံတကာမှ သဘောတူချမှတ်ထားသော ရေနှင့် သက်ဆိုင်သည့် ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရေးအတွက် အဆင့်အားလုံးတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုတိုးမြှင့်သွားရန်ဖြစ်ပါကြောင်း။

ယခု ညီလာခံသည် ရေနှင့်ဆက်နွယ်သည့် လုပ်ငန်းများမှ ရရှိခဲ့သော **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧဝရက်တောင်ထိပ်နှင့် ဟိမဝန္တာတောင်တန်းများအား ကြည့်ရှုလေ့လာ**



စာမျက်နှာ » ၇

**စက်မှုလယ်ယာဦးစီးဌာနက ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိ**



စာမျက်နှာ » ၁၀

**အားပေးမြှင့်တင်ရန် အချိန်ကျရောက်လာနေသော ပုဂ္ဂလိကအသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများ**

စာမျက်နှာ » ၁၈


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

# ကြေးမုံ

## အေးငြိမ်းချမ်းသာ ပွားများအားထုတ်

နိုင်ငံအတွင်းရှိ လူ့ဘောင်လောကတွင် ဖြစ်ပေါ်တတ်သော မညီညွတ်မှု၊ မငြိမ်းချမ်းမှုတို့ကို ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း ဖြစ်ပေါ်လာအောင် နိုင်ငံသူ နိုင်ငံသား အားလုံးအနေဖြင့် တစ်ဦးအပေါ်တစ်ဦး စာနာထောက်ထားမှု၊ နားလည်မှုတို့ဖြင့် အကျိုးလိုလားသော မေတ္တာစေတနာများထားကာ အချင်းချင်းရိုင်းပင်းကူညီလျက် ငြိမ်းချမ်းသာယာသော လူ့ဘောင်ဖြစ်အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်သင့်ကြပေသည်။

မြတ်စွာဘုရားရှင်ဟောကြားတော်မူသော သာရဏီယ သြဝါဒကထာအရ ဝိဝါဒ - ငြင်းခုံခြင်း၊ ဝိဂ္ဂဟ - ဆန့်ကျင်ခြင်း၊ ကလဟ - ကိုယ်နှုတ်ထိပါး ခိုက်ရန်ပွားခြင်းတို့သည် အချင်းချင်း စည်းလုံးမှုကွဲပြားပါက ဖြစ်ကြရသည်ဟု ဖွင့်ဆိုထားသည်။ ထိုအခါ လူနတ်ပြဟ္မာ သတ္တဝါတို့ ကြီးစွာဒုက္ခ ရောက်ကြရသည်။ အကြင်မြို့၊ အကြင်ရွာ၊ အကြင်တိုင်းပြည်၊ အကြင်ကျောင်းတိုက်၊ အကြင်ဌာန၊ အကြင်အသင်းအဖွဲ့တို့၌ ချမ်းသာခြင်း မရှိ၊ ဆင်းရဲခြင်းနှင့် ကြုံတွေ့ကြရသည့် သဘောရှိသည်။

လူ့ဘောင်လောက အေးချမ်းသာယာရေးအတွက် အဓိက လိုအပ်ချက်မှာ အချင်းချင်းညီညွတ်ခြင်းသာ ဖြစ်၏။ အချင်းချင်းညီညွတ်ကြလျှင် ငြင်းခုံမှု - ဝိဝါဒ၊ ဆန့်ကျင်မှု - ဝိဂ္ဂဟ၊ ကိုယ်နှုတ်နှစ်ပါး ထိပါးခိုက်ရန်ဖြစ်ပွားမှု - ကလဟ မဖြစ်ကြရသဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ဖြစ်ကြရ၏။ ထိုအခါ အကြင်မြို့၊ အကြင်ရွာ၊ အကြင်တိုင်းပြည်၊ အကြင်ကျောင်းတိုက်၊ အကြင်ဌာန၊ အကြင်အသင်းအဖွဲ့တို့ အချင်းချင်း စိတ်ဝမ်းမကွဲ တစ်သားတည်းဖြစ်ကြကာ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းကို ဖြစ်ကြရသည်။

ညီညွတ်ခြင်း၏ အကျိုးတရားမှာ လွန်စွာကြီးမားလှ၏။ ကိုယ်စီ ကိုယ်စီသာမက လောကလူ့ဘောင်တစ်ခုလုံးအတွက်ပါ ကောင်းကျိုးချမ်းသာကို ဖြစ်စေသော ထိုအကျင့်တရားတို့မှာ တရားဒေသနာအရသာမက လောကနီတိသဘောတရားအရ လိုက်နာကျင့်သုံး အားထုတ်အပ်သည်မှာ အမှန်ဖြစ်၏။ သို့သော် လူတို့တွင် လွှမ်းမိုးထားသော လောဘ၊ မောဟ၊ ဒေါသ၊ မာန်မာနများကြောင့် လူ့ဘောင်လောကတွင် စိတ်မချမ်းမြေ့ဖွယ်ရာများ၊ အနိဋ္ဌာရုံများကို မကြာခဏ မြင်တွေ့ကြရခြင်းဖြစ်သည်။ အထူးသဖြင့် ကျွန်ုပ်တို့နိုင်ငံအတွက် မငြိမ်းချမ်းသော လက်နက်ကိုင်ပဋိပက္ခများ ရှည်လျားစွာဖြစ်ပေါ်ခဲ့ပြီး ငြိမ်းချမ်းရေးနှင့် မနီးသေးဖြစ်ရ၏။

ငြိမ်းချမ်းရေးသည် ပြည်သူအားလုံးအတွက် မျှော်လင့်ချက်ဖြစ်၍ မက်မက်မောမော တောင့်တကြ၏။ ငြိမ်းချမ်းရေး ရရှိအောင်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေကြ၏။ ငြိမ်းချမ်းရေးကို စကားဖက်၍ ဆွေးနွေးအဖြေရှာကြသလို ပြည်သူများ၏ဆန္ဒဖြင့် ဝိုင်းဝန်းလှုံ့ဆော်ပေးကြရ၏။ အမှန်တကယ်တွင် ငြိမ်းချမ်းရေးမှာ မိမိတို့စိတ်ခံစားမှုအပေါ်တွင်သာမူတည်သဖြင့် တရားဖက်၍လည်း အဖြေရှာ အားထုတ်ခြင်းဖြင့် ငြိမ်းချမ်းရေးခရီးမှာ ဖြောင့်ဖြူးစေမည်မှာ အမှန်ဖြစ်၏။

လူ့ဘောင်လောက ငြိမ်းချမ်းသာယာရေးမှာ စိတ်ခံစားချက် အပေါ်တွင် မူတည်သဖြင့် ငြိမ်းအေးလိုက် ပြန်ဖြစ်လိုက်နှင့် ခိုင်မြဲရန်မှာ မလွယ်ကူလှ။ သာမန်ညီညွတ်ရုံမျှဖြင့် ပြန်လည်ပျက်ပြယ်တတ်သည်ကို သတိမူရမည်ဖြစ်၏။ ညီညွတ်ရုံသာညီညွတ်၍ ညီညွတ်ခြင်းတရားကို ခိုင်မြဲအောင် အားမထုတ်ဘဲ ပေါ့ပေါ့ဆဆနေပါလျှင် ချမ်းသာသုခ ထာဝရငြိမ်းချမ်းမှုကို ခိုင်ခိုင်မြဲမြဲ ပိုင်ဆိုင်နိုင်လိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် တရားဒေသနာအရ ညီညွတ်ခြင်းတည်းဟူသော ငြိမ်းချမ်းသာယာခြင်းကို ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းစေသည့် သမ္မပ္ပဓာန် လေးပါးကို လေးလေးနက်နက် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်အပ်၏။

မိမိတို့၏ ကိုယ်စိတ်နှစ်ပါးတွင်ဖြစ်ပေါ်နေသော စိတ်ခံစားမှုတို့ကို ဓမ္မဖြင့် မပြတ်သတိကပ်၍ ရှုမှတ်ခြင်းအလုပ်ကို မပြတ်အားထုတ်ဖို့ဖြစ်၏။ သမ္မပ္ပဓာန်လေးပါး၏ ရည်ရွယ်ချက်မှာ လူတစ်ဦးတစ်ယောက်၏ လူသားမဆန်သော စိတ်ဆိုး၊ စိတ်ရိုင်းများကို အကောင်းဘက်မှ တိုးတက်လာအောင် ဖိနှိပ်ထားခြင်းဖြစ်သည်။ တစ်နည်းဆိုလျှင် လူ၏စိတ်သန္တာန်တွင် ကပ်ငြိနေသော အများပြည်သူ စိတ်နှလုံးမချမ်းမြေ့စေမည့် အပြုအမူအလုပ်အကိုင်များ မဖြစ်ပွားအောင် မပြုလုပ်မိအောင် သတိကပ်ထားနေခြင်းဖြစ်၏။

သို့ဖြစ်ရာ နိုင်ငံသူ နိုင်ငံသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြကာ ငြိမ်းချမ်းသာယာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်းရှိ လူ့ဘောင်လောကတွင် အစဉ်ထာဝရ ရပ်တည် နေထိုင်နိုင်ရေးအတွက် သမ္မပ္ပဓာန် လေးပါးကို တတ်နိုင်သမျှ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ကြရန် လေးစားစွာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။




## ပိတ်ဆို့ရှာဖွေ စစ်ဆေး

**လယ်ဝေး ဒီဇင်ဘာ ၁၁**

လယ်ဝေးမြို့မရဲစခန်းမှူး ဒု-ရဲမှူး အောင်ဇေယျာလင်းနှင့် တပ်ဖွဲ့ဝင်များသည် လယ်ဝေးမြို့သီရိရတနာဈေးရှေ့၌ အိတ်ဇောဖွင့်ဆိုင်ကယ်များအား စစ်ဆေး အရေးယူခြင်း၊ တုတ်၊ ဓား လက်နက် ကိုင်ဆောင်ခြင်း ရှိမရှိ ဆိုင်ကယ်တူးဘောက်များ ဖွင့်၍ စစ်ဆေးခြင်း၊ ယာဉ်/လမ်းစည်းကမ်း၊ လိုင်စင်မဲ့ယာဉ်များအား စစ်ဆေးခြင်းတို့ကို ဒီဇင်ဘာ ၈ ရက် ည ၈ နာရီမှ ၁၀ နာရီအထိ ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အစိုးရနှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်ရန်နှင့် ကုန်သည်၊ စက်မှုအသင်းချုပ်၏ ညီလာခံဆုံးဖြတ်ချက် ၁၇ ချက် ထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်သွားရန် အပါအဝင် ကုန်သည် စက်မှုအသင်းချုပ် ၂၀၁၇ ညီလာခံ၏ ဆုံးဖြတ်ချက် ၁၇ ချက်ကို ကုန်သည် စက်မှုအသင်းချုပ်က ထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်း ၁၇ ရပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် အသင်းချုပ်၏ ညီနောင်အသင်းများမှ ကိုယ်စားလှယ်များက ဒီဇင်ဘာ ၉ ရက်တွင် ကျင်းပခဲ့သည့် ကုန်သည်စက်မှုအသင်းချုပ် ညီလာခံတွင် သဘောတူဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်း ၁၇ ရပ်ကို အဓိကအားဖြင့် ပုဂ္ဂလိကကဏ္ဍအသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ စီးပွားရေးလုပ်ငန်းများ အားကောင်းခိုင်မာရေးနှင့် ဆက်သွယ်ပေါင်းစည်းမှုများ ဖွံ့ဖြိုးတိုးတက်ရေးဟူ၍ ကဏ္ဍသုံးရပ်ခွဲခြားနိုင်ပြီး ၎င်းတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ညီနောင်အသင်းများနှင့် လက်တွဲဆောင်ရွက်သွားမည်ဟု သိရသည်။




ယင်းအပြင် အဆိုပါညီလာခံတွင် ကုန်သည် စက်မှုအသင်းချုပ်၏ အကြံပေး ပုဂ္ဂိုလ်များဖြစ်သော ဒေါက်တာဦးမြင့်၊ ဒေါက်တာ အောင်ထွန်းသက်၊ ဒေါက်တာဇော်ဦး တို့က မြန်မာ့စီးပွားရေးကဏ္ဍ၏ လက်ရှိအခြေအနေ၊ ဖွံ့ဖြိုးမှုနှောင့်နှေးရခြင်း၏ အဓိကအကြောင်းရင်းများနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန် မြှင့်တင်နိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကိုယ်စားလှယ်များနှင့် စုစည်းဆွေးနွေးခဲ့ပြီး ဒေါက်တာဦးမြင့်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်တည်ဆောက်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ထံသို့ အကြံပြုချက် လေးချက် တင်ပြခဲ့သည်။

ကုန်သည်၊ စက်မှုအသင်းချုပ် အနေဖြင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရနှင့် နီးကပ်စွာလက်တွဲဆောင်ရွက်သွားရန်၊ ကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင်ဖော်ဆောင်ရန်နှင့် စစ်မှန်ထိရောက်သည့်အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းများ ပေါ်ပေါက်စေရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းနှိုးဆော်ရန်၊ AEC 2018 သဘောတူညီမှုများ၊ One-Belt, One – Road (OBOR), Look East- Act East မူဝါဒနှင့် မြန်မာနိုင်ငံ၏ ပထဝီအနေအထား စသည်တို့အား ဗျူဟာကျကျ အသုံးပြုခြင်းကို အစိုးရက ထိရောက်စွာ အသုံးချစေရေး တိုက်တွန်းရန် စသည့် အချက်များပါဝင်သည့် အချက် ၁၇ချက်ကို ထုတ်ပြန်ခဲ့သည်။

**ဆုနှင်းလဲ့**

## မင်းဘူးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မင်းဘူး ဒီဇင်ဘာ ၁၁**။ ။မင်းဘူး(စကု)မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဒီဇင်ဘာ ၉ ရက်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဝင်းနှင့် ဌာနဆိုင်ရာများက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ပိုက်သင်၊ ထိန်တော၊ မယ်ဘော့ကုန်းကျေးရွာတို့၌ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀၊ ပေါက်ကုန်းနှင့် ပုဂံစစ်ကျေးရွာတို့၌ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၀၊ ကမ်းနီကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၀ တို့ဖြင့် ဆောင်ရွက်သည့် ရွာအဝင်နှင့် ရွာတွင်းလမ်းများ မြေနီကျောက်စရစ်ခင်းခြင်း၊ နန်းတော်ကုန်းနှင့် ကျွဲသိုးမြောင်ကျေးရွာတို့၌ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀ ဖြင့် ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ ထုံးမကြီးကျေးရွာ၌ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀ ဖြင့် ရေကျော်တံတား တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ဖိုးပြည့် (မင်းဘူး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ရန်ကုန်(ရွှေဈေး) ၉၁၅၀၀၀ - ၉၁၅၀၀၀၊ မန္တလေး(ရွှေဈေး) ၉၁၅၀၀၀ - ၉၁၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၇၀/၇၈၅ ကျပ်၊ | ၈၂၅/၈၃၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၀ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၅/၇၉၀ ကျပ်၊ | ၈၆၅/၈၇၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၀/၇၀၈ ကျပ်၊ | ၈၄၅/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၀/၇၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၃၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၄.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၄.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၆.၀၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁.၈၁၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၃.၆၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၅၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၁.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၈၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၃.၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၈.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီလာခံသို့တက်ရောက်လာကြသည့် အာရှ-ပစိဖိတ်ဒေသတွင်း ၄၈ နိုင်ငံမှ ကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

☆ **ရှေ့ဖုံးမှ**

ကောင်းမွန်သည့် အတွေ့အကြုံများဖလှယ်ခြင်း၊ ဘက်စုံရေစီမံခန့်ခွဲမှုအတွက် အကြံဉာဏ်ကောင်းများ ဖော်ထုတ်ခြင်းတို့အတွက် အခွင့်အရေးကောင်းတစ်ခု ဖြစ်ပါကြောင်း။

**ပြုပြင်ရမည့်အချက်များ**

ကမ္ဘာပေါ်ရှိ လူဦးရေ ၁ ဒသမ ၇ ဘီလီယံသည် အခြေခံတစ်ကိုယ်ရေသန့်ရှင်းမှု ရရှိနိုင်ခြင်းမရှိပါကြောင်း၊ ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ခုနှစ်တွင် ၅ ဒသမ ၂ ဘီလီယံခန့်အထိ တိုးမြင့်လာမည်ဟု သုံးသပ်ရသည့်အတွက် ရေအရင်းအမြစ်မလုံလောက်မှုအပေါ် များစွာ စိုးရိမ်ဖွယ်ရာဖြစ်ပါကြောင်း၊ ၂၀၅၀ ခုနှစ်တွင် အာရှလူဦးရေ၏ ၃ ဒသမ ၄ ဘီလီယံခန့်သည် ရေနှင့်စပ်လျဉ်း၍ အခက်အခဲရှိသည့်နေရာများ၌ နေထိုင်ရလိမ့်မည်ဟု ခန့်မှန်းရပါကြောင်း။

အာရှ-ပစိဖိတ်ဒေသမှ လူဦးရေသန်း ၃၃၀ခန့်သည် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ အောက်သာရရှိသော အလုပ်များကို လုပ်ကိုင်နေရပြီး လူဦးရေသန်း ၃၀၀ ခန့်မှာ သန့်ရှင်းသော သောက်ရေရရှိခြင်း မရှိပါကြောင်း၊ ထို့အပြင် ဖန်လုံအိမ် အာနိသင်ဖြစ်ပေါ်စေသော ဓာတ်ငွေ့ထုတ်လွှတ်မှုသည် အခြားဒေသများနှင့် နှိုင်းယှဉ်လျှင် ပိုမိုများပြားလာကြောင်း အဆိုပါအချက်များသည် ဒေသတစ်ခုလုံးအတွက် ပြုပြင်ရမည့်အချက်များ ဖြစ်ပါကြောင်း။

**ထိထိရောက်ရောက်တုံ့ပြန်**

အာရှ-ပစိဖိတ်ဒေသသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ် အထူပြောဆုံး ဒေသဖြစ်ရာ ညီညွတ်မှုဖြင့် ကြံ့ကြံ့ခံတုံ့ပြန်ကြရန် တွန်းအားပေးသကဲ့သို့ ရှိပါကြောင်း၊ သို့ရာတွင် နိုင်ငံအသီးသီးမှ ကွဲပြားခြားနားသော အစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတွင်း နိုင်ငံများက စုစည်းညီညွတ်သော အစီအစဉ်များ ချမှတ်နိုင်မှသာလျှင် ရေနှင့်စပ်လျဉ်းသည့် သဘာဝဘေးအန္တရာယ်များကို ထိထိရောက်ရောက် တုံ့ပြန်နိုင်မည်ဖြစ်ပါကြောင်း။

လူတိုင်းအတွက် ရေသည် မရှိမဖြစ်လိုအပ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ရေကြောင့် ထိခိုက်ပျက်စီးမှုများကို လျှော့ချပြီး ရေကိုအခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် အချက်နှစ်ချက်ကို ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပထမအချက်မှာ ရေကိုအခြေခံသည့် စီးပွားရေးကို ဖန်တီးသွားရန် ဖြစ်ပါကြောင်း၊ ဒုတိယအချက်မှာ ရေနှင့်ဆက်နွှယ်သော သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲမှု၌ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

**အဓိကမောင်းနှင်အားဖြစ်**

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်များစွာရှိသည့်အပြင် ရေအားမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုလည်း များပြားပါကြောင်း၊ သို့ရာတွင် ရေအရင်းအမြစ်များပြားခြင်းသည် ရေသယံဇာတ ရှားပါးမှုမရှိဟုဆိုလိုခြင်း မဟုတ်ပါကြောင်း၊ လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာတွင် လုံလောက်သောရေမရရှိခြင်းဖြစ်ပါကြောင်း၊ အဓိကမှာ မိုးရွာသွန်းမှု မညီမျှခြင်း၊ ပြောင်းလဲလာသည့် ရေသယံဇာတ အခြေအနေများနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ဖြစ်ပါကြောင်း။

လူဦးရေ များပြားလာမှုနှင့် မြို့ပြဖွံ့ဖြိုးလာမှုတို့ကြောင့်လည်း မြန်မာနိုင်ငံ၏ မြို့များတွင် ရေလိုအပ်ချက်မြင့်မားလာပါကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ကျေးရွာအခြေပြု စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းတို့ကြောင့်လည်း ကျေးလက်ဒေသများတွင် ရေလိုအပ်ချက် မြင့်တက်လာပါကြောင်း၊ အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များကြောင့်လည်း မြန်မာနိုင်ငံ၏ ရေသယံဇာတ အရင်းအမြစ်များအပေါ် ဖိအားများ ဖြစ်ပေါ်လာပါကြောင်း၊ ရေရရှိရန်အတွက် စွမ်းအင်လိုအပ်သကဲ့သို့ စွမ်းအင်ထုတ်ယူရန်အတွက်လည်း ရေလိုအပ်ပါကြောင်း၊ အစားအစာဖူလုံရေးသည်လည်း ရေနှင့် စွမ်းအင်ရရှိနိုင်မှုအပေါ် မူတည်လျက်ရှိပါကြောင်း၊ ရေသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည်မှာ ထင်ရှားလာပါကြောင်း။

မြန်မာနိုင်ငံသည် Myanmar National Water Law ကို ကမ္ဘာ့ဘဏ်အကူအညီဖြင့် ရေးဆွဲလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသား ရေအရင်းအမြစ်ကော်မတီသည် ရေအခြေခံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေကြောင့်ဖြစ်ပေါ်သော ဘေးအန္တရာယ်များ လျှော့ပါးရေးဟူသည့် အရေးကြီးသည့် တာဝန်ကြီးနှစ်ရပ်ကို ထမ်းဆောင်လျက်ရှိပါကြောင်း။

**ရရှိနိုင်မည်ဟုယုံကြည်**

အစိုးရအနေဖြင့် ရေနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေးအတွက် လုံခြုံရေးကောင်းမွန်မှုရှိစေရန်နှင့် လိုအပ်သည့် မူဝါဒ၊ ဥပဒေမူဘောင်များ ဖွံ့ဖြိုးစေရန်တို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပါကြောင်း။

ယခု ရေညီလာခံမှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် အနာဂတ်မူဝါဒ လမ်းပြမြေပုံအတွက် ရေသယံဇာတဖူလုံမှုဆိုင်ရာ အရေးကြီးသည့် ဆွေးနွေးညှိနှိုင်းချက်များ ရရှိနိုင်မည်ဟုယုံကြည်ပါကြောင်း၊ ပါဝင်ပတ်သက်သူအားလုံး၏ နိုင်ငံရေးဆန္ဒ၊ အားပေးကူညီမှုတို့ကြောင့် အာရှနှင့် ပစိဖိတ်ဒေသတွင်း ရေသယံဇာတဖူလုံမှုကို အောင်မြင်စွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုရူးသမ္မတနိုင်ငံသမ္မတ (President of the Republic of Nauru ) H.E.Mr. Baron Waqa နှင့် President of the APWF Mr.Yoshiro Mori ကိုယ်စား Vice President of Japan Water Forum Mr. Yoshinori Imai တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

**ကိုယ်စားလှယ် ၆၀၀ ခန့် တက်ရောက်**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညီလာခံသို့ တက်ရောက်လာကြသည့် အာရှ- ပစိဖိတ်ဒေသတွင်း ၄၈ နိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို နှစ်ရက်တာကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ကိုယ်စားလှယ် ၆၀၀ ခန့် တက်ရောက်ကြသည်။

ပထမအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို ဂျပန်နိုင်ငံ၌လည်းကောင်း၊ ဒုတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို ထိုင်းနိုင်ငံ၌လည်းကောင်း ကျင်းပခဲ့ပြီး ယခုတတိယအကြိမ်မြောက် ရေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။ **သတင်းစဉ်**

# (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၁၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည့် (၁၇)ကြိမ်မြောက် အရှေ့တောင် အာရှ နိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပသည်။

အစည်းအဝေးတွင် (၁၇)ကြိမ်မြောက် အရှေ့တောင် အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံကျင်းပနိုင်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက အမှာစကား ပြောကြားသည်။ ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အစည်းအဝေးကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စာတမ်းစိစစ်ရေးနှင့် ဆွေးနွေးပွဲကျင်းပရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ စည်းရုံးလှုံ့ဆော်ရေးနှင့် သတင်းပြန်ကြားရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ပြခန်းနှင့် အမှတ်တရပစ္စည်းများ ခင်းကျင်းရောင်းချရေး ဆပ်ကော်မတီ၊ ရန်ပုံငွေရှာဖွေရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပုံနှိပ်ထုတ်ဝေရေးဆပ်ကော်မတီ၊ စေတနာ့ဝန်ထမ်းဆိုင်ရာ ဆပ်ကော်မတီနှင့် အတွင်းရေးမှူးရုံးအဖွဲ့တို့မှ တာဝန်ရှိသူများက ၎င်းတို့လုပ်ဆောင်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**



# အားကစားပွဲတော်များအတွက် လာဘ်ကောင်အရုပ် ရွေးချယ်ပွဲ ဂျပန်မူလတန်းကျောင်းများ၌ ကျင်းပ

**ဖူကူရိုးမား ဒီဇင်ဘာ ၁၁**

၂၀၂၀ ပြည့်နှစ် တိုကျို အိုလံပစ် အားကစားပွဲတော်နှင့် မသန်စွမ်းသူများ၏ အား ကစားပွဲတော်တို့အတွက် လာဘ်ကောင် အရုပ်များ ရွေးချယ်နိုင်ရန် ဂျပန်နိုင်ငံတစ်ဝန်းရှိ အခြေခံပညာမူလတန်းကျောင်းများ၌ မဲပေးပွဲများ စတင်ပြုလုပ်ပြီဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက ဒီဇင်ဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အားကစားပွဲတော်များအတွက် အထိမ်းအမှတ်လာဘ်ကောင်အရုပ်များ ရွေးချယ်ရာတွင် ကလေးသူငယ်များ၏ဆန္ဒဖြင့် ရွေးချယ်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ မူလတန်းကျောင်းများ၌ ကလေးများ၏ဆန္ဒသဘောထားကိုထုတ်ဖော်ခွင့်ပေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် တိုကျို အိုလံပစ် အားကစားပွဲတော်နှင့် မသန်စွမ်းသူများ၏ အားကစားပွဲတော်တို့အတွက် လာဘ်ကောင် အရုပ်နှစ်မျိုးကို အဆိုပြုထားသော ရုပ်ပုံသုံးမျိုး အနက်မှ ကလေးငယ်များက ရွေးချယ်ပေးရမည်ဖြစ်သည်။ ကလေးငယ်များသည် မဲပေးပွဲမစတင်မီ ကြိုတင်၍ မဲဆန္ဒရှင်အဖြစ် မှတ်ပုံတင်ကြရပြီး ဒီဇင်ဘာ ၁၁ ရက်မှ ဖေဖော်ဝါရီ ၂၂ ရက်အထိ ခွင့်ပြုကာလအတွင်း မူလတန်းကျောင်းများအလိုက် ကျင်းပသည့် ဆန္ဒခံယူပွဲများတွင် မဲပေးကြရမည်ဖြစ်သည်။

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ဖူကူရိုးမားမြို့ရှိ အခြေခံပညာ မူလတန်းကျောင်းတစ်ကျောင်းတွင် ဒီဇင်ဘာ ၁၁ ရက်က အားကစားပြိုင်ပွဲနှစ်ခုအတွက် လာဘ်ကောင်အရုပ် ရွေးချယ်နိုင်ရေးအတွက် ကလေးသူငယ်များအား ဆွေးနွေးစေရာတွင် မီဒီယာများကို သတင်းရယူခွင့်ပေးခဲ့သည်။

ဆဋ္ဌမတန်း ကျောင်းသား ကျောင်းသူများက အားကစားပွဲတော်များ၏အရေးပါပုံ၊ လာဘ်ကောင်ရုပ်များ၏ အခန်းကဏ္ဍတို့နှင့် ပတ်သက်၍ ဆရာ ဆရာမများရှေ့မှောက်တွင် ဆွေးနွေးပြောဆိုခဲ့ကြသည်။

အဆိုပြုထားသော လာဘ်ကောင်အရုပ်များကို လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ထုတ်ပြန်ကြေညာပေးခဲ့ပြီးဖြစ်သည်။

စာသင်ခန်းအတွင်း အားတက်သရော အကြိတ်အနယ် ဆွေးနွေးမှု ပြုလုပ်စေပြီးနောက် ဂျပန်လူမျိုးတို့၏ ယဉ်ကျေးမှုအရ လာဘ်ကောင်းစေနိုင်သည်ဟု ယူဆရသော လာဘ်ကောင်အရုပ်များအနက်မှ အရုပ်တစ်ရုပ်စီကို ကလေးများကိုယ်တိုင် ရွေးချယ်စေသည်။ **ကျိုဒို**




# ကယ်လီဖိုးနီးယားတောမီး ကမ်းရိုးတန်းဒေသသို့ဦးတည်

**ဆန်တာဘာဘရာ ဒီဇင်ဘာ ၁၁**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်တွင် ပျံ့နှံ့လောင်ကျွမ်းနေသည့် တောမီးသည် လတ်တလောတွင် အဆောက်အအုံ ၈၀၀ ကျော်ကို လောင်မြိုက်ဖျက်ဆီးခဲ့ပြီး သစ်တောမြေဧရိယာ ဧက ၅၆၀၀၀ ခန့်အထိ ပျံ့နှံ့လောင်ကျွမ်းကာ ကယ်လီဖိုးနီးယားပြည်နယ်သမိုင်းတွင် ပဉ္စမမြောက်အကြီးကျယ်ဆုံး တောမီးကြီးဖြစ်လာခဲ့သည်။ ၎င်းတောမီးကြီးသည် သဘာဝရှုခင်းလှပသော ကမ်းခြေဒေသ မြို့များဆီသို့ ဦးတည်လောင်ကျွမ်းနေသည်။

ယင်းတောမီးကြီးသည် ဆိုးရွားသောတောမီးဖြစ်ကြောင်း၊ သို့သော် မိမိတို့က တောမီးကြီးကို ထိန်းချုပ်နိုင်ရေးအတွက် လုံ့လဝီရိယကြီးစွာ ကြိုးပမ်းနေကြောင်း ဆန်တာဘာဘရာ စီရင်စုငြိမ်ဝပ်ပိပြားရေးအရာရှိ ဘီလ်ကရောင်းက ညနေခင်းသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကယ်လီဖိုးနီးယားပြည်နယ် မြို့တော် လော့စ်အိန်ဂျလိစ်၏ အနောက်မြောက်ဘက်မိုင် ၁၀၀ အကွာရှိ ဆန်တာဘာဘရာမြို့အနီးရှိ လူနေရပ်ကွက်နှစ်ခုတွင် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ဒေသခံများအား အမိန့်ထုတ်ဆင့်ထားပြီး ဒေသခံဦးရေ ၅၀၀၀ ခန့်ယခုထိ ကျန်ရှိနေသေးသည်။ ယင်းဒေသရှိ လူနေအိမ်ခြေ ၁၅၀၀၀ ခန့်မှာ တောမီး အန္တရာယ်ခြိမ်းခြောက်မှု ခံနေရဖွယ်ရှိသည်။ **ဆင်ဟွာ**

# ပြည်သူတို့အား အကြမ်းဖက်တိုက်ခိုက်မှု ချက်ချင်း အသိပေးနိုင်ရန် မဲလ်ဘုန်းမြို့၌ အသံချဲ့စက်များတပ်ဆင်





**ဆစ်ဒနီ ဒီဇင်ဘာ ၁၁**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ပြည်သူလူထုအား ချက်ချင်းအသိပေးနိုင်ရန် ရည်ရွယ်လျက် ဒီဇင်ဘာ ၁၁ ရက်မှ စတင်ကာ အသံချဲ့စက်များ တပ်ဆင်နေကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ယခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေး အစီအစဉ်များအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော စီမံချက်အရ မြို့၏စီးပွားရေးအချက်အချာနေရာများတွင် စောင့်ကြည့်ရေးကင်မရာများ တပ်ဆင်ခြင်းအပါအဝင် လမ်းသွားလမ်းလာ များပြားသည့်နေရာများသို့ ကားများ ဝင်ရောက်လာခြင်းမှ ကာကွယ်ရန် ပလက်ဖောင်းအတားအဆီးများ တည်ဆောက်မည် ဖြစ်သည်။

ထူးခြားဖြစ်စဉ်တစ်ခုဖြစ်ပွားသည့်အခါ အန္တရာယ်ရှိသောဖြစ်ရပ် ဟုတ်၊ မဟုတ် အသံချဲ့စက်မှတစ်ဆင့် ပြည်သူလူထုကို သတိပေးအကြောင်းကြားပေးသွားမည်ဖြစ်ကြောင်း ဗိတိုရိယပြည်နယ် ရဲမှူးကြီး ပက်တန်က မီဒီယာသို့ ပြောကြားသည်။

ရဲတပ်ဖွဲ့က နှစ်သစ်ကူးပွဲတော်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယင်းသတိပေးစနစ်၏ ပထမဆုံး စမ်းသပ်မှုကို ဒီဇင်ဘာ ၂၈ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။ **ဆင်ဟွာ**

# အိုင်အက်စ် အကြမ်းဖက်သမားတို့အပေါ် အောင်ပွဲခံသည့် စစ်ရေးပြအခမ်းအနား ဘဂ္ဂဒက်တွင် ကျင်းပ



**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၁**

အီရတ်နိုင်ငံရှိ အစ္စလာမ့်စ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) စစ်သွေးကြွများအပေါ် နောက်ဆုံးအောင်ပွဲရမှု အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို အီရတ်တပ်မတော်က ဒီဇင်ဘာ ၁၀ ရက်တွင် မြို့တော်ဘဂ္ဂဒက်ရှိ လုံခြုံရေးထူထပ်စွာ ချထားသည့် အစိမ်းရောင်ဇုန်အတွင်း၌ ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

**နားထောင်**

အီရတ်လက်နက်ကိုင်တပ်ဖွဲ့များ၏ ဦးစီးချုပ်ဖြစ်သူ ဝန်ကြီးချုပ်အဘာဒီက ကုရ်အာန်ကျမ်းပါ အောင်ပွဲကိုဖွင့်ဆိုသော စာပိုဒ်ရွတ်ဖတ်မှုကို တည်ငြိမ်လေးနက်စွာ နားထောင်ခဲ့သည်။

အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)လက်တွင် နောက်ဆုံးကျန်ရှိနေသည့်ဒေသဖြစ်သည့် ဆီးရီးယားနယ်စပ်အနီးရှိနယ်မြေကို အီရတ်အစိုးရတပ်ဖွဲ့များက ဒီဇင်ဘာ ၉ ရက်တွင် ပြန်လည်သိမ်းယူခဲ့ပြီး အနောက်ဘက်ပိုင်းရှိ သဲကန္တာရကို လုံခြုံမှုရစေခဲ့သည်။ ယင်းသို့ အောင်ပွဲရရှိခြင်းသည် လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း အီရတ်အစိုးရကို ဆန့်ကျင်တိုက်ခိုက်ကာ နိုင်ငံပိုင်နက်နယ်မြေ၏ သုံးပုံတစ်ပုံကို သိမ်းယူထားခဲ့သည့် အိုင်အက်စ်တို့နှင့် ဖြစ်ပွားနေသည့် စစ်ပွဲကို အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

**ပြောက်ကျား**

အိုင်အက်စ်တို့၏တိုက်ခိုက်နေမှုများသည် ပြောက်ကျားစစ်ပွဲအသွင်သို့ ပြောင်းလဲသွားနိုင်သည်ဟု မျှော်လင့်ရသည်။

**ထုတ်လွှင့်**

ဒီဇင်ဘာ ၁၀ ရက်တွင် ပြုလုပ်သော အောင်ပွဲ ခံစစ်ရေးပြအခမ်းအနားကို အီရတ်အစိုးရ ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည်။ ဒီဇင်ဘာ ၁၀ ရက်ကို အီရတ်အမျိုးသား အားလပ်ရက်အဖြစ် ဝန်ကြီးချုပ်အဘာဒီက ကြေညာခဲ့ပြီး ဘဂ္ဂဒက်မြို့ကောင်းကင်ယံ၌ အီရတ်လေတပ်မှ ဂျက်တိုက်လေယာဉ်များက သရုပ်ပြပျံသန်းခဲ့ကြသည်။

**ဆင်ဟွာ**

# ဂျမ္မူးနှင့် ကက်ရှ်မီးယား နယ်ခြားဒေသအနီး ကတုတ်ကျင်းများ တည်ဆောက်မည်

**ဂျမ္မူး ဒီဇင်ဘာ ၁၁**

အိန္ဒိယနိုင်ငံ ဂျမ္မူးနှင့် ကက်ရှ်မီးယားပြည်နယ် ကာသူယာခရိုင် ဟီရန်နာဂိုစီရင်စုရှိ နိုင်ငံတကာ နယ်ခြားဒေသအနီး၌ ဒေသခံပြည်သူများအား နယ်စပ်ဖြတ်ကျော် ပစ်ခတ်မှုဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်စေရေးအတွက် တစ်သီးပုဂ္ဂလခိုအောင်းနိုင်သော ကတုတ်ကျင်းများနှင့် ရပ်ရွာလူထု ခိုအောင်းနိုင်သော ကတုတ်ကျင်းများကို တည်ဆောက်သွားမည်ဖြစ်ကြောင်း အထက်တန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နယ်စပ်ဒေသ၌ နေထိုင်ကြသူများ၊ ၎င်းတို့၏ မွေးမြူရေးတိရစ္ဆာန်များကို နယ်စပ်ဖြတ်ကျော်ပစ်ခတ်မှု ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရေးအတွက် ဟီရန်နာဂါ စီရင်စု၌ တစ်သီးပုဂ္ဂလ ကတုတ်ကျင်း ၁၉၀၀၀၊ ရပ်ရွာလူထု အသုံးပြုနိုင်သော ကတုတ်ကျင်း ၄၇၀၀ စုစုပေါင်း ကတုတ်ကျင်း ၂၃၀၀၀ ကျော်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဂျစ်တန်ဒရာဆင်းက ကာသူယာခရိုင်၌ ကျင်းပသော အခမ်းအနားတစ်ရပ်တွင် ပြောကြားသည်။

ဗဟိုအစိုးရအဖွဲ့သည် မြို့ပြဒေသများ စည်ပင်တိုးတက်ရေးအတွက်သာမက နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေး စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိကြောင်း ဝန်ကြီး ဂျစ်တန်ဒရာဆင်းက ပြောကြားသည်။ **ပီတီအိုင်**

## အကြိမ်(၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ် (၇၀) မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာမဟာသဘင်ခန်းမ၌ ၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၉ ရက် (၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်) အင်္ဂါနေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ အာဂုံပြန်ဆိုပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၈ ရက်အထိ လည်းကောင်း၊ သဘောရေးဖြေပွဲကို ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ လည်းကောင်း သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။


အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်များ၊ စာပြန်၊ စာဖြေသံဃာတော်များ စုစုပေါင်း ၃၅၆ ပါးခန့် ကြွရောက်မည်ဖြစ်ပါသဖြင့် သံဃာတော်များ ဝေယျာဝစ္စအတွက် အလှူတော်ငွေများ လှူဒါန်းလိုပါက ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်မုခ်တွင် အလှူခံမဏ္ဍပ် ဖွင့်လှစ်ထားရှိပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁)ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံ အစည်းအဝေးဖွင့်ပွဲနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရိစ်မြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် (၁၁)ကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဝန်ကြီးအဆင့်ညီလာခံ အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၉ ရက် နံနက်တွင် LDC Trade Ministers Meeting သို့ တက်ရောက်ကာ အဆိုပါအစည်းအဝေးတွင် LDC နိုင်ငံများ၏ ဝန်ကြီးများမှ LDC နိုင်ငံများသို့ အထူးအခွင့်အရေး ပေးရမည့်ကိစ္စရပ်များ၊ ယခင်ဝန်ကြီးအဆင့် ညီလာခံအစည်းအဝေးများမှ ရလဒ်များကို အပြည့်အဝ လိုက်ပါအကောင်အထည်ဖော်ပေးရေး ကိစ္စရပ်များ၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံစုံကုန်သွယ်မှုစနစ်တွင် LDC နိုင်ငံများအနေဖြင့် ပိုမိုပါဝင်ဆောင်ရွက်လာနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် LDC နိုင်ငံများနှင့် အတူ ပူးပေါင်းဆောင်ရွက်နေမှုများ၊ ကမ္ဘာ့ကုန်သွယ်ရေးတွင် LDC နိုင်ငံများ၏ ကုန်သွယ်မှုကဏ္ဍ တိုးတက်ပါဝင်နိုင်မည့် အလားအလာများနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ညနေပိုင်းတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် LDC နိုင်ငံများအတွက် နိုင်ငံစုံကုန်သွယ်မှုစနစ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်သည့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အကူအညီပေးမှုဆိုင်ရာ အစီအစဉ်မှ ဦးဆောင်ကျင်းပသည့် EIF High-Level Dialogue သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ အလှူရှင်နိုင်ငံများနှင့် LDC နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးများ၊ EIF အစီအစဉ်၏ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ထို့အတူ ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Friends of Investment Facilitation for Development (FIFD) အဖွဲ့ဝင် တရုတ်နိုင်ငံက ဦးဆောင်ကျင်းပသော Ministerial Breakfast Meeting on Investment Facilitation for Development သို့ တက်ရောက်ကာ Investment Facilitation ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ နေ့လယ်ပိုင်းတွင် အိန္ဒိယနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Suresh Prabhu က အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရိစ်မြို့ရှိ Sheraton Hotel ၌ တည့်ခင်းဧည့်ခံသော နေ့လယ်စာ စားပွဲသို့ လည်းကောင်း၊ ညနေပိုင်းတွင် Buenos Aries Convention Centre ၌ ကျင်းပသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် ဝန်ကြီးအဆင့် ညီလာခံ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ လည်းကောင်း တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၄ နိုင်ငံမှ ကိုယ်စားလှယ်များ၊ လေ့လာသူအဆင့် နိုင်ငံများမှကိုယ်စားလှယ်များ၊ မိတ်ဖက်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ သတင်းမီဒီယာအဖွဲ့များအပါဝင် စုစုပေါင်း ကိုယ်စားလှယ် ၃၀၀၀၀ ကျော် တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံ အစည်းအဝေးသို့ တက်ရောက်နေစဉ်အတွင်း ကုန်သွယ်ဖက်နိုင်ငံများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ ဆက်စပ်အစည်းအဝေးများ၊ တွေ့ဆုံဆွေးနွေးပွဲများသို့ ဆက်လက်တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါင်းတည်မြို့နယ်၌ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးနှံ

**ပေါင်းတည် ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် ပြည်သူလူထုအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးခြင်းကို ယနေ့နံနက်မှ စတင်၍ တစ်မြို့နယ်လုံးရှိ ရပ်ကွက်၊ ကျေးရွာများရှိ ဆေးထိုးစုရပ်အသီးသီးတို့တွင် စတင်ထိုးနှံပေးကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းတွင် တစ်မြို့နယ်လုံးရှိ အသက်ကိုးလမှ ငါးနှစ်အတွင်း ကလေးဦးရေ ၈၂၇၅ ဦးနှင့် ယခင်အပတ်က ဆေးထိုးရန် ကျန်ရှိသော ကလေး ၈၃၂ ဦးအား စုရပ် ၂၀၄ ခုတွင် ဆေးထိုးအဖွဲ့ ၄၄ ဖွဲ့ဖြင့် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ရာနှုန်းပြည့် ပြည့်မီအောင် ထိုးနှံသွားမည်ဖြစ်ကြောင်း သိရပြီး ပြီးခဲ့သည့် နိုဝင်ဘာလ နောက်ဆုံးပတ်က ပေါင်းတည်တစ်မြို့လုံးတွင် ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံခြင်းကို ကျောင်းပေါင်း ၁၆၆ ကျောင်းတွင် ၁၆၁၈၃ ဦးအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်အား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ အတည်ပြုခန့်ထားခြင်းနှင့် ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးကျော်ကျော်ဟန် ညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ် သုတေသန၊ သတင်းပြန်ကြားရေးနှင့် တိုင်ကြားစာများဌာနကြီး နိုင်ငံတော်သမ္မတရုံး |
| (ခ) ဒေါ်သန်းသန်းဆွေ ညွှန်ကြားရေးမှူးချုပ် စာရင်းဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဂ) ဒေါ်မြင့်မြင့်ကြည် ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌရုံး မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ် စာရင်းဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဃ) ဦးဝင်းသော် ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌရုံး မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးနီအောင် | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) ပါမောက္ခ ဒေါက်တာထင်ဇော်စိုး | ပါမောက္ခချုပ် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးနိုင်ဆွေဦး ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး နိုင်ငံတော်သမ္မတရုံး |
| (ခ) ဦးခင်မောင်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး နိုင်ငံတော်သမ္မတရုံး |
| (ဂ) ဦးမောင်မောင်အုန်း ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ် အိမ်တော်များဌာနကြီး နိုင်ငံတော်သမ္မတရုံး |
| (ဃ) ဦးဝင်းနိုင်ထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ် လုံခြုံရေးအရာရှိချုပ်ဌာနကြီး နိုင်ငံတော်သမ္မတရုံး |

# မြန်မာနိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ

**ကျော်စိန်(ဇလွန်)**

***(ယမန်နေ့မှအဆက်)***

၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်မှ နယ်စပ်ဒေသများနှင့် ကရင်နီနယ် (ကယားပြည်နယ်) အပါအဝင် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ နိုင်ငံသားအားလုံးသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော မြန်မာနိုင်ငံကို အခိုင်အခံ့ အညီအညွတ် တည်ထောင်ရန် သန္နိဋ္ဌာန်ချ၍လည်းကောင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလ တရားများကို အခြေပြုကာ လူသတ္တဝါ ခပ်သိမ်းတို့၏ ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းရန် သန္နိဋ္ဌာန်ချ၍လည်းကောင်း စသည်ဖြင့် ဥပဒေနိဒါန်းဖြင့် ဖော်ကျူးကာ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုနိုင်ခဲ့ပါသည်။ ထိုသို့ အတည်ပြုပြီးနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့စွဲဖြင့် သမ္မတအိမ်တော်၏ ကြေညာချက်ထုတ်ပြန်၍ နိုင်ငံတော် ယာယီသမ္မတ စဝ်ရွှေသိုက်က ဤပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအား ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အာဏာတည်ရမည်ဟု ကြေညာခဲ့သည်။

ထို ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ နိုင်ငံတော်အကြီးအကဲမှာ သမ္မတဖြစ်ပြီး အစိုးရအဖွဲ့အကြီးအကဲမှာ ဝန်ကြီးချုပ်ဖြစ်သည်။ အစိုးရပုံစံမှာ ပါလီမန်စနစ်ဖြစ်သည်။ ဥပဒေပြုအဖွဲ့တွင် လွှတ်တော်နှစ်ရပ်ရှိပြီး ပါတီစုံစနစ်၊ ပြည်ထောင်စုစနစ် ကျင့်သုံးခဲ့သည်။ ထိုအခြေခံဥပဒေ ပုဒ်မ ၂၁၆ တွင် မြန်မာဘာသာသည် ရုံးသုံးဘာသာဖြစ်ရမည်။ သို့ရာတွင် အင်္ဂလိပ်ဘာသာကိုလည်း သုံးခွင့်ပြုနိုင်သည်ဟု ပါရှိသည်။ ထိုအခြေခံဥပဒေ၏ သက်တမ်းမှာ လွတ်လပ်ရေး ရရှိသည့် ၄-၁-၁၉၄၈ ရက်နေ့မှ ၂-၃-၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ မတက်မီကာလအထိ ဖြစ်သည်။

ထိုအခြေခံဥပဒေ ပုဒ်မ ၂၂၆၊ ပုဒ်မခွဲ (၁) ပါ **“လက်ရှိ တရားဥပဒေများသည် ဤအခြေခံဥပဒေနှင့် မညီမညွတ် မဖြစ်သည်အထိလည်းကောင်း၊ ဤအခြေခံဥပဒေနှင့် မဆန့်ကျင်လျှင်လည်းကောင်း၊ ထိုလက်ရှိ တရားဥပဒေများကို ဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ဥပဒေပြုပိုင်ခွင့်ရှိသော ဥပဒေပြုအဖွဲ့ကသော်လည်းကောင်း၊ ထိုကဲ့သို့သော အာဏာပိုင်ကသော်လည်းကောင်း မရုပ်သိမ်းသေးသမျှ သို့တည်းမဟုတ် မပြင်သေးသမျှ ဆက်လက်၍ အာဏာတည်စေရမည်”** ဟူသော ပြဋ္ဌာန်းချက်အရ ယခင် ခေတ်အဆက်ဆက်မှ တည်ဆဲဥပဒေများသည် ဆက်လက်၍ အာဏာတည်ခဲ့သည်။

အဆိုပါ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ အခန်း (၁၁)၊ ပုဒ်မ ၂၀၉ (၃) တွင် လွှတ်တော်နှစ်ရပ်ရှိ အမတ်များအနက် သုံးပုံ နှစ်ပုံအောက် မလျော့သော အမတ်များက ထောက်ခံမဲပေးမှသာလျှင် ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုကြောင်း ပါရှိသဖြင့် ပြင်ဆင်ရန် ခက်ခဲသော အခြေခံဥပဒေဟု ဆိုနိုင်သော်လည်း ၁၉၇၄ ခုနှစ် အခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေကဲ့သို့ ပြည်လုံးကျွတ်ဆန္ဒခံယူရန် မပါရှိသဖြင့် ပြင်ဆင်ရန် လွန်စွာခက်ခဲသော အခြေခံဥပဒေမျိုးတွင် မပါရှိပါ။

၁၉၄၇ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၂၃၀ တွင် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှုအက်ဥပဒေမှ ၁၉၄၇ ခုနှစ် အခြေခံဥပဒေသို့ ကူးပြောင်းဆဲကာလတွင် ပေါ်ပေါက်လာသော အခက်အခဲများကို ဖယ်ရှားရန် နိုင်ငံတော်သမ္မတက အမိန့်ထုတ်ပြန်၍ ကာလအပိုင်းအခြား ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်းများကို လွှတ်တော်နှစ်ရပ်၏ သဘောတူညီချက်ဖြင့် ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းပါရှိသည်။ ထို့ပြင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ ပုံနှိပ်အမှားအယွင်းများနှင့် မူကို မထိခိုက်စေသည့် အမှားအယွင်းများကို ပြင်ဆင်ရန် တိုင်းပြည်ပြုလွှတ်တော်က ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုသည့် ၂၄-၉-၄၇ ရက်နေ့တွင်ပင် လွှတ်တော်ဥက္ကဋ္ဌအား ပြင်ဆင်ခွင့်အာဏာပေးခဲ့သည်။

> **“၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ အခန်း(၁၁)၊ ပုဒ်မ ၂၀၉ (၃)တွင် လွှတ်တော်နှစ်ရပ်ရှိ အမတ်များအနက် သုံးပုံနှစ်ပုံအောက် မလျော့သော အမတ်များက ထောက်ခံမဲပေးမှသာလျှင် ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုကြောင်းပါရှိသဖြင့် ပြင်ဆင်ရန် ခက်ခဲသော အခြေခံဥပဒေဟု ဆိုနိုင်သော်လည်း ၁၉၇၄ ခုနှစ် အခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေကဲ့သို့ ပြည်လုံးကျွတ် ဆန္ဒခံယူရန် မပါရှိသဖြင့် ပြင်ဆင်ရန် လွန်စွာခက်ခဲသော …”**

၁၉၄၇ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလမှ ၁၉၅၁ ခုနှစ် မတ်လအထိ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၂၃၀ အရ လွှတ်တော်ဥက္ကဋ္ဌ၏ ပြင်ဆင်ရန် အဆိုပြုချက်ကို လွှတ်တော်၏ အတည်ပြုချက်အရ ငါးကြိမ်နှင့် တိုင်းပြည်ပြုလွှတ်တော်က ပုဒ်မ ၂၃၀ နှင့် အကျုံးမဝင်သည့် ပြင်ဆင်ချက် တစ်ကြိမ်၊ စုစုပေါင်း ခြောက်ကြိမ် ပြင်ဆင်ခဲ့သည်။ ထိုပြင်ဆင်ချက်များမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် အက်ဥပဒေဖြင့် ပြင်ဆင်ခြင်းမပြုဘဲ လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ရန် အဆိုပြုချက်အပေါ် တိုင်းပြည်ပြုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခဲ့ကြောင်း အောက်ပါအတိုင်း လေ့လာသိရှိရသည်-

(က) ပုဒ်မ ၂၃၀ အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ထိုသို့ အခွင့်အာဏာ ပေးအပ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် ၁၉၄၇ ခုနှစ် ဒီဇင်ဘာလက တင်သွင်းသည့် အဆိုတစ်ရပ်ကို အတည်ပြုခဲ့သည်။ ယင်းကဲ့သို့ အတည်ပြုချက်အရ အောက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မများပါ အချို့သော စာသားများ၊ မြန်မာစာမူနှင့် အင်္ဂလိပ်စာမူ ကွဲလွဲချက်များနှင့် ရွေးကောက်ပွဲကျင်းပရမည့် ကာလများကို ပြင်ဆင်ခဲ့သည် -

(၁) ပုဒ်မ ၆၄ (၁) ပါ **“မစွမ်းမဆောင်နိုင်သောအခါ၊ ထိုအခါမျိုးတွင်”** ဟူသော စကားရပ်အစား **“မစွမ်းမဆောင်နိုင်သောအခါ မည်သည့်အခါ၌မဆို မြန်မာနိုင်ငံတော်သမ္မတ ရာထူးလစ်လပ်သောအခါ၊ ထိုအခါမျိုးတွင်”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးခြင်း၊

(၂) ပုဒ်မ ၆၅ အင်္ဂလိပ်စာမူပါ "**Union Parliament**" အစား "**Parliament**" ဟု ပြင်ဆင်ခြင်း၊

(၃) ပုဒ်မ ၇၅ အင်္ဂလိပ်စာမူပါ "**Requirements**" အစား "**the Requirements**" ဟု ပြင်ဆင်ခြင်း၊

(၄) ပုဒ်မ ၉၂ (၁) ပါ **“ပြည်ထောင်စု ပါလီမန်”**အစား **“ပါလီမန်”** ဟု ပြင်ဆင်ခြင်း၊

(၅) ပုဒ်မ ၁၁၄ ပဉ္စမစာကြောင်းပါ **“မြန်မာနိုင်ငံတော်သမ္မတသည်”** ဆိုသည့်စကားရပ် ပယ်ဖျက်ခြင်း၊

(၆) ပုဒ်မ ၁၆၄ (၁) အဆုံးတွင် **“သို့တည်းမဟုတ် တင်သွင်းစေရမည်”** ဆိုသည့်စကားရပ် ဖြည့်စွက်ခြင်း၊

(၇) ပုဒ်မ ၁၇၇ (၁) အဆုံးတွင် **“သို့တည်းမဟုတ် တင်သွင်းစေရမည်”** ဆိုသည့် စကားရပ်ဖြည့်စွက်ခြင်း၊

(၈) ပုဒ်မ ၁၈၆ (၂) နောက်ဆုံးစာကြောင်းတွင် **“လွှတ်တော်၏”** အစား **“လွှတ်တော်ချုပ်”** ဟု ပြင်ဆင်ခြင်းနှင့် ပုဒ်မခွဲ (၃) ဒုတိယစာကြောင်းပါ **“တရားလွှတ်တော်က”** အစား **“တရားလွှတ်တော်ချုပ်က”** ဟု ပြင်ဆင်ခြင်း၊

(၉) ပုဒ်မ ၁၉၃ (၁) အဆုံးတွင် **“သို့တည်းမဟုတ် တင်သွင်းစေရမည်”** ဆိုသည့်စကားရပ် ဖြည့်စွက်ခြင်း၊

(၁၀) ပုဒ်မ ၂၂၆ (၂) အင်္ဂလိပ်စာမူ စာကြောင်းရေ ၄ ပါ "**Union Parliament**" အစား "**Parliament**" ဟု ပြင်ဆင်ခြင်း။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀ အရ လွတ်လပ်ရေးရပြီး ၁၉၅၁ ခုနှစ် မတ်လအထိ လွှတ်တော် ဥက္ကဋ္ဌ၏ အဆိုကို လွှတ်တော်၏ အတည်ပြုချက်အရ နိုင်ငံတော်ယာယီသမ္မတက အမိန့်ထုတ်ပြန်၍ အောက်ပါပြင်ဆင်ချက် လေးကြိမ် ပြုလုပ်ခဲ့ပါသည်-

(၁) ၁၉၄၉ ခုနှစ် ဇွန်လ ၁၀ ရက်နေ့ ကျင်းပသော တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အစည်းအဝေး ဆုံးဖြတ်ချက်အရ ၁၉၄၉ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ (အခြေခံဥပဒေအရ ပထမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်အမိန့်ကို နိုင်ငံတော်ယာယီသမ္မတ စဝ်ရွှေသိုက်၏ ၁၈-၆-၄၉ ရက်စွဲပါ အမိန့်အရ သမ္မတအိမ်တော်က ထုတ်ပြန်၍ ပုဒ်မ ၂၃၃ ပါ **“ပထမအမတ်ရွေးကောက်ပွဲကို ဤအခြေခံဥပဒေ အာဏာတည်သည့် နေ့ရက်မှစ၍ ၁၈ လ အတွင်းတွင် ကျင်းပရမည်”** ဆိုသည့် စကားရပ်၌ **“၁၈ လ”** အစား **“၂၈ လ”** ဟု အစားထိုးခဲ့သည်။

(၂) ၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့ ကျင်းပသော တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အစည်းအဝေး ဆုံးဖြတ်ချက်အရ ၁၉၅၀ ပြည့်နှစ် ပြည်ထောင်စု မြန်မာနိုင်ငံ (အခြေခံဥပဒေအရ ပထမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်အမိန့်ကို နိုင်ငံတော်ယာယီ သမ္မတစဝ်ရွှေသိုက်၏ ၂၂-၂-၅၀ ရက်စွဲပါ အမိန့်အရ သမ္မတအိမ်တော်က ထုတ်ပြန်၍ ပုဒ်မ ၂၃၃ ပါ **“ပထမအမတ်ရွေးကောက်ပွဲကို ဤအခြေခံဥပဒေ အာဏာတည်သည့် နေ့ရက်မှစ၍ ၂၈ လ အတွင်းတွင် ကျင်းပရမည်”** ဆိုသည့် စကားရပ်၌ **“၂၈ လ”** အစား **“၄၀ လ”** ဟု ထပ်မံ ပြင်ဆင်အစားထိုးခဲ့သည်။

(၃) ၁၉၅၁ ခုနှစ် မတ်လ ၁၅ ရက်နေ့ ကျင်းပသော တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အစည်းအဝေး ဆုံးဖြတ်ချက်အရ ၁၉၅၁ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ (အခြေခံဥပဒေအရ ပထမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်အမိန့်ကို နိုင်ငံတော် ယာယီ သမ္မတ စဝ်ရွှေသိုက်၏ ၂၁-၃-၅၁ ရက်စွဲပါ အမိန့်အရ သမ္မတအိမ်တော်ကထုတ်ပြန်၍ ပုဒ်မ ၂၃၃ ပါ **“ပထမ အမတ် ရွေးကောက်ပွဲကို ဤအခြေခံဥပဒေ အာဏာတည်သည့် နေ့ရက်မှစ၍ ၄၀ လ အတွင်းတွင် ကျင်းပရမည်”** ဆိုသည့် စကားရပ်၌ **“၄၀ လ”** အစား **“၄၈ လ”**ဟု ထပ်မံ ပြင်ဆင်အစားထိုးခဲ့သည်။

(၄) ၁၉၅၁ ခုနှစ် မတ်လ ၁၅ ရက်နေ့ ကျင်းပသော တိုင်းပြည်ပြုလွှတ်တော် (ပါလီမန်) အစည်းအဝေး ဆုံးဖြတ်ချက်အရ ၁၉၅၁ ခုနှစ် မတ်လ ၂၄ ရက်နေ့ထုတ် မြန်မာနိုင်ငံတော်ပြန်တမ်း အပိုင်း (၁) တွင် **“၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ (အခြေခံဥပဒေအရ ပထမအကြိမ် အမတ်ရွေးကောက်ပွဲဆိုင်ရာ) အကူးအပြောင်းကာလ ဒုတိယ ပြဋ္ဌာန်းချက် အမိန့်”**ကို ထုတ်ပြန်၍ ပုဒ်မ ၈၄ (၁) နှင့် (၂) တို့တွင် အောက်ပါခြွင်းချက်တစ်ရပ်စီ ဖြည့်စွက်ခဲ့သည်။ ထိုသို့ ဖြည့်စွက်သည့်အမိန့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၆) အရ နည်းလမ်းကျနစွာ ဖွဲ့စည်းသော ပါလီမန်၏ ပထမ အစည်းအဝေး ကျင်းပသောနေ့အထိသာ အာဏာတည်ရမည်ဟု ထိုအမိန့် အပိုဒ် ၂ တွင် ဖော်ပြထားသဖြင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပုံနှိပ်သည့်အခါ အဆိုပါ ခြွင်းချက်များကို ချန်လှပ်ထားသည် -

(ကက) **ပုဒ်မ ၈၄ (၁) ခြွင်းချက်**။
“သို့ရာတွင် မဲဆန္ဒပေးရန် နောက်ဆုံး ချိန်းဆိုသောနေ့သည် ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီဖြစ်လျှင် ပထမအကြိမ်ကျင်းပသော ရွေးကောက်ပွဲတွင် မဲဆန္ဒပေးခြင်းကို ပြည်ထောင်စု နိုင်ငံတစ်ဝန်းလုံး၌ တစ်နေ့တည်းတွင် ပြုလုပ်စေရန် မလို။”

(ခခ) **ပုဒ်မ ၈၄ (၂) ခြွင်းချက်**။
“သို့ရာတွင် အခြေခံဥပဒေ အခန်း (၆) အရ နည်းလမ်းကျနစွာ ဖွဲ့စည်းသော ပထမ ပါလီမန်ဆိုင်ရာ ပြည်သူ့လွှတ်တော် အစည်းအဝေးကို ပုဒ်မ ၈၄၊ ပုဒ်မခွဲ (၁) ၏ ခြွင်းချက်အရ ချိန်းဆိုသော နောက်ဆုံး မဲဆန္ဒပေးရန်နေ့မှစ၍ ရက်ပေါင်း ခြောက်ဆယ်အတွင်း ကျင်းပရမည်။”

(ဂ) ပုဒ်မ ၂၃၀ အရ လွှတ်တော်ဥက္ကဋ္ဌ၏ အဆိုပြုချက်ဖြင့် ပြင်ဆင်ခွင့်အာဏာအတွင်း အကျုံးမဝင်သည့် နိုင်ငံတော် စာရင်းစစ်ချုပ်၊ နိုင်ငံတော်တရားဝန်ကြီးချုပ်နှင့် တရားလွှတ်တော်ချုပ် ဝန်ကြီးများ ခန့်ထားခြင်းနှင့်စပ်လျဉ်း၍ ၃-၁-၁၉၄၈ ရက်နေ့တွင် ကျင်းပသော အစည်းအဝေး၌ တိုင်းပြည်ပြုလွှတ်တော်က အဆိုတင်သွင်း၍ အောက်ပါပြင်ဆင်ချက်များကို ပြုလုပ်ခဲ့သည် -

(၁) ပုဒ်မ ၁၂၉ ပါ **“ဝန်ကြီးချုပ်နှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင်”** ဆိုသည့်စကားရပ် ပယ်ဖျက်ခြင်း၊

(၂) ပုဒ်မ ၁၄၀ (၁) ပါ **“နိုင်ငံတော်အစိုးရဝန်ကြီးချုပ်နှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင်”**ဆိုသည့်စကားရပ် ပယ်ဖျက်ခြင်း၊

(၃) ပုဒ်မ ၁၄၀ (၂) ပါ **“နိုင်ငံတော်တရားဝန်ကြီးချုပ်၊ နိုင်ငံတော်အစိုးရဝန်ကြီးချုပ်နှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင်”** ဆိုသည့်စကားရပ် ပယ်ဖျက်ခြင်း။

၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အထက်အပိုဒ် ၅၂ တွင် ဖော်ပြထားသည့်အတိုင်း တိုင်းပြည်ပြုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် (၆) ကြိမ် ပြင်ဆင်ခဲ့သည့်အပြင် ၁၉၅၁ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေများဖြင့် (၇) ကြိမ်ကို အောက်ပါအတိုင်း ပြင်ဆင်ခဲ့သည် -

**စာမျက်နှာ ၇ သို့** ❖

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧဝရက်တောင်ထိပ်နှင့် ဟိမဝန္တာတောင်တန်းများအား ကြည့်ရှုလေ့လာ



**နေပြည်တော် ဒီဇင်ဘာ ၁၁**

နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဟိမဝန္တာတောင်တန်းများကို နီပေါတပ်မတော် အထူးရဟတ်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ခတ္တမန္ဒူမြို့ရှိ Nepal Army Mid Air Base မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး ဟိမဝန္တာတောင်တန်းပေါ်ရှိ ကမ္ဘာ့အမြင့်ဆုံးဟိုတယ်အဖြစ် ဂင်းနစ်စာရင်းဝင် Hotel Everest View သို့ ရောက်ရှိကြပြီး ဧဝရက်တောင်ထိပ်နှင့် ဟိမန္တာတောင်တန်းများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ Birendra Peace Operation Training Center သို့ ရောက်ရှိကြရာ နီပေါကြည်းတပ်မတော်၊ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးဌာန ဒုတိယညွှန်ကြားရေးမှူး Col.Yog Raj Sharma နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး သင်တန်းကျောင်း လက်တွေ့လေ့ကျင့်ကွင်းတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှု လေ့ကျင့်ခန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လက်တွေ့သရုပ်ပြသကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဒီဇင်ဘာ ၁၀ ရက် ညပိုင်းက နီပေါတပ်မတော်ကြည်းတပ်ဦးစီးချုပ် Gen.Ranjendra Chhetri က ကြိုဆိုဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**

# ငြိမ်းချမ်းရေးဂီတပွဲတော်(၂၀၁၇) သီချင်းဆိုပြိုင်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ငြိမ်းချမ်းရေးဂီတပွဲတော်(၂၀၁၇) သီချင်းဆိုပြိုင်ပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည့် ဂီတပညာရှင်၊ အနုပညာရှင်များနှင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်၌ ကျင်းပသည်။




အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ တေးရေး တေးဆို ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် ဂီတပညာရှင်၊ အနုပညာရှင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ငြိမ်းချမ်းရေးဂီတပွဲတော်(၂၀၁၇) သီချင်းဆိုပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် ဦးစီးဆောင်ရွက်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးအား ဂုဏ်ပြုလွှာ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက Main Sponsor အဖြစ် ဆောင်ရွက်ခဲ့သည့် Premier Coffee၊ Media Partner အဖြစ် ဆောင်ရွက်ခဲ့သည့် Forever Group Co., Ltd နှင့် ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက်၊ Supporting Partner အဖြစ် ဆောင်ရွက်ခဲ့သည့် ရွှေစင်စကြာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် Myanmar National Airlines (MNA)၊ တာဝန်ထမ်းဆောင်သူများအား တည်းခိုနေထိုင်ရေး အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့သော Royal Nay Pyi Taw Hotel၊ Nirvana Hotel၊ Taw Win Garden Hotel၊ ပြဋ္ဌာန်းသီချင်းများကို အခမဲ့ စပ်ဆိုပေးခဲ့သော တေးရေးပညာရှင် ဦးရွှေဂျော်ဂျော်နှင့် ဦးညီညီသွင်၊ R ခိုင် တို့အား မှတ်တမ်းတင် ဂုဏ်ပြုလွှာများ အသီးသီးပေးအပ်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ငြိမ်းချမ်းရေးဂီတပွဲတော်(၂၀၁၇) သီချင်းဆိုပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ပါဝင်ဆောင်ရွက်ခဲ့သည့် ဂီတပညာရှင်၊ အနုပညာရှင်များနှင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားကာ တက်ရောက်လာကြသူများအား ညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**ဇော်ကြီး**

❖ စာမျက်နှာ ၆ မှ

(က) ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေ (အမှတ် ၆၂/၁၉၅၁)၊

(ခ) ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေ (အမှတ် ၄/၁၉၅၉)၊

(ဂ) ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ဒုတိယ ပြင်ဆင်ချက်) အက်ဥပဒေ (အမှတ် ၁၀/၁၉၅၉)၊

(ဃ) ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပြင်ဆင်ချက် အက်ဥပဒေ (အမှတ် ၃/၁၉၆၁)၊

(င) ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ဒုတိယ ပြင်ဆင်ချက်) အက်ဥပဒေ (အမှတ် ၇/၁၉၆၁)၊

(စ) ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (တတိယ ပြင်ဆင်ချက်) အက်ဥပဒေ (အမှတ် ၁၇/၁၉၆၁)၊

(ဆ) ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (စတုတ္ထ ပြင်ဆင်ချက်) အက်ဥပဒေ (အမှတ် ၂၀/၁၉၆၁)။

အထက်အပိုဒ် ၅၃ တွင် ဖော်ပြထားသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်များနှင့် စပ်လျဉ်း၍ -

(က) ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေ (အမှတ် ၆၂/၁၉၅၁) ဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၀ ကို ၁၈၀ နှင့် ၁၈၁ ဖြင့် အစားထိုးပြီး သံလွင်ခရိုင်ကို ကရင်ပြည်နယ် ဟု အစားထိုးခြင်း၊ ကရင်ပြည်နယ်ကောင်စီနှင့် ကရင်ပြည်နယ်အစိုးရကို ဖွဲ့စည်းခြင်း၊ ပုဒ်မ ၁၉၅ ကို ပယ်ဖျက်ခြင်း၊ ပုဒ်မ ၂၀၉ (၅) ပါ ကရင်အမျိုးသားများနှင့် ဆိုင်သည့် စကားရပ် ပယ်ဖျက်ခြင်း၊ ဒုတိယဇယားပါ ကရင်ပြည်နယ်မှ ကိုယ်စားလှယ် အရေအတွက်ကို တိုးမြှင့်အစားထိုးခြင်းတို့ပြုပြီး အခြေခံဥပဒေပါ ကရင်နီပြည်နယ်ကို ကယားပြည်နယ်ဟု အစားထိုးခဲ့သည်။

(ခ) ထို့နောက် ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေ (အမှတ် ၄/၁၉၅၉)ဖြင့် ဤအက်ဥပဒေသည် နောက်တစ်ကြိမ် ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်မှ အမည်တင်သွင်းသော ပုဂ္ဂိုလ်အား နိုင်ငံတော်သမ္မတက ဝန်ကြီးချုပ် ခန့်ထားသည့် နေ့ရက်တိုင်အောင် အာဏာတည်စေရမည်ဟု ပြဋ္ဌာန်းပြီး ဤအက်ဥပဒေ အာဏာတည်ရှိနေသမျှ ပုဒ်မ ၁၁၆ ပါ ပြဋ္ဌာန်းချက်များကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်ဟု နိုင်ငံတော်သမ္မတ ဦးဝင်းမောင်၏ အမိန့်အရ ၂၆-၂-၅၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပုဒ်မ ၁၁၆ တွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးသည် ၆ လ တစ်ဆက်တည်း ပါလီမန်အမတ် မဟုတ်လျှင် ထိုကာလအပိုင်းအခြားကုန်ဆုံးသောအခါ အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်မှ ရပ်စဲရမည်ဟု ပါရှိသည်။ ဤပုဒ်မ ၁၁၆ ကို ရုပ်သိမ်းထားသဖြင့် အိမ်စောင့်အစိုးရလက်ထက် ဗိုလ်ချုပ်ကြီး နေဝင်း သည် ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ် တင်မြှောက်ခံရပြီး အစိုးရအဖွဲ့အသစ်ကို ဖွဲ့စည်းနိုင်ခဲ့သည်။

(ဂ) ထိုနှစ်တွင်ပင် ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ဒုတိယ ပြင်ဆင်ချက်) အက်ဥပဒေ (အမှတ် ၁၀/၁၉၅၉) ဖြင့် ဤအက်ဥပဒေသည် နောက်တစ်ကြိမ် ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းသည့် နေ့ရက်၏ နောက်နေ့တွင် စတင်အာဏာတည်ရမည်ဟု ပြဋ္ဌာန်းပြီး ပုဒ်မ ၁၅၄ (၂) နှင့် ပုဒ်မ ၁၈၃ (၁) တို့ကို ရုပ်သိမ်းခဲ့သည်။ ပုဒ်မ ၁၅၄ (၂) ပါ **"လူမျိုးစုလွှတ်တော်၌ ပါဝင်မည့် ရှမ်းပြည်နယ်ဆိုင်ရာ အမတ်အားလုံးကို ရှမ်းပြည်နယ်၏ စော်ဘွားများသည် မိမိတို့ စော်ဘွားများထဲမှ ရွေးကောက်တင်မြှောက်ရမည်။ စော်ဘွားများသည် ပြည်သူ့လွှတ်တော်တွင် အမတ်ဖြစ်နိုင်ခွင့် မရှိစေရ။"** စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၁၈၃ (၁) ပါ ကရင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကိုလည်းကောင်း ပယ်ဖျက်ခြင်း ဖြစ်သည်။

(ဃ) တစ်ဖန် ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပြင်ဆင်ချက် အက်ဥပဒေ (အမှတ် ၃/၁၉၆၁) ဖြင့် ပုဒ်မ ၂ ပါ မြန်မာနိုင်ငံတွင် ပါဝင်သည့် နယ်မြေများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို လည်းကောင်း၊ ပုဒ်မ ၅ ပါ ပဒေသရာဇ် ရှမ်းပြည်နယ်နှင့် 'ဝ' နယ်များကို ရှမ်းပြည်နယ်ဟုလည်းကောင်း၊ ပုဒ်မ ၆ ပါ မြစ်ကြီးနားခရိုင်နှင့် ဗန်းမော်ခရိုင်ကို ကချင်ပြည်နယ်ဟု လည်းကောင်း အစားထိုးခဲ့သည်။

(င) ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (ဒုတိယ ပြင်ဆင်ချက်) အက်ဥပဒေ (အမှတ် ၇/၁၉၆၁) ဖြင့် အခြေခံဥပဒေ အခန်း ၆ တွင် အပိုင်း ၆ အဖြစ် ရွေးကောက်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၁၃-က၊ ၁၁၃-ခ၊ ၁၁၃-ဂ၊ ၁၁၃-ဃ၊ ၁၁၃-င၊ ၁၁၃-စ၊ ၁၁၃-ဆ၊ ၁၁၃-ဇ၊ ၁၁၃-ဈ၊ ၁၁၃-ည တို့ကို ဖြည့်စွက်ခဲ့သည်။

(စ) ထို့ပြင် ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (တတိယ ပြင်ဆင်ချက်) အက်ဥပဒေ (အမှတ် ၁၇/၁၉၆၁) ဖြင့် ပုဒ်မ ၂၁ တွင် ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံသား အများဆုံးကိုးကွယ်ရာ ဘာသာကြီး ဖြစ်သည့် အားလျော်စွာ နိုင်ငံတော်ဘာသာ သာသနာဖြစ်စေရမည်ဟု အစားထိုးပြီး ပုဒ်မ ၂၁ (၄) နှင့် (၅) တို့ကို ဖြည့်စွက်ခဲ့ပြီး ဘာသာ သာသနာနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၁-က၊ ၂၁-ခ၊ ၂၁-ဂ နှင့် ၂၁-ဃ တို့ကို ဖြည့်စွက်ပြီး ပုဒ်မ ၄၃-က နှင့် ၄၃-ခ တို့ကို ဖြည့်စွက်ခဲ့သည်။

(ဆ) တစ်ဖန် ၁၉၆၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (စတုတ္ထ ပြင်ဆင်ချက်) အက်ဥပဒေ(အမှတ် ၂၀/၁၉၆၁) ဖြင့် ပုဒ်မ ၂၀ ပါ **"လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်တည်ဆောက်နိုင်သော အခွင့်အရေး"** ဆိုသော စကားရပ်အစား **"လွတ်လပ်စွာ ယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်တည်ဆောက်နိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ သင်ကြားနိုင်သော အခွင့်အရေး"** ဟု ဖြည့်စွက်ခြင်း၊ ပုဒ်မ ၂၀ ၏ ခြွင်းချက်အဖြစ် **"သို့ရာတွင် မိဘ သို့မဟုတ် အုပ်ထိန်းသူတို့၏ စာဖြင့် ရေးသားထားသော ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ကျောင်းများတွင် မည်သည့် အသက်မပြည့်သေးသူကိုမျှ ၎င်း၏ မိဘ ကိုးကွယ်သည့် ဘာသာမဟုတ်သည့် မည်သည့် ဘာသာကိုမျှ သင်ကြားခြင်း မပြုရ"** ဟုလည်းကောင်း၊ ပုဒ်မ ၂၁ (၆) အဖြစ် **"ဘာသာ၊ သာသနာတို့ကို ရေးသားခြင်းအားဖြင့် သော်လည်းကောင်း၊ မြွက်ဆိုခြင်းအားဖြင့်သော်လည်းကောင်း၊ အခြားနည်းအားဖြင့်သော်လည်းကောင်း စော်ကားမှု၊ မဟုတ်မမှန် စွပ်စွဲမှု စသော ဘေးရန် အန္တရာယ်ခပ်သိမ်းမှ နိုင်ငံတော် အစိုးရသည် ကာကွယ်စောင့်ရှောက်ရမည်"** ဟုလည်းကောင်း အစားထိုးခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံသို့ တက်ရောက်လာသည့် တီမောနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ ဝန်ကြီးများအား သီးခြားစီလက်ခံတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တတိယအကြိမ် အာရှ- ပစိဖိတ်ရေညီလာခံ ( The 3rd Asia-Pacific Water Summit -3rd APWS) သို့တက်ရောက်လာသည့် တီမောလက်စ်တေဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ ဝန်ကြီးများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

ဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တီမောလက်စ်တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ Senior Minister and National Security Advisor, Former President H.E. Mr. Jose Ramos -Horta အား နံနက် ၁၀ နာရီခွဲတွင် ဆီဒိုးနားဟိုတယ်၌ တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နံနက် ၁၁ နာရီတွင် ဂျပန်နိုင်ငံမှ Minister of Land , Infrastructure, Transport and Tourism H.E. Mr. Keiichi Ishii နှင့်လည်းကောင်း၊ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံမှ Minister of state and Housing and Urban Affairs H.E. Hardeep Singh Puri နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ ဦးကျော်တင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သက်ဆိုင်ရာနိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တီမောလက်စ်တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ Senior Minister and National Security Advisor, Former President H.E. Mr. Jose Ramos – Horta အား ဆီဒိုးနားဟိုတယ်၌ လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံမှ Minister of state and Housing and Urban Affairs H.E. Hardeep Singh Puri အား တွေ့ဆုံနှုတ်ဆက်စဉ်။

# ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ကိစ္စရပ်များတွင် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ ( The 3rd Asia –Pacific Water Summit -3rd APWS) သို့ တက်ရောက်လာသည့် ဂျပန်နိုင်ငံမှ H.E. Mr. Keiichi Ishii, Minister of Land, Infrastructure, Transport and Tourism နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံစဉ် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အမှုဆောင်သစ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့နှင့်တွေ့ဆုံ



**ရန်ကုန် ဒီဇင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အမှုဆောင်သစ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)အမှုဆောင်သစ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ဂီတအလွှာ ခြောက်လွှာမှ ကိုယ်စားလှယ် ၁၇ ဦး ပူးပေါင်း၍ အမှုဆောင်သစ်ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းခဲ့ကြောင်း၊ ကော်မရှင်က ဦးဆောင်၍ လာမည့် ဒီဇင်ဘာ ၁၉၊ ၂၀၊ ၂၁၊ ၂၂ ရက်တို့တွင် တာမွေမြို့နယ်ရှိ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရွေးကောက်ပွဲအတွက် ဂီတအလွှာများမှ အဖွဲ့ဝင်များက ဆန္ဒမဲလာရောက်ပေးနိုင်ကြောင်း၊ ရွေးကောက်ပွဲမှ ထွက်ပေါ်လာမည့် အမှုဆောင်သစ်များ၏ အမည်စာရင်းကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် အမှုဆောင်သစ် လွှဲပြောင်းမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်က ဂီတအစည်းအရုံး ဖွဲ့စည်းပုံစနစ်တကျဖြစ်ရေး၊ ဝန်ထမ်းအင်အားလုံလောက်မှုရှိရေး၊ ဘဏ္ဍာရေးကိစ္စများကို မှတ်တမ်းမှတ်ရာများဖြင့် တိတိကျကျထားရှိရေး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချို့ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာသည့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**



တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံတွင် အခန်းကဏ္ဍအလိုက် ဆွေးနွေးပွဲများ ကျင်းပစဉ်။



တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံတွင် အခန်းကဏ္ဍအလိုက် ဆွေးနွေးပွဲများ ကျင်းပစဉ်။

**✻ တတိယအကြိမ်မှ**

အခြားတစ်ဖက်တွင်လည်း ရေနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်များသည်မိမိတို့၏ အသက်များ၊ ချမ်းသာကြွယ်ဝမှုများနှင့် ပိုင်ဆိုင်မှုများကို ခြိမ်းခြောက်လျက်ရှိပြီး GDP၏ နိုင်ငံအစိတ်အပိုင်းတစ်ခုတို့တွင် စီးပွားရေးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပါကြောင်း။

**ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်လို**

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများနှင့် မြန်မာပြည်သူလူထုတို့၏ လူနေမှုဘဝ ဆက်လက်ကောင်းမွန်စေရေးတို့သည် မိမိတို့၏ ရေအရင်းအမြစ်ဖွံ့ဖြိုးစေမှု၊ ရေအသုံးချမှု၊ စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းမှု၊ ရေနှင့်ဆက်နွယ်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်မှုတို့အပေါ်တွင် များစွာမှီတည်လျက်ရှိပါကြောင်း၊ ရေကဏ္ဍသည် ၎င်း၏ကဏ္ဍအတွက် အရေးပါသကဲ့သို့ အခြားသောကဏ္ဍများနှင့်လည်း နီးကပ်စွာဆက်နွယ်နေပါကြောင်း။

မြန်မာနိုင်ငံသည် ယေဘုယျအားဖြင့် လူဦးရေအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရန်အတွက်လည်းကောင်း၊ လုံလောက်သော ရေအရင်းအမြစ်ရှိသည်ဟု ဆိုနိုင်ပါကြောင်း၊ လက်တွေ့၌မူ အာရှ-ပစိဖိတ်ဒေသရှိ မိတ်ဆွေနိုင်ငံများကဲ့သို့ ရေနှင့်ဆက်နွယ်သည့် ပြဿနာများကို ခံစားနေရပါကြောင်း၊ ရေအများအပြားရှိခြင်း၊ ရေရရှိနိုင်မှုနည်းပါးခြင်း၊ မသန့်ရှင်းသော ရေများရှိနေခြင်း စသည့်ပြဿနာများပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်များကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန်လိုအပ်သကဲ့သို့ ရေနှင့် ဆက်နွယ်သည့် ဝန်ကြီးဌာနများမှ စုပေါင်းဆုံးဖြတ်သည့်မူဘောင်တစ်ခုဖြင့် ထိရောက်ကောင်းမွန်သော ရေသုံးစွဲမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ရေသိုလှောင်မှု၊ ဝန်ကြီးဌာနအလိုက်မျှတစွာ ရေခွဲဝေသုံးစွဲမှု၊ ဖွံ့ဖြိုးပြီး တိုင်းဒေသကြီး/ပြည်နယ်များနှင့် ဖွံ့ဖြိုးဆဲတိုင်းဒေသကြီး/ပြည်နယ်များ မျှတမှန်ကန်သော ရေနှင့်ဘတ်ဂျက်ခွဲဝေသုံးစွဲမှုတို့ လုပ်ဆောင်ရန်လိုအပ်ပါကြောင်း။

**အကျိုးပြုနိုင်ရန်ပြင်ဆင်**

မြန်မာနိုင်ငံသည် ငလျင်ဒဏ်များ မကြာခဏခံစားရလေ့ရှိပြီး ရေနှင့်ဆက်နွယ်သော ပြင်းထန်သည့် ရာသီဥတုများဖြစ်သော ဆိုင်ကလုန်းမုန်တိုင်းများ၊ ကာလရှည်ကြာရေလွှမ်းမိုးခြင်း၊ မိုးခေါင်ရေရှားခြင်းတို့သည် ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည့်အပြင် မြေပြိုခြင်းကိုလည်း ဖြစ်ပေါ်စေပါကြောင်း၊ ရေအရည်အသွေးထိန်းသိမ်းမှုနှင့် ရေဆိုး ရေညစ်စီမံခန့်ခွဲမှုတို့ကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ရေနှင့်သက်ဆိုင်သော ပြဿနာအများအပြားရှိပြီး စိန်ခေါ်မှုများကိုလည်း အခြားသော အာရှ-ပစိဖိတ်ဒေသရှိနိုင်ငံများကဲ့သို့ ရင်ဆိုင်နေရပါကြောင်း၊ ညီလာခံတွင် ဆွေးနွေးမည့် ခေါင်းစဉ် ၁၀ ခုသည် မြန်မာနိုင်ငံနှင့်တကွ မိတ်ဖက်နိုင်ငံများကိုပါ များစွာအကျိုးဖြစ်ထွန်းစေလိမ့်မည်ဖြစ်ပါကြောင်း၊ ယင်းတို့မှ ရေစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတို့ ပိုမိုကောင်းမွန်စွာ တည်ဆောက်နိုင်စေရန်အတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုကဏ္ဍခေါင်းစဉ်ဖြင့် ကူညီအကျိုးပြုနိုင်ရန် ပြင်ဆင်ထားရှိပါကြောင်း။

**ခွဲတမ်းချဆောင်ရွက်နေ**

နောက်ဆုံးအကြိမ် ကမ္ဘာ့စီးပွားရေး ဖိုရမ်အရ ရေနှင့်ပတ်သက်သည့် အန္တရာယ်သည် တတိယမြောက် ကမ္ဘာ့အန္တရာယ်တွင် တည်ရှိနေပြီး ယင်းတွင် နိုင်ငံအများအပြားပတ်သက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည်လည်း ယင်းအန္တရာယ်ထဲတွင် ပါဝင်ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာသည် လက်ရှိထောက်ပံ့သော ရေပမာဏ၏ ၄၀ ရာခိုင်နှုန်းနှင့်အထက် ပိုမိုလိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် ၅၅ ရာခိုင်နှုန်း ပိုမိုလိုအပ်လိမ့်မည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရေပမာဏ၏ ၈၀ ရာခိုင်နှုန်းခန့်ကို လိုအပ်ပါကြောင်း၊ ရေလုံခြုံရေးခေါင်းစဉ်၏ ရှုထောင့်မှနေ၍ ရေထိရောက်စွာ သုံးစွဲမှုအတွက် မဟာဗျူဟာကျသည့် ကဏ္ဍမှာ မြန်မာ့စိုက်ပျိုးရေးကဏ္ဍဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်လာသည်နှင့်အမျှ မြစ်ရေလျှံမှုအန္တရာယ်တိုးပွားလာခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းများ၏ လမ်းကြောင်းပြောင်းခြင်း၊ ပမာဏပိုမိုကြီးလာခြင်းနှင့် ကာလကြာရှည် မိုးခေါင်ရေရှားဖြစ်ခြင်းတို့သည် ရေအရင်းအမြစ်စီမံခန့်ခွဲရေး အရင်းအမြစ်အတွက် စီမံကိန်းများချမှတ်ခြင်းနှင့် ယင်းစီမံကိန်းတို့ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်းတို့အတွက် အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်လာစေပါကြောင်း၊ သို့သော်လည်း နိုင်ငံ GDP တိုးရန်အတွက် စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းဖြင့်လည်း မဖြစ်နိုင်သောကြောင့် အရေးကြီးသော ဒေသများကိုသာ နိုင်ငံဖွံ့ဖြိုးမှုအစီအစဉ်ထဲတွင် ခွဲတမ်းချဆောင်ရွက်နေပါကြောင်း။

နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကကဏ္ဍသို့ ရုတ်တရက်ကူးပြောင်းရာတွင် လက်ရှိ ရေဆိုင်ရာ စက်မှုလုပ်ငန်းများ ယှဉ်ပြိုင်မှုတိုးတက်လာခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ထိန်းသိမ်းမှုများကို ပြန်လည်ပြုပြင်ခြင်းများ ပိုမိုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကငွေကြေးမြှုပ်နှံမှုသည် ရေအခန်းကဏ္ဍတစ်ခုလုံးအား အုပ်ချုပ်မှုနှင့် ထိရောက်မှု တိုးတက်စေရန်အတွက် အဓိကနည်းလမ်းတစ်ခုဖြစ်ပါကြောင်း။

**နိုင်ငံရေး မဟာမိတ်များဖွဲ့စည်း**

ရေစနစ်များအား ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်းသည် နိုင်ငံတိုင်းအတွက် အခြေခံအကျဆုံး ရည်မှန်းချက်ဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အချက်ပင်ဖြစ်ပါကြောင်း၊ ပြည့်စုံကောင်းမွန်သော ရေအရင်းအမြစ် စနစ်ဆီသို့ ရောက်ရှိနိုင်ရန်အတွက် မျိုးဆက်သစ်ရေဘက်ဆိုင်ရာခေါင်းဆောင်မှုများနှင့် အတူတကွလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း (Capacity Building)သည် မရှိမဖြစ်အရေးပါပြီး စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် နိုင်ငံအလိုက်၊ ဒေသအလိုက် ဖွံ့ဖြိုးရန်အတွက် နိုင်ငံရေးမဟာမိတ်များ ဖွဲ့စည်းရန် လိုအပ်ပါကြောင်း။

**ရန်ကုန်ကြေညာချက်စာတမ်း**

ယခု တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံမှ ထွက်ပေါ်လာသော အကျိုးရလဒ်များသည် ဒေသတွင်း ရေလုံခြုံရေးအတွက် အမျိုးသားရည်မှန်းချက်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ကို အောင်မြင်စွာ ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဓိပ္ပာယ်ပြည့်ဝသော "ရန်ကုန်ကြေညာချက်စာတမ်း"ကို ကျွန်ုပ်တို့၏ ယေဘုယျအမြင်များနှင့် အခြေအနေများအတိုင်း ထုတ်ဝေနိုင်ရန်အတွက် အကျိုးဖြစ်ထွန်းသော ဆွေးနွေးချက်များ ပေါ်ထွန်းလာစေလိုပါကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ Senior Minister and National Security Advisor , Former President H.E. Mr. Jose Ramos -Horta၊ ကမ္ဘောဒီးယားနိုင်ငံမှ Minister of Water Resources and Meteorology H.E. Mr. Lim Kean Hor၊ ဂျပန်နိုင်ငံမှ Minister of Land, Infrastructure, Transport and Tourism H.E.Mr.Keiichi Ishii၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ Minister of Natural Resources and Environment H.E.Mr. SommadPholsena၊ အိန္ဒိယသမ္မတနိုင်ငံမှ Minister of state and Housing and Urban Affairs H.E.Hardeep Singh Puri၊ မလေးရှားနိုင်ငံမှ Minister of Energy Green Technology and Water, H.E. Dr. Maximus JohnityOngkili၊ ထိုင်းနိုင်ငံမှ Minister of Natural Resources and Environment H.E. General SurasakKarnjanarat နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ Acting Minister of Development H.E. Mr. SuhaimiGafar တို့က အမှာစကားပြောကြားကြသည်။

**စကားဝိုင်းဆွေးနွေးပွဲများ**

မွန်းလွဲပိုင်းတွင် အာရှ-ပစိဖိတ်နိုင်ငံများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ ကဏ္ဍများအလိုက် စကားဝိုင်းဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ ရေသံသရာလည်ပုံကို ပြန်လည်ရှင်သန်စေရန် မိုးရေစုဆောင်းခြင်းနှင့် မြေအောက်ရေစီမံခန့်ခွဲခြင်း၊ ရေရှည်တည်တံ့နိုင်မည့် မြို့ပြရေပေးဝေရေးစနစ် စီမံအုပ်ချုပ်မှု၊ ပိုမိုကောင်းမွန်သော ရေစီမံအုပ်ချုပ်မှု၊ သက်ဆိုင်သူများအားလုံးပါဝင်နိုင်သော ရေဘက်စုံစီမံခန့်ခွဲမှုနှင့် ရေစီမံအုပ်ချုပ်မှု လက်တွေ့အကောင်အထည်ဖော်ဆောင်ရာမှ ကောင်းမွန်သော ဥပမာများကို တင်ပြခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရေဘေးအန္တရာယ်များကို တောင်ပေါ်မြေမြင့်အရပ်မှ ပင်လယ်ထဲရှိ ကျွန်းများဆီအထိ ခြုံငုံလေ့လာခြင်း၊ ရေ၊ စွမ်းအင်၊ အစားအစာ၊ ဂေဟစနစ်တို့၏ ပတ်သက်ဆက်နွယ်မှုကိုလေ့လာခြင်း၊ သန့်ရှင်းရေးနှင့် ရေဆိုးများကို စနစ်တကျ စီမံခန့်ခွဲခြင်းကို ပိုမိုတိုးတက်အောင် ပြုလုပ်ခြင်း၊ ရေဖူလုံမှုရရှိရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပန်းတိုင်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် လူငယ်တို့၏ အခန်းကဏ္ဍ စသည့်ခေါင်းစဉ်များကို ဆွေးနွေးကြသည်။

ညပိုင်းတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသော တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ (The 3rd Asia-Pacific Water Summit-3rdAPWS ) သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲကို တက်ရောက်သည်။

တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံကို နှစ်ရက်တာကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ကိုယ်စားလှယ် ၆၀၀ ခန့် တက်ရောက်ကြသည်။

**သတင်းစဉ်**

## ရာဇဝတ်အထူးအယူခံမှုခြောက်မှု စီရင်ချက်ချမှတ် တရားမအထူးအယူခံမှုငါးမှု ကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်းအမှတ်(၁)၌ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုခြောက်မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှုငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် ပညာပေးဆွေးနွေးဟောပြောပွဲကို ဒီဇင်ဘာ ၆ ရက် ညနေ ၅ နာရီက ခနောင်တို အနောက်ရပ်ကွက် ဓမ္မာရုံ၌ ပြုလုပ်ရာ ဆိပ်ကြီးခနောင်တိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦးက ရပ်ကွက် ပြည်သူများအား ဆွေးနွေးဟောပြောစဉ်။

ခင်မောင်သော်



## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ကြေးမုံ**

# ရခိုင်ပြည်နယ်သတင်း




## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တောင်ကုတ်မြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၁**
အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ယနေ့နံနက်ပိုင်းတွင် တောင်ကုတ်မြို့နယ်သို့ရောက်ရှိပြီး မြို့နယ်ခန်းမတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လွှတ်တော်ရေးရာကိစ္စများ ရှင်းလင်းပြောကြားခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက်ဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အိန္ဒိယအစိုးရကပေးပို့သော ထောက်ပံ့ပစ္စည်းများ မောင်တောတွင် လှူဒါန်း

**မောင်တော ဒီဇင်ဘာ ၁၁**
အိန္ဒိယအစိုးရက ထောက်ပံ့လှူဒါန်းသော ထောက်ပံ့ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယနေ့တွင် မောင်တောမြို့ပေါ်ရှိ နေရာ ငါးခုသို့ သွားရောက်ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။

"အိန္ဒိယအစိုးရက လှူဒါန်းထားတဲ့ ပစ္စည်းအမယ် ၃၀ ပါအထုပ်တွေကို ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်က နေရပ်စွန့်ခွာပြည်သူတွေနဲ့ ဆင်းရဲတဲ့ ပြည်သူတွေကို လာရောက်ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်၊ ဒီကနေ့မှာတော့ မောင်တောမြို့ နေရာ ငါးခုမှာ သွားရောက်လှူဒါန်းပေးခဲ့ပါတယ်၊ ထပ်မံပြီးတော့လည်း အခြားနေရာတွေမှာ လှူဒါန်းပေးသွားမှာ ဖြစ်ပါတယ်"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်က ပြောသည်။

ယနေ့တွင် အထက(၁)ရှိ ဟိန္ဒူကယ်ဆယ်ရေးစခန်းအတွက် ၁၆၆ ထုပ်၊ ထွေအုပ်အနောက်ဘက်ရှိ ဟိန္ဒူကယ်ဆယ်ရေးစခန်းအတွက် ၁၃၄ ထုပ်၊ သာသနာ့ဗိမာန်ရှိ ဟိန္ဒူနှင့် ရခိုင်တိုင်းရင်းသား တို့အတွက် ၁၉၅ ထုပ်၊ အလိုတော်ပြည့်ကျောင်းရှိတိုင်းရင်းသားများအတွက် ၄၂ ထုပ်၊ ၄ မိုင်ရှိ အစ္စလမ် ဘာသာဝင်များအတွက် ၁၄၅ ထုပ်၊ စုစုပေါင်း ၆၄၆ ထုပ်ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပေးသည့် အထုပ်တစ်ထုပ်လျှင် ခြင်ထောင် နှစ်လုံး၊ ဆန်၊ နို့မှုန့်၊ သကြားတို့အပါအဝင် အမျိုးပေါင်း ၃၀ ပါဝင်ကြောင်း၊ သီးသန့်အနေဖြင့် ဆီထုပ်များ၊ ဆပ်ပြာခဲတို့လည်း ပါဝင်ကြောင်း၊ ၎င်းကဲ့သို့ ပစ္စည်းအမယ် ၃၀ ပါ အထုပ် ၅၀၀ ကျော်ကိုလည်း ဘူးသီးတောင်မြို့နယ်တွင် သွားရောက်လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသောနေရာများတွင်လည်း ထပ်မံသွားရောက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ- နေဝင်းထွန်း**



## ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**
မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ကင်းချောင်း(တိုင်းရင်းသား)ကျေးရွာ၊ ခရေပြင်(တိုင်းရင်းသား)ကျေးရွာနှင့် ရွှေရင်အေး(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားသုံးကောင်၊ ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ(တိုင်းရင်းသား)ကျေးရွာ၊ မင်္ဂလာညွန့်(တိုင်းရင်းသား)ကျေးရွာနှင့် ကြိမ်ချောင်း(ရောနှော)ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်တစ်ကောင်၊ ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော) ကျေးရွာ၊ ရွက်ညိုတောင်(တိုင်းရင်းသား)ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်းစခန်း(၃)ခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားခြောက်ကောင်နှင့် ဆိတ်လေးကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်း(၃)ခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၂၉ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် အကောင် ၆၉၀ တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၁**
ယနေ့ ညနေ ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ အနောက်ဘင်္ဂလားကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**ကြေးမုံ**

## စက်မှုလယ်ယာဦးစီးဌာနက ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**
ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တော မြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကော၊ ကျောက်ပန္နူ၊ တပ်ဦးချောင်း၊ ဒုချီးရားတန်း၊ သရေကုန်းတန်း၊ သဝန်ချောင်း၊ ငါးခူရ၊ အင်းဒင်၊ သဘော်ကွေ့၊ ကညင်တန်းကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ စုစုပေါင်း ၆၃၆၆ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန် ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ စုစုပေါင်း ၄၂၅ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရုတ်ချောင်း၊ အလယ်ဈေး၊ တိမ်ညိုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ စုစုပေါင်း ၅၅၈ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက် ငပုကွ၊ ဝင်းဇားကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ စုစုပေါင်း ၂၈၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ စုစုပေါင်း ၃၉၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။



ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်၊ ကိုးတန်ကောက်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ စုစုပေါင်း ၂၈၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီလိုစာပေပွဲတွေ မကြာခဏ လုပ်ပေးနိုင်မယ်ဆိုရင် လူငယ်တွေအတွက် အများကြီး အကျိုးဖြစ်ထွန်းမှာပါ

**'လွတ်လပ်သောအသံ လွတ်လပ်သောစာပေ' ၂၀၁၇ စာပေညီလာခံဆွေးနွေးပွဲအကြိုကို ဒီဇင်ဘာ ၈ ရက်မှစ၍ ၁၂ ရက်အထိ ညနေ ၄ နာရီမှ ည ၁၁ နာရီထိ စာရေးဆရာကြီးများက စာပေဟောပြောမှုများ၊ ကဗျာဆရာကြီးများက ကဗျာရွတ်ဆိုခြင်းများနှင့် ပျော်ရွှင်စရာ ဂိမ်းကစားနည်းများနှင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။ ယနေ့ စတုတ္ထမြောက်နေ့တွင် တက်ရောက်လာသူပြည်သူတချို့၏ စကားသံများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-**

**ဦးမြင့်ဆွေ**

နှစ် ၅၀ ကျော်ကြာ ပျောက်ကွယ်နေတဲ့ အနုပညာတွေကို ပြန်ဖော်ထုတ်တာ ကောင်းပါတယ်၊ စာရေးဆရာ၊ ကဗျာဆရာတွေရဲ့ ပြောစကားတွေဟာလည်း အလွန်ကောင်းပါတယ်၊ လူငယ်တွေအနေနဲ့ စာတွေများများဖတ်မှ ကိုယ့်နိုင်ငံမှာ ဘာတွေဖြစ်နေတယ်၊ နိုင်ငံဘယ်လို တိုးတက်အောင် လုပ်မယ်ဆိုတာတွေကို သိနိုင်မှာပါ၊ လူတိုင်းဟာ ကိုယ်တိုင်လည်း စာပေတွေ ဖတ်ရှုလေ့လာဖို့လိုသလို ဒီလိုစာပေပွဲတော်ကြီး တွေကိုလည်း တက်ရောက်နားထောင်ပြီး ဗဟုသုတတွေ၊ အသိပညာတွေ ရယူသင့်ပါတယ်။

**ဒေါ်သန်းသန်းမော်**

စာပေညီလာခံ အကြိုစလုပ်တဲ့နေ့ကစပြီး စာပေဟောပြောပွဲတွေ နေ့တိုင်းလာနားထောင်ဖြစ်ပါတယ်၊ စာပေဆိုတာ လူတွေကို ယဉ်ကျေးမှု၊ အသိပညာ၊ ဗဟုသုတ အမျိုးမျိုးကို အဘက်ဘက်က ပေးတဲ့အတွက်ကြောင့်ပါ၊ ကိုယ်တိုင်လည်း စာပေတွေ ဖတ်ဖြစ်တယ်၊ ကိုယ်တိုင်က စာပေဝါသနာပါတော့ စာပေဟောပြောပွဲတွေရှိရင် ဝမ်းသာတယ်၊ အလိမ္မာစာမှာရှိဆိုတဲ့အတိုင်း လူငယ်တွေကိုလည်း နားထောင်စေချင်တယ်၊ စာပေဟောပြောပွဲတွေ လာနားထောင်တဲ့အတွက်လည်း ကိုယ်မသိတာတွေ တစ်လုံးမှတ်မိမှတ်မိပေါ့၊ ငါးညဟောပြောရင် ငါးလုံး မှတ်မိမယ်၊ အဲဒီလိုစိတ်မျိုးလေးနဲ့ လာနားထောင်စေချင်ပါတယ်၊ MCC ခန်းမမှာလုပ်မယ့် စာပေညီလာခံဆွေးနွေးပွဲမှာလည်း စာပေသမားကလည်း စာပေဘက်ကသိသလို စာဖတ်သူတွေဘက်ကလည်း စာဖတ်သူတွေအနေနဲ့ သိတဲ့အသိ အဲဒါတွေကို ဆွေးနွေးခွင့်ပေးမယ်ဆိုတာ သိရတော့ အလွန်ဝမ်းသာပါတယ်၊ ဒီလိုစာပေပွဲတွေ မကြာခဏ လုပ်ပေးနိုင်မယ်ဆိုရင် လူငယ်တွေအတွက် အများကြီးအကျိုးဖြစ်ထွန်းမှာပါ။

**မဖူးဝေစိုး**

အလုပ်ကအပြန် လာနားထောင်ဖြစ်တာပါ၊ ဗဟုသုတလည်း ရချင်လို့၊ ကိုယ်မသိတာတွေလည်း သိရတယ်၊ စာပေသမားတွေရဲ့ ဖြတ်သန်းမှုဘဝအကြောင်းတွေကိုလည်း သိချင်တာလည်း ပါပါတယ်၊ စာပေဆိုတာကတော့ များများဖတ်လေကောင်းလေပါပဲ၊ အကောင်းအဆိုးတွေလည်း ဝေဖန်ပိုင်းခြားပေးတယ်၊ အခုလိုတိုးတက်နေတဲ့ခေတ်ကြီးမှာ စာပေနဲ့ပတ်သက်တာတွေ အလွယ်တကူ ရှာဖွေဖတ်ရှုလို့ ရနေတာဖြစ်တဲ့အတွက် ကျွန်မတို့လိုလူငယ်တွေ စာများများဖတ်ဖို့ တိုက်တွန်းချင်ပါတယ်၊ ကျွန်မကိုယ်တိုင်လည်း အားရင်အားသလို စာပေတွေဖတ်ဖြစ်ပါတယ်၊ စာဖတ်နည်းတဲ့သူတွေအနေနဲ့လည်း ကဗျာလေးတွေ၊ ဝတ္ထုတိုလေးတွေ၊ အသိပညာ ဗဟုသုတရမယ့် စာလေးတွေ ရွေးဖတ်လို့ရပါတယ်။ **သတင်း-အေးမင်းသူ**

**ဓာတ်ပုံ-ဇာနည်မောင်**



ဦးမြင့်ဆွေ



ဒေါ်သန်းသန်းမော်



မဖူးဝေစိုး

ရခိုင်ပြည်နယ်သတင်း

# မောင်တောမြို့နယ်ရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

**မောင်တော ဒီဇင်ဘာ ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ် အတွက် National Electrification Project (NEP) လုပ်ငန်းများ ဆောင်ရွက်မှုသည် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ၂၀၁၆ ခုနှစ်က မောင်တောခရိုင်ရှိ ငွေတောင်၊ သာယာကုန်း၊ အောင်မင်္ဂလာ စသည့် ကျေးရွာသုံးရွာ၌ စတင်ခဲ့ပြီး ကျေးရွာနေပြည်သူများက ကုန်ကျစရိတ်၏ ၁၀ ရာခိုင်နှုန်းကို ကျခံရပြီး ကျန်သည့်အပိုင်းကို နိုင်ငံတော်က ပံ့ပိုးပေးခဲ့ခြင်းဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများ ညပိုင်းအလင်းရောင်ရရှိပြီး လျှပ်စစ်ပစ္စည်းများ သုံးစွဲနိုင်ရန် ပံ့ပိုးပေးသည့် ဆိုလာမှာ Watt 30, 45, 60 တို့ဖြစ်ကြောင်း သိရသည်။ ဆိုလာမီးဖြင့် လျှပ်စစ်မီးသုံးစွဲရမှုအခြေအနေကို ငွေတောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးရွှေမောင်က "ကျွန်တော်တို့ရွာ ဆိုလာမီးရတာ ၂၀၁၆ ခုနှစ် ခုနစ်လပိုင်းကပါ၊ လျှပ်စစ်မီးရရှိဖို့ ကျွန်တော်တို့ ထည့်ဝင်ငွေကျပ် တစ်သောင်းကျော် ပေးရပါတယ်၊ ကုန်ကျစရိတ်ရဲ့ ၁၀ ရာခိုင်နှုန်းပါပဲ၊ ကျွန်တော့်မှာ သားသမီး ရှစ်ယောက်ရှိပါတယ်၊ ဆိုလာမီးမရခင်တုန်းက ညဘက်မှာ ကလေးတွေ စာဖတ်ရတာ အဆင်မပြေပါဘူး၊ ဖယောင်းတိုင်ဖိုးလေး၊ ငါးရာလောက် ကုန်ကျပါတယ်၊ အခုဆိုလာမီးရလာတော့ ကလေးတွေ စာကျက်ရတာလည်း အဆင်ပြေသွားပါပြီ"ဟု ပြောပြသည်။



မောင်တောဒေသ ကျေးရွာများအတွက် ဆိုလာဖြင့် လျှပ်စစ်မီးပေးနိုင်ရေး လုပ်ဆောင်နေသည့်အပြင် ရေပေးဝေရေး လုပ်ငန်းများကိုပါ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် အဆိုပါ ဦးစီးဌာန၏ကြီးကြပ်မှုနှင့် အတူ ဒေသခံကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပေ ၁၀၀ ပတ်လည် ရေကန်လေးကန်ကို ရန်အောင်ပြင်၊ ဝက်ကျိန်း(မြို)၊ အောင်ဇေယျ၊ ပြုံးမ(ကညင်တန်း)ကျေးရွာများတွင် တူးဖော်လျက်ရှိပြီး အနက် ၂၅ ပေရှိ ရေတွင်းလေးတွင်းကို သရက်အုပ်၊ အထက်ပြုံးမ၊ မင်္ဂလာညွန့်၊ ကာလာဒေးဖက်တို့တွင် တူးဖော်နေပြီး အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုမှာ ၃၀ ရာခိုင်နှုန်း ရှိပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရေကန်များ ခြံစည်းရိုးကာရံခြင်းနှင့် ရေတုံကင်တပ်ဆင်ခြင်း လုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နေဝင်းထွန်း၊ ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)**

# တိုင်ကြားနိုင်ပါသည်

နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကိုဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကပါဝင်ချုပ်ဆိုထားသည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးသဘောတူစာချုပ်(CEDAW)၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(CRC)၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(CRPD)ပါ လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇) ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့သို့လိပ်မူ၍ မှတ်ပုံတင်စာဖြင့် ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြ၍ တိုင်ကြားခြင်းများပြုလုပ်နိုင်ပါသည်-

(၁) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန်ဖုန်း၊ လက်ကိုင်ဖုန်း၊ ဖက်စ်နှင့် email တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(၂) တိုင်တန်းသူသည် မည်ကဲ့သို့ မူလ အခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(၃) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ခြင်းဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

(၄) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

မှတ်ချက်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအားခေါ်ယူတွေ့ဆုံမေးမြန်းပါမည်။

**(မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်)**

**○ ကျောဖုံးမှ**

လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဂျပန်အပျော်တမ်းလိဂ် ညွန့်ပေါင်းအသင်းသည် ဂျပန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် လိဂ်ပြိုင်ပွဲများတွင် စတုတ္ထအဆင့်ရှိ လိဂ်ပြိုင်ပွဲတစ်ခုဖြစ်ပြီး အပျော်တမ်းအသင်းများ ယှဉ်ပြိုင်နေသည့် လိဂ်ပြိုင်ပွဲလည်းဖြစ်သည်။ ယနေ့လာရောက်ယှဉ် ပြိုင်ရာတွင် ကစားသမား ၂၀ လိုက်ပါလာပြီး ကလပ်အသင်းများမှ ခြေစွမ်းပြနိုင်သူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ MNL ကလပ် မကွေးအသင်းသည် ၂၀၁၈ ရာသီအတွက် လေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်ပြီး ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မကွေးအသင်းတွင် လက်ရွေးစင်ဟောင်းများဖြစ်သည့် ကျော်ဇင်ဖြိုး(ဂိုး)၊ နန္ဒကျော် စသည့် ကစားသမားများက ဦးဆောင်ကစားမည်ဖြစ်သည်။

ဂျပန်အပျော်တမ်းလိဂ် ညွန့်ပေါင်းအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၁၄ ရက်တွင် ရန်ကုန်အသင်းနှင့် ကစားမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်**

**● ဗီယက်နမ် ယူ-၂၁ မှ**

အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲအဆင့် ၃၊ ၄ နေရာရအသင်းမှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဗီယက်နမ် ယူ-၁၉ အသင်း၊ ဒီဇင်ဘာ ၁၄ ရက်တွင် ထိုင်း ယူ-၂၁ အသင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် ဗီယက်နမ် ယူ-၂၁ အသင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ယိုကိုဟားမားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာယူ-၂၁ အသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်နေပြီး ကစားသမား ၂၀ ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ မွန်ဂိုလီးယားလက်ရွေးစင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး MNL ညွန့်ပေါင်းအသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည်။

**ရဲရင့်ရှိုင်း**

# လက်ကမ်းစာစောင်ဖြန့်ဝေ၊ စိုက်ပျိုးနည်းပညာပေး

**မင်းပြား ဒီဇင်ဘာ ၁၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ချင်းဆိပ်ကျေးရွာအုပ်စုတွင် ဒီဇင်ဘာ ၇ ရက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးများ ပူးပေါင်း၍ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် တောင်သူပညာပေးဆွေးနွေးခြင်းကို ကျေးရွာစာသင်ကျောင်း၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူးက နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရခြင်းမှာ ကျေးလက်နေတောင်သူများ အထွေထွေဗဟုသုတရရှိစေရေး စိုက်ပျိုးရေး ဆိုင်ရာ ဗဟုသုတများရရှိစေရေးတို့အပြင် GAP စိုက်ပျိုးနည်းစနစ်များ၊ SRI စိုက်ပျိုးနည်းစနစ်များ၊ Seeder ဖြင့် စိုက်ပျိုးနည်းစနစ်များ ကျင့်သုံးတတ်လာစေရန်နှင့် ဆောင်းသီးနှံပဲမျိုးစုံ သီးထပ်သီးညှပ်စိုက်ပျိုးရေးစနစ်များအကြောင်း ရှင်းလင်းဆွေးနွေးပြီး တောင်သူများ၏မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ စုစုပေါင်း ၈၅ ဦး တက်ရောက်ကြသည်။ **သတင်းစဉ်**

# မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာတွင် သုံးလောင်းပြိုင် လူသတ်မှုဖြစ်ပွား

**မြောင်းမြ ဒီဇင်ဘာ ၁၁**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာတွင် ဒီဇင်ဘာ ၁၀ ရက် ညနေ ၄ နာရီခန့်က အမျိုးသမီး သုံးဦး၊ ကလေးငယ်တစ်ဦးတို့ ဓားခုတ်ခံရမှုကြောင့် အမျိုးသမီးနှစ်ဦး၊ ကလေးငယ်တစ်ဦးတို့ နေရာတွင် သေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးကို ဦးခေါင်း ဓားဒဏ်ရာဖြင့် မြောင်းမြ ပြည်သူ့ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနေ ဒေါ်သန်းအေး(၄၃)နှစ်မှာ နေအိမ်၌ ရှိနေစဉ် တစ်ရွာတည်းနေ ညီမဖြစ်သူ မတင်တင်စန်း(၃၃)နှစ်(ကွမ်းစိုက်တောင်သူ)သည် ခင်ပွန်း ဦးသန်းဇော်(၄၅)နှစ်နှင့် စကားများ ရန်ဖြစ်သံကြားသဖြင့် အိမ်ရှေ့ထွက်ကြည့်ရာ မိခင် ဒေါ်ခင်ရီ(၆၀)နှစ်မှာ မတင်တင်စန်းအိမ်အနီးအရောက်တွင် သန်းဇော်က ဓားမကိုင်ပြီး ဆင်းလာရာ မိခင် ဒေါ်ခင်ရီအား ဓားဖြင့် လေးချက်ခုတ်သည်ကို တွေ့ရကြောင်း၊ ဆက်လက်ပြီး ယောက်မဖြစ်သူ မစန္ဒာဦး(၂၅)နှစ်က ဝင်ဆွဲရန်လာသည်ကို သန်းဇော်က ပြေးလာပြီး ဓားဖြင့် နှစ်ချက်ခုတ်ကာ ထွက်ပြေးသွားခဲ့ကြောင်း၊ အိမ်ပေါ် တက်ကြည့်သောအခါ တူဖြစ်သူ မောင်လင်းလင်းထိုက်(၁၀)နှစ်မှာ ဘုရားစင် ရှေ့တွင် လည်ပင်းပြတ်လုနီးပါး ဓားဒဏ်ရာဖြင့် လည်းကောင်း၊ မတင်တင်စန်းမှာ အိမ်ပေါ်တွင် ဓားဒဏ်ရာများဖြင့် လည်းကောင်း သေဆုံးနေသည်ကိုတွေ့ရကြောင်း ပြောသည်။ မစန္ဒာဦးမှာ ဦးခေါင်းချိုစောင်းတွင် ပြတ်ရှဒဏ်ရာများရရှိကာ မြောင်းမြပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူမှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်သဖြင့် ဒီဇင်ဘာ ၁၁ ရက် နံနက်က ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှိုင်တင့်၊ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ညွှန့်ဇော်နှင့် တာဝန်ရှိသူများက မြောင်းမြပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသော မစန္ဒာဦးကို အားပေးနှစ်သိမ့်ခြင်း၊ အခင်းဖြစ်နေရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းနှင့် ပြစ်မှုကျူးလွန်သူ အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ ပိတ်ဆို့ရှာဖွေစုံစမ်းလျက်ရှိကြောင်း သိရသည်။

**စန္ဒာမိုး(ခရိုင်ပြန်/ဆက်)**

# တောင်ကြီးမြို့တွင် လူငယ်များ စကားများရန်ဖြစ်ရာမှ လူသေဆုံးမှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၁၁**
တောင်ကြီးမြို့တွင် ဒီဇင်ဘာ ၁၀ ရက် ညပိုင်းတွင် လူငယ်များ စကားများ ရန်ဖြစ်ရာမှ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ယင်းနေ့ ည ၁၀ နာရီခွဲခန့်က ရှမ်းပြည်နယ် တောင်ကြီးမြို့ စိန်ပန်းရပ်ကွက်နေ နေဇင်ထက်နိုင်(ခ)သားအို (၁၉)နှစ်၊ လင်းလင်း(၂၆)နှစ်၊ ကျော်လင်းထွေး(ခ)အီကို(၂၂)နှစ်၊ ဖြိုးဝေဝင်း(၂၃)နှစ်နှင့် လင်းလင်း(ခ)မာလစ်(၂၂)နှစ်တို့သည် သစ်တောရပ်ကွက် ဇောတိကလမ်း ဗိုလ်ချုပ်ပန်းခြံမြောက်ဘက် ဝင်ပေါက်အရှေ့ဘက် ပလက်ဖောင်း၌ ထိုင်နေစဉ် နေဇင်ထက်နိုင်(ခ)သားအို၏ နောက်ကျောကို လမ်းလျှောက်လာသူတစ်ဦးက ခလုတ်တိုက်မိသည်ကို မကျေနပ်သဖြင့် လင်းလင်း(ခ)မာလစ်နှင့် ကျော်လင်းထွေး(ခ)အီကိုက အဆိုပါလူအား လက်သီးဖြင့် ဝိုင်းဝန်းထိုးကြိတ်ခဲ့ကြောင်း၊ ထိုအချိန်တွင် နေဇင်ထက်နိုင်(ခ)သားအိုတို့ထိုင်နေသည့်နေရာ နောက်ဘက်မှ အမျိုးသားခုနစ်ဦး၊ ရှစ်ဦးခန့် (စိစစ်ဆဲ)သည် ဓားများကိုင်ဆောင်ရောက်ရှိလာကာ ထိုအထဲမှ အမျိုးသားတစ်ဦးက ဂစ်တာဖြင့် ရိုက်နှက်ခြင်း၊ ဓားဖြင့် ခုတ်ခြင်းတို့ ပြုလုပ်ခဲ့သောကြောင့် နေဇင်ထက်နိုင်(ခ)သားအိုနှင့် ကျော်လင်းထွေး(ခ)အီကိုတို့တွင် ပြတ်ရှဒဏ်ရာများရရှိခဲ့ပြီး လင်းလင်းမှာ ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့ ပူးပေါင်းအဖွဲ့များက ပြစ်မှုကျူးလွန်သူများအား လိုက်လံစုံစမ်းဖမ်းဆီးရာ ချမ်းသာရပ်ကွက်နေ စည်သူမောင်(ခ)အီးတီ (၂၃)နှစ်၊ ကျောင်းကြီးစုရပ်ကွက်နေ စိုင်းနောင်နောင်မြတ်ထွန်း(ခ)အရှည်ကြီး(ခ)သားငယ်(၂၇)နှစ်၊ ဒီရဲအောင်(၁၇)နှစ်၊ စိုင်းဘိုဘို(၁၆)နှစ်၊ ရေအေးကွင်းရပ်ကွက်နေ ဖိုးသကြန်(ခ)ဝင်းသီဟ(၁၆)နှစ်၊ ငြိမ်းချမ်းအောင်(ခ)ချက်ဖောင်း(၁၇)နှစ်၊ သစ်တောရပ်ကွက်နေ ဟိန်းထက်အောင်(၁၇)နှစ်တို့အား ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဂစ်တာ၊ အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားမြှောင်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလောမြို့နယ်နှင့် တောင်ကုတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**
မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီက ကလောမြို့နယ် မကွေ့ကျေးရွာအနီး ကလော-သာစည်ကားလမ်း မိုင်တိုင်အမှတ် (၅၉/၁)တွင် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ် ကလောမြို့ဘက်မှ သာစည်မြို့ဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးသည် နောက်ပြန်လှည့်မောင်းနှင်ထွက်ပြေးသွား၍ လိုက်လံဖမ်းဆီးခဲ့သည်။

အဆိုပါ မော်တော်ယာဉ်သည် ကလောမြို့နယ် ရေယောင်းမကျေးရွာ မိုင်တိုင်အမှတ်(၆၄/၁) အနီးတွင် မော်တော်ယာဉ်ပေါ်မှ ဆာလာအိတ်တစ်အိတ်ကို ကားလမ်းဘေး ချုံထဲပစ်ချပြီး ဆက်လက်မောင်းနှင်သွားသဖြင့် ပိတ်ဆို့ဖမ်းဆီးစဉ် ကလောမြို့နယ် ရေယားကျေးရွာအနီး၌ ယာဉ်မောင်း ကျော်ဇေယျလင်း(ခ)ဘာစစ်နှင့် ဇော်မင်းနိုင်(ခ)ကမားတို့အား မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စိုးနိုင်(ခ)ယူနွတ်မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ပူးပေါင်းအဖွဲ့သည် ကားလမ်းဘေး ချုံထဲမှ ဆာလာအိတ်နှင့်မော်တော်ယာဉ်ကို ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၊ မော်တော်ယာဉ်၏ ဒက်ဘုတ်အတွင်းမှ ငွေလွှဲပြေစာ တစ်ရွက်၊ ရန်ကုန်မှ တောင်ကုတ်သို့ ပီနံအိတ် ကိုးအိတ် ပို့ဆောင်ထားသည့် ကုန်လက်ခံပြေစာ တစ်ရွက်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တောင်ကုတ်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကုတ်မြို့နယ် ဝက်ကျိတ်ကျေးရွာအုပ်စု မှိုဟင်းတောကျေးရွာအနီး သဘော်ဆိပ်ရှိ ငလုံးတောင်၏ ကုန်ဂိုဒေါင်ကို ည ၉ နာရီ ၄၅ မိနစ်က ရှာဖွေရာ ဇော်မင်းနိုင်(ခ)ကမား ပေးပို့သည့် ပီနံအိတ် ကိုးအိတ်အတွင်းရှိ ကော်ဘူးများနှင့် စတီးပေါင်းအိုးများအတွင်း ထည့်သွင်းထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကုန်စည်ပို့ဆောင်ရေးတာဝန်ခံ ငလုံးတောင်(ခ)ခင်မောင်ဆင့် (၅၉)နှစ်၊ စံသိန်း (၅၈)နှစ်နှင့် မူးယစ်ဆေးဝါးပြစ်မှု ကျူးလွန်သူ ကျော်ဇေယျလင်း(ခ)ဘာစစ်(၂၂)နှစ်၊ ဇော်မင်းနိုင်(ခ)ကမား(၂၅)နှစ်၊ စိုးနိုင်(ခ)ယူနွတ် (ဖမ်းမမိသေး)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ငလုံးတောင်(ခ)ခင်မောင်ဆင့်၊ စံသိန်း၊ ကျော်ဇေယျလင်း(ခ)ဘာစစ်၊ ဇော်မင်းနိုင်(ခ)ကမားတို့ကို သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။





တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသားနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်များ။

# တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၇၈ စီး၊ သွင်းကုန် ၉၁၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉ စီး၊ သွင်းကုန် ၁၃၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၉၂၇ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇၁၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၆၃၉ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဒီဇင်ဘာ ၁၀ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ်(၁၉၅ မိုင် ၆ ဖာလုံ)ကောင်းဆာကျေးရွာအနီးနှင့် မိုင်တိုင်အမှတ်(၁၉၁ မိုင် ၅ ဖာလုံ)ပန်ဖတ်ကျေးရွာအနီး၌ Toyota Mark II ယာဉ်တစ်စီးနှင့် ODYSSEY ယာဉ်တစ်စီးတို့ မသင်္ကာဖွယ် ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်၏နောက်ခန်းတွင် စောင်စများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ဓားရွှေသစ်နှင့် ပိတောက်ခွဲသား ၂၃၄ တုံး (သုည ဒသမ ၉၇၅၈ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၉၂၇ သန်းခန့်) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေး ကားလမ်းတွင် ကားဖြင့် တိုက်မိသဖြင့် လူတစ်ဦးသေဆုံး

**ကျောက်ဆည် ဒီဇင်ဘာ ၁၁**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၄၂၀/၀-၁) ၁၂ကိုင်းကျေးရွာအနီးတွင် ယနေ့နံနက် ၇ နာရီက စက်ဘီးစီးနေသူအား နောက်မှကားဖြင့် တိုက်မိသဖြင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စဉ့်ကိုင်မြို့နယ် ၁၂ ကိုင်းရွာတွင် နေထိုင်သော ဦးချစ်ညွှန့်သည် ရန်ကုန်-မန္တလေးလမ်းပေါ်တွင် စက်ဘီးစီးလာစဉ် မိတ္ထီလာမြို့မှ မန္တလေးမြို့သို့ မိတ္ထီလာမြို့နယ် ကျည်တောက်ကုန်းကျေးရွာနေ ဦးဌေးဝင်းမောင်းနှင်လာသည့် မိတ္ထီလာ-မန္တလေး Asia လိုင်းမှ ခရီးသည်တင် မော်တော်ယာဉ်က နောက်မှ ဝင်တိုက်သဖြင့် ဦးချစ်ညွှန့်မှာ ယာမျက်ခုံးပေါက်ပြဲ၊ ယာနားထင်၊ ပါး၊ နားအောက်ဖူးရောင်၊ နှာခေါင်းသွေးထွက် ဒဏ်ရာများဖြင့် အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးသွားသည်။ ယာဉ်မဆင်မခြင်မောင်းနှင်သည့် ဦးဌေးဝင်းအား ပလိပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

**တန်ဖိုးရှိလှ လူငယ်ဘဝ**
**မူးယစ်ကင်းစင် ကျန်းမာမှ**

***ဒီတစ်ပတ်ကတော့ မန်ယူနဲ့ မန်စီးတီးတို့ရဲ့ ဒါဘီပွဲက ပရိသတ်တွေအားလုံးရဲ့အာရုံကို လွှမ်းမိုးနိုင်ခဲ့သလို ပရီမီယာလိဂ်မှာ ဝက်စ်ဟမ်းနဲ့ ချယ်လ်ဆီးတို့ရဲ့ လန်ဒန်ဒါဘီ၊ လီဗာပူးနဲ့ အဲဗာတန်တို့ရဲ့ မာဆေးဆိုက်ဒ် ဒါဘီပွဲတွေလည်း ရှိနေတာကြောင့် အခြားလိဂ်ပွဲစဉ်တွေထက် ပွဲကောင်းတွေ ပြည့်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ကြားရက်မှာ ချန်ပီယံလိဂ်ပွဲစဉ်တွေရှိသလို ဘလွန်းဒီအောဆု ပေးအပ်ပွဲလည်း ရှိခဲ့ပါသေးတယ်။ လာလီဂါမှာ ရီးယဲလ်-ဆီဗီလာ၊ ဗီလာရီးယဲလ်-ဘာစီလိုနာတို့ထိပ်တိုက်တွေ့တဲ့ ပွဲတွေလည်း ရှိခဲ့ပေမယ့် ဒီတစ်ပတ်ရဲ့ ပရိသတ်စိတ်ဝင်စားမှုအမြင့်ဆုံးက မန်ချက်စတာဒါဘီပွဲသာ ဖြစ်တယ်ဆိုတာတော့ အငြင်းပွားစရာမရှိပါဘူး။***

မေလဲ့သင်း
ရေးသားသည်

## တာဝန်ပိုကြီးလာပြီဖြစ်တဲ့ စီရိုနယ်လ်ဒို

ပြီးခဲ့တဲ့ ကြာသပတေးနေ့ (ဒီဇင်ဘာ ၇ ရက်)မှာ ဘလွန်းဒီအောဆု အခမ်းအနားကျင်းပခဲ့ပြီး အားလုံးမျှော်လင့်ထားတဲ့အတိုင်း ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုကပဲ သူ့အတွက် ပဉ္စမမြောက် ဘလွန်းဒီအောဆုအဖြစ် ပဲရစ်မြို့မှာ အောင်ပွဲခံသွားခဲ့ပါတယ်။ စီရိုနယ်လ်ဒိုဟာ ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီရဲ့ အကောင်းဆုံးစွမ်းဆောင်နိုင်သူဆိုတာ အငြင်းပွားစရာမရှိခဲ့ပေမယ့် သူ့ရဲ့ ဆုချီးမြှင့်ပွဲမှာပြောကြားခဲ့တဲ့ စကားကတော့ မီဒီယာတွေကြား ရေးစရာတစ်ပုံကြီး၊ ပရိသတ်တွေကြား ပြောစရာတစ်ပုံကြီး ချန်ရစ်နိုင်ခဲ့ပါတယ်။

စီရိုနယ်လ်ဒိုက ဆုချီးမြှင့်ပွဲအခမ်းအနားမှာ သူ့ထက်ကောင်းတဲ့ ကစားသမားကို သူ မမြင်ဖူးသေးဘူးဘဲ ဒီလိုအတွေးမျိုးသာ အမြဲတမ်း တွေးထားကြောင်း မက်ဆီ၊ နေမာတို့ကို သူ့ထက်ပိုကြိုက်တဲ့သူတွေလည်း ရှိနေနိုင်ပေမယ့် ဘယ်သူကမှ သူ့ကို မယှဉ်နိုင်ပါဘူးလို့ ဆိုခဲ့တာဖြစ်ပါတယ်။ ဒီစကားအပေါ် လက်ခုပ်တီးကြိုဆိုသူတွေလည်း ရှိခဲ့ပေမယ့် သဘောမကျတဲ့ဘက်မှာနေတဲ့သူက ပိုများခဲ့တာပါ။ အချို့ကဆိုရင် ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်း မက်ဆီရဲ့ သွင်းဂိုးသွင်းအရေအတွက် ပိုမိုများပြားခဲ့တာ၊ ဒီနှစ်ဘောလုံးရာသီမှာလည်း မက်ဆီရဲ့စွမ်းဆောင်ရည်က ဘယ်ကစားသမားထက်မဆို ခေါင်းတစ်လုံးပိုမြင့်နေဆဲဖြစ်တာ ဒါတွေကိုလည်း ထောက်ပြလာကြပါတယ်။ စီရိုနယ်လ်ဒိုဟာ ဒီနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်မှာ ပုံမှန်ခြေစွမ်းရနေပေမယ့် လာလီဂါမှာတော့ မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့နှစ်ဦးကြား စွမ်းဆောင်ရည်က အတော်လေး ကွာဟနေတာပါ။

မက်ဆီက လာလီဂါသွင်းဂိုး ၁၄ ဂိုးသွင်းယူထားနိုင်ချိန် စီရိုနယ်လ်ဒိုရဲ့ သွင်းဂိုးက လေးဂိုးသာ ရှိပါသေးတယ်။ ဒါဟာ ရာသီအစ ပွဲပယ်ပြစ်ဒဏ်ကြောင့် သွင်းဂိုးအရေအတွက် သိသိသာသာ ကွာဟနေတယ်လို့ ပြောလို့ရပေမယ့် စီရိုနယ်လ်ဒိုရဲ့ ဒီသွင်းဂိုးတွေထဲ ပင်နယ်တီသွင်းဂိုးတွေပါ ပါဝင်နေတယ်ဆိုတာ သတိပြုရပါမယ်။ ဒါပေမယ့် စီရိုနယ်လ်ဒိုရဲ့ ထူးခြားချက်တစ်ခုက သူဟာ ယခုနောက်ပိုင်းနှစ်တွေ ဘောလုံးရာသီတိုင်းလိုလိုမှာ ဒုတိယရာသီဝက်ရောက်မှ ပိုကောင်းလာတတ်တဲ့ ကစားသမားဖြစ်ပြီး ဒုတိယရာသီဝက်ဆိုရင် သူ့ရဲ့ အမြင့်ဆုံးစွမ်းဆောင်ရည်ကို အမြဲတွေ့နေကျပါ။ ဒီအချက်ကို ပြီးခဲ့တဲ့ နှစ်ရာသီအတွင်း ထင်ထင်ရှားရှားတွေ့ခဲ့ရပြီးဖြစ်ပါတယ်။ ဒါ့အပြင် သူက ဒီလို တစ်ဦးချင်းထူးချွန်ဆုတွေက သူ့ရဲ့ အောင်မြင်မှုဆာလောင်စိတ်ကို ပိုတောက်လောင်စေတယ်လို့ဆိုခဲ့ပြီး နောက်တစ်ရက်အကြာ ကစားတဲ့ ဆီဗီလာနဲ့ ပွဲမှာ သူ့ရဲ့ အကောင်းဆုံးစွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ပါတယ်။

စီရိုနယ်လ်ဒိုဟာ ဘလွန်းဒီအောဆုချီးမြှင့်ပွဲလို ဘောလုံးလောက ဂုဏ်ထူးဝင်တွေ အများအပြားလာရောက်တဲ့အချိန်မှာ ဒီလိုစကားမျိုး ပြောကြားခဲ့တာကြောင့် သူ့အတွက် တာဝန်ကြီးလာပါပြီ။ ဒါပေမယ့် စီရိုနယ်လ်ဒိုဟာ ဒီစကားအတွက် တာဝန်ယူနိုင်တဲ့ စွမ်းဆောင်ရည်မျိုး၊ စိတ်စွမ်းအားမျိုးရှိသူဆိုတာကိုလည်း နှစ်ပေါင်းများစွာ သက်သေပြလာသူဖြစ်တာကြောင့် အကောင်းဆုံးခြေစွမ်းကို ပြသဖို့ အသင့်ဖြစ်နေပြီဆိုတာ သံသယဝင်စရာမရှိပါဘူး။

## မော်ရင်ဟို ဘာပဲပြောပြော မန်စီးတီးသာ ပိုကောင်းခဲ့တဲ့ မန်ချက်စတာဒါဘီ

ဒီရက်သတ္တပတ်မှာတော့ မန်ချက်စတာဒါဘီနဲ့အတူ ဘောလုံးပရိသတ်တွေအားလုံးရဲ့အာရုံက ဒီပွဲဆီကိုပဲ စုပြုံကျရောက်နေကြပါတယ်။ ပွဲမတိုင်မီကတည်းက ဘယ်လိုအခင်းအကျင်းနဲ့ လူထုတ်မလဲ၊ နှစ်ဖက်နည်းပြတွေ၊ ကစားသမားတွေရဲ့ပြောစကား၊ ဘောလုံးရေးရာကျွမ်းကျင်သူတွေရဲ့ ခန့်မှန်းချက်တွေကလည်း ပရိသတ်ရဲ့ အာရုံစိုက်မှုကို ပိုမိုရရှိအောင် ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ မန်ယူရဲ့ အိမ်ကွင်းပွဲ ၄၀ ရှုံးပွဲမရှိစံချိန်ကို မော်ရင်ဟို ထိန်းသွားမလား၊ ဂွါဒီယိုလာကပဲ ၁၄ ပွဲဆက် နိုင်ပွဲရရှိအောင် စွမ်းဆောင်သွားမလားဆိုတဲ့ နောက်ခံအကြောင်းအချက်ကောင်းကောင်းတွေ ရှိနေခြင်းကလည်း ပွဲကို ရုပ်လုံးကြွစေခဲ့ပါတယ်။

တကယ်တမ်း ကစားတော့ မော်ရင်ဟိုရဲ့ မန်ယူက မန်စီးတီးကို အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်သွားပါတယ်။ ဒီအတွက် မန်ယူဟာ မန်စီးတီးအောက် ရမှတ် ၁၁ မှတ်အထိ ကွာဟသွားခဲ့ပြီး ချန်ပီယံလမ်းကြောင်းကနေ ဖယ်ပေးလိုက်ရပြီဆိုတာက နံပါတ် ၁ နေရာမှာရှိနေတဲ့ အရေးကြီးဆုံးအချက်ပါ။ မန်စီးတီးဟာ ၁၄ ပွဲဆက် အနိုင်ရတဲ့ ပရီမီယာလိဂ်ရဲ့ ပထမဆုံးအသင်းဖြစ်လာခဲ့ခြင်း မန်ယူရဲ့ အိမ်ကွင်း ပွဲ ၄၀ ရှုံးပွဲမရှိ စံချိန်ပျက်သွားခြင်းတို့က ဒုတိယနေရာမှာ ရှိနေတဲ့အကြောင်းတရားပါ။ ဒါပေမယ့် မှတ်တမ်းဆိုတာထက် ရလဒ်က ပိုအရေးကြီးပါတယ်။ ဒီပွဲမှာ မန်ယူသာ ဒီပွဲမှာ မန်စီးတီးကို သရေကစားနိုင်ရင် ချန်ပီယံပြေးလမ်းကြောင်းမှာ မန်စီးတီးကို ဆက်လက်ဖိအားပေးနိုင်မှာ ဖြစ်ပေမယ့် မော်ရင်ဟိုရဲ့ မန်ယူကတော့ မန်ယူပရိသတ်တွေ မျှော်လင့်ထားသလို လုပ်မပြနိုင်ခဲ့ပါဘူး။

မော်ရင်ဟိုက မန်ယူအနေနဲ့ ပင်နယ်တီရသင့်ပြီး ဟာရဲရားကို ပင်နယ်တီဧရိယာအတွင်း အော့တာမန်ဒီက ပြစ်ဒဏ်ကျူးလွန်ခဲ့ပေမယ့် ဒိုင်လူကြီး မိုက်ကယ်အိုလီဗာက ဟာရဲရားကို ဟန်ဆောင်ဒိုင်ဗင်ပစ်တယ်ဆိုပြီး အဝါကတ်ပြသခဲ့တယ်လို့ ပြစ်တင်ဝေဖန်ခဲ့ပါတယ်။ မော်ရင်ဟိုက "ကျွန်တော်ရဲ့ ပထမဦးဆုံး တုံ့ပြန်ချက်ကတော့ မိုက်ကယ်အိုလီဗာအတွက် စိတ်မကောင်းပါဘူး၊ ပွဲကောင်းတစ်ပွဲမှာ အမှားအကြီးကြီး တစ်ခုကို သူလုပ်ခဲ့တယ်၊ ဒီပင်နယ်တီကို

> **မန်စီးတီးနည်းပြ ဂွါဒီယိုလာက ချက်ချင်းဆိုသလို တုံ့ပြန်ခဲ့ပြီး မန်စီးတီးရဲ့ ဘောလုံးပိုင်ဆိုင်မှု ၆၅ ရာခိုင်နှုန်းအထိ ရှိခဲ့တဲ့အပေါ် ထောက်ပြခဲ့ကာ လာမယ့်ဧပြီလမှာ ကစားမယ့် ဒုတိယအကျော့ မန်ချက်စတာဒါဘီဆို မန်စီးတီးအနေနဲ့ ပရီမီယာလိဂ်ဖလားရပြီဆိုတာ ပြောနိုင်တယ်ဆိုတဲ့ တုံ့ပြန်စကားနဲ့ မော်ရင်ဟိုကို အခံရခက်စေခဲ့**

မပေးခဲ့တဲ့အခါ ရလဒ်က ဒီအတိုင်းထွက်လာပါတယ်၊ တကယ်ဆို နှစ်ဂိုးစီသရေဖြစ်ရမှာပါ၊ ဒါက ရှင်းရှင်းလင်းလင်း ပင်နယ်တီဆိုတော့ မိုက်ကယ်ကံမကောင်းခဲ့ဘူးပေါ့ဗျာ"လို့ ပွဲအပြီး သတင်းစာရှင်းလင်းပွဲမှာ ထည့်သွင်းပြောကြားခဲ့တာပါ။

မော်ရင်ဟိုရဲ့ ပြောကြားချက်ကို မန်စီးတီးနည်းပြ ဂွါဒီယိုလာက ချက်ချင်းဆိုသလို တုံ့ပြန်ခဲ့ပြီး မန်စီးတီးရဲ့ ဘောလုံးပိုင်ဆိုင်မှု ၆၅ ရာခိုင်နှုန်းအထိ ရှိခဲ့တဲ့အပေါ် ထောက်ပြခဲ့ကာ လာမယ့်ဧပြီလမှာကစားမယ့် ဒုတိယအကျော့ မန်ချက်စတာဒါဘီဆို မန်စီးတီးအနေနဲ့ ပရီမီယာလိဂ်ဖလားရပြီဆိုတာ ပြောနိုင်တယ်ဆိုတဲ့ တုံ့ပြန်စကားနဲ့ မော်ရင်ဟိုကို အခံရခက်စေခဲ့ပါတယ်။ ဒါ့အပြင် ပွဲသိမ်းခရာမှုတ်လိုက်ချိန်မှာ မန်စီးတီးပရိသတ်တွေက "ဘတ်စ်ကားကြီး ဖယ်ပါ၊ ဘတ်စ်ကားကြီး ဖယ်ပါ၊ ယူနိုက်တက်" ဆိုပြီး အော်ဟစ်သီဆိုပြီး မော်ရင်ဟိုရဲ့ ဘတ်စ်ကားကစားကွက်လို့ လူသိများတဲ့ ခံစစ်ပိတ်ကစားကွက်ဗျူဟာအပေါ် လှောင်ပြောင်ခဲ့ကြပါတယ်။

ဒီတော့ ကစားခဲ့တဲ့ ပွဲရဲ့အနေအထားကို ပြန်သုံးသပ်ကြည့်ရအောင်ပါ။ မော်ရင်ဟိုဟာ ဒီပွဲမှာ အများမျှော်လင့်ထားတဲ့ နောက်တန်းသုံးယောက်ထားတဲ့ ဗျူဟာကို ကျင့်သုံးခဲ့ခြင်းမရှိဘဲ ၄-၂-၃-၁ ကစားကွက်ကို ခင်းကျင်းခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် လင်းဂတ်၊ မာရှယ်လ်၊ ရက်ရှ်ဖို့ဒ်၊ လူကာကူတို့လို တိုက်စစ်ကစားသမားလေးယောက်အထိ ထားပြီး မန်စီးတီးကို အသာရဖို့ အားထုတ်ခဲ့ပေမယ့် ကွင်းလယ်ပိုင်းမှာ ပေါ့ဘာ ပါဝင်နိုင်မှုမရှိခြင်းက မန်ယူရဲ့ ကွင်းလယ်နဲ့ ရှေ့တန်း ချိတ်ဆက်မှုကို အားနည်းစေခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဆေးလ်ဗား- ဖာနန်ဒင်ဟို-ဒီဘရိုင်းတို့ရဲ့ ကွင်းလယ်ပိုင်းဟာ မန်ယူကွင်းလယ်ပိုင်းရဲ့ စွမ်းဆောင်ရည်ထက် ခေါင်းတစ်လုံးအသာရခဲ့သလို မန်စီးတီးရဲ့ တိုက်စစ်မှူးတွေကို မန်ယူခံစစ်က အာရုံစိုက်နေချိန် မန်စီးတီး ကွင်းလယ်နဲ့ နောက်တန်းကစားသမားတွေက နေရာယူမှန်မှန်နဲ့ မန်ယူအသင်းဘက်ကို ဂိုးတွေရအောင် သွင်းသွားနိုင်ခဲ့တာပါ။

မော်ရင်ဟိုအနေနဲ့ ဒီပွဲမှာနည်းဗျူဟာပိုင်း အမှားအယွင်းမရှိခဲ့ဘဲ ဖြစ်နိုင်သမျှထဲက အကောင်းဆုံးရွေးချယ်ပြီး မန်စီးတီးကို ရင်ဆိုင်ခဲ့ပေမယ့် တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းမှာတော့ မန်စီးတီးအသင်းက သိသိသာသာ သာလွန်ခဲ့တာဖြစ်ပါတယ်။ ဒါတောင် မန်ယူတိုက်စစ်မှူးရက်ရှ်ဖို့ဒ်သွင်းယူခဲ့တဲ့ဂိုးဟာ မန်စီးတီးနောက်ခံလူ အော့တာမန်ဒီနဲ့ ဖေဘီယန်ဒဲ့ဖ်တို့ရဲ့ လူကပ်ကစားပုံ အားနည်းမှုကတစ်ဆင့်ရသွားခဲ့တာဖြစ်ပါတယ်။ မန်စီးတီးရသွားခဲ့တဲ့ နှစ်ဂိုးစလုံးကတော့ မန်ယူနောက်ခံလူတွေနဲ့ ဂိုးသမားဒီဂီယာတို့ ဘယ်လိုမှမတတ်နိုင်လို့ ပေးလိုက်ရတဲ့ဂိုးတွေသာဖြစ်ပါတယ်။ ဒါကြောင့် မော်ရင်ဟို ဘာပဲပြောပြော တစ်ပွဲလုံးကိုခြုံပြီး သုံးသပ်ရရင် မန်စီးတီးကသာ မန်ယူထက် သိသိသာသာ သာလွန်ခဲ့တာတော့ အမှန်ပဲဖြစ်ပါတယ်။

## မာဆေးဆိုက်ဒ်ဒါဘီနဲ့ လန်ဒန်ဒါဘီ

တနင်္ဂနွေနေ့မှာ မာဆေးဆိုက်ဒ် ဒါဘီ(လီဗာပူး-အဲဗာတန်)ပွဲလည်း ရှိခဲ့ပေမယ့် မန်ချက်စတာဒါဘီရဲ့ အရှိန်ကြောင့် ပရိသတ်ရဲ့ စိတ်ဝင်စားမှုနှုန်း သိပ်မရှိခဲ့ပါဘူး။ လီဗာပူးရဲ့ အိမ်ကွင်းအန်ဖီးလ်မှာ လီဗာပူးက ဆာလာရဲ့ ဂိုးနဲ့ ဦးဆောင်ခဲ့ပေမယ့် ဝိန်းရွန်းနီက ပင်နယ်တီကတစ်ဆင့် အဲဗာတန်အတွက် ချေပဂိုးကို သွင်းယူခဲ့ပါတယ်။ ဒါ့အပြင် လန်ဒန်ဒါဘီဖြစ်တဲ့ ဝက်စ်ဟမ်းနဲ့ ချယ်လ်ဆီးပွဲမှာ ချယ်လ်ဆီးက တစ်ဂိုး-ဂိုးမရှိနဲ့ အရေးနိမ့်ခဲ့တာကြောင့် ဇယားထိပ်က မန်စီးတီးနဲ့ ၁၄ မှတ်အထိ ကွာဟသွားပြီဖြစ်သလို နည်းပြ ကွန်တီကိုယ်တိုင် ချယ်လ်ဆီးရဲ့ ချန်ပီယံအိပ်မက် အဆုံးသတ်သွားပြီလို့ ဝန်ခံခဲ့ပါတယ်။ ဒါ့အပြင် ဆောက်သမ်တန်နဲ့ အာဆင်နယ်တို့ရဲ့ ပွဲစဉ်မှာလည်း တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တာကြောင့် အာဆင်နယ်အနေနဲ့ လီဗာပူး၊ ချယ်လ်ဆီး၊ မန်ယူတို့ရဲ့ ရလဒ်ဆိုးရွားမှုကို အခွင့်အရေးမယူနိုင်ခဲ့ဘူးလို့ ဆိုရမှာဖြစ်ပါတယ်။

## ဘလွန်းဒီအောဆု မရခဲ့ပေမယ့် မှတ်တမ်းတစ်ခု ရေးထိုးလိုက်ပြန်တဲ့ မက်ဆီ

မက်ဆီဟာ ဗီလာရီးယဲလ်နဲ့ပွဲမှာ သွင်းဂိုးတစ်ဂိုးသွင်းယူပြီး ဘောလုံးသမိုင်းမှာ မှတ်တမ်းတစ်ခု ရေးထိုးလိုက်ပါတယ်။ သူဟာ ဒီပွဲမှာ တစ်ဂိုးသွင်းယူခဲ့တာကြောင့် ဂတ်မူလာရဲ့ ထိပ်တန်းလိဂ်တစ်ခုရဲ့ အသင်းတစ်သင်းအတွက် သွင်းဂိုး ၅၂၅ ဂိုး စံချိန်ကို လိုက်မီခဲ့ပါတယ်။ မက်ဆီဟာ လက်ရှိအချိန်မှာ လာလီဂါမှာရော ချန်ပီယံလိဂ်မှာပါ ထိပ်တန်းခြေစွမ်းတစ်ရပ်ကို ပြသနေသူဖြစ်ပြီး ဒီနှစ်ဘောလုံးရာသီမှာ မက်ဆီရဲ့ ခြေစွမ်းကို ဘယ်ကစားသမားမှ လိုက်မမီပါဘူး။ ဒါပေမယ့် ကြာသပတေးနေ့က ဘလွန်းဒီအောဆုပေးပွဲမှာ မက်ဆီ ဒုတိယနဲ့သာ ကျေနပ်လိုက်ရတာဖြစ်ပြီး ဒီကိစ္စရပ်အပေါ် ဘာကာနည်းပြ ဗယ်လ်ဗာဒီကို မေးမြန်းရာမှာ သူက "ဒါကို လူသိရှင်ကြားဖော်ပြသည်ဖြစ်စေ၊ မဖော်ပြသည်ဖြစ်စေပေါ့၊ ကျွန်တော့်အတွက်တော့ ဒီနေရာမှာ ရှိနေတဲ့ကစားသမားတွေကသာ ကမ္ဘာ့အကောင်းဆုံးပါ" လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

## တစ်ပတ်အတွင်း အားကစားသတင်းသုံးသပ်ချက်



## ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက် ထိပ်တိုက် တွေ့ဆုံမှုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဂျူဗင်တပ် | - | စပါး | ဆီဗီလာ | - | မန်ယူ | ချယ်လ်ဆီး | - | ဘာစီလိုနာ |
| ဘေဆယ်လ် | - | မန်စီးတီး | ရီးယဲလ် | - | ပီအက်စ်ဂျီ | ဘိုင်ယန်မြူးနစ် | - | ဘီဆစ်တပ်စ် |
| ပေါ်တို | - | လီဗာပူး | ရှက်တာဒိုးနက် | - | ရိုးမား | | | |

ခိုင်ဝင်း

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ပါ သဘောသက်ရောက်သော အာမခံချက်များ**

၃၄။ (က) ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တွင် အတိအလင်း ဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှတစ်ပါး ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်း မပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို ပြုလုပ်ထားသည့် ပုဂ္ဂိုလ်က သဘောသက်ရောက်သော အာမခံချက်တစ်ရပ်ကို အောက်ပါအတိုင်းထားရှိရာ ရောက်သည်-

(၁) ကုမ္ပဏီအား ပဋိညာဉ်စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် ကာလတစ်ရပ်ရပ်အတွင်း သို့မဟုတ် ထိုသို့ဖော်ပြပါရှိခြင်း မရှိခဲ့လျှင် စာချုပ်ချုပ်ဆိုပြီးနောက် သင့်လျော်သည့် ကာလအတွင်း ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်မည်ဟုလည်း ကောင်း၊

(၂) ကုမ္ပဏီသည် ပဋိညာဉ်စာချုပ်ကို စာချုပ်တွင်သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း သို့မဟုတ် ထိုသို့ဖော်ပြပါရှိခြင်းမရှိခဲ့လျှင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးနောက် သင့်လျော်သည့်ကာလအတွင်း အတည်ပြုဆောင်ရွက်မည်ဟု လည်းကောင်း။

(ခ) ပုဒ်မခွဲ (က) အရ သဘောသက်ရောက်သော အာမခံချက်တစ်ရပ်ကို ချိုးဖောက်ခြင်းအတွက် တရားစွဲဆိုဆောင်ရွက်မှုတစ်ရပ်တွင် ရရှိထိုက်သော နစ်နာကြေးပမာဏသည် ပဋိညာဉ်စာချုပ်အား အတည်ပြုပြီးနောက် ပယ်ဖျက်သကဲ့သို့ စာချုပ်အရ တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုခဲ့သည့်အတွက် ကုမ္ပဏီ၏ ချိုးဖောက်မှုအပေါ် နစ်နာကြေးတောင်းဆိုသည့် တရားစွဲဆိုမှုတွင် ရရှိထိုက်သော နစ်နာကြေးပမာဏအတိုင်း ဖြစ်စေရမည်။

(ဂ) ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက်တွင် ပုဒ်မ ၃၃ အရ ကုမ္ပဏီမှ အတည်ပြုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်မှတစ်ပါး ကုမ္ပဏီသည် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ပါ အလားတူစည်းကမ်းချက်များဖြင့် သို့မဟုတ် အစားထိုး ပြင်ဆင်ဖော်ပြထားသည့် စည်းကမ်းချက်များဖြင့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့လျှင် သက်ဆိုင်သောပုဂ္ဂိုလ်၏ တာဝန်ရှိမှုသည် ပုဒ်မခွဲ (က) အရ နစ်နာမှုအတွက် လျော်ကြေးပေးရန် တရားရုံးကချမှတ်သည့် အမိန့်တစ်ရပ်အရ တာဝန်ရှိမှုအပါအဝင် ကင်းလွတ်ခွင့်ပြုရမည်။

**အတည်ပြုရန် ပျက်ကွက်ခြင်း**

၃၅။ (က) ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက်တွင်ကုမ္ပဏီက အတည်မပြုသော ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အပေါ် စာချုပ်ဝင် တစ်ဦးသည် တရားရုံးသို့တင်ပြ၍ အောက်ပါတို့နှင့်စပ်လျဉ်းသည့် အမိန့် တစ်ရပ် ချမှတ်ပေးရန် လျှောက်ထားနိုင်သည် -

(၁) ပဋိညာဉ်စာချုပ်အရ မြေပစ္စည်းဖြစ်စေ၊ အခြားပစ္စည်းဖြစ်စေ ရရှိထားသည့်ပစ္စည်းများကို အဆိုပါစာချုပ်ဝင်ထံသို့ပြန်ပေးစေရန် ကုမ္ပဏီသို့ ညွှန်ကြားခြင်း သို့မဟုတ်

(၂) အဆိုပါပစ္စည်း သို့မဟုတ် ပဋိညာဉ်စာချုပ်နှင့်သက်ဆိုင်သည့် စာချုပ်ဝင်အား ခံစားခွင့်ပြုသည့် အခြားသက်သာခွင့်များ သို့မဟုတ်

(၃) ပဋိညာဉ်စာချုပ်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အတည်ပြုခြင်း။

(ခ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) နှင့်အညီ အမိန့်တစ်ရပ်အား ချမှတ်ပြီးသည်ဖြစ်စေ၊ မပြီးသည် ဖြစ်စေ တရားရုံးသည် သင့်လျော်မျှတသည်ဟုယူဆလျှင် ၎င်းမှသင့်သည် ထင်မြင်သည့် အမိန့်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ သက်သာခွင့်တစ်ရပ်ရပ်ကို သော်လည်းကောင်း ချမှတ်ဆောင်ရွက်နိုင်သည်။

**ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီကချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အားချိုးဖောက်ခြင်း**

၃၆။ ကုမ္ပဏီက အတည်ပြုထားသော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း မပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အား ချိုးဖောက်မှုအတွက် ကုမ္ပဏီအပေါ်ပြုလုပ်သည့် တရားစွဲဆိုမှုတွင် တရားရုံးသည် ကုမ္ပဏီ၊ တရားစွဲဆိုမှုတွင်ပါဝင်သည့် အခြားစာချုပ်ဝင်များ၏ လျှောက်ထားချက် သို့မဟုတ် ၎င်းကိုယ်တိုင် တွေ့ရှိချက်များအပေါ်အခြေခံ၍ လျော်ကြေးပေးစေရန်ကိုသော်လည်းကောင်း၊ တရားရုံးကသင့်သည်ထင်မြင်သည့် အခြားသက်သာခွင့်ပေးစေရန်ကိုသော်လည်းကောင်း ချမှတ်နိုင်သည့်အပြင် ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့သည့် ပုဂ္ဂိုလ်အပေါ်တွင်လည်းကောင်း အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

## အခန်း(၉)

## ဤဥပဒေအရ မှတ်ပုံတင်ခွင့်ရှိသော သို့မဟုတ် မှတ်ပုံတင်ရမည့် အခြားကော်ပိုရေးရှင်းများနိုင်ငံတော်အတွင်း အာဏာတည်လျက်ရှိသော အခြားသောဥပဒေများအရ ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်းများ

**မှတ်ပုံတင်ဆောင်ရွက်နိုင်သည့် ကော်ပိုရေးရှင်းများ**

၃၇။ (က) ဤအခန်းတွင် ဖော်ပြပါရှိသည့် ခြွင်းချက်များနှင့် ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ နိုင်ငံတော်အတွင်းအာဏာတည်သည့် အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းများသည် ဤဥပဒေအရ တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီ သို့မဟုတ် အစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ သို့မဟုတ် ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုခုအဖြစ် မှတ်ပုံတင် နိုင်သည်။ အဆိုပါအဖွဲ့အစည်းကို ဖျက်သိမ်းရန်ရည်ရွယ်၍ မှတ်ပုံတင်ခြင်းသည် တရားမဝင် ဖြစ်သည်ဟု မှတ်ယူခြင်းမပြုရ။

(ခ) အထူးကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ယခင်ဥပဒေမတိုင်မီက အာဏာတည်လျက် ရှိသည့် ကုမ္ပဏီအက်ဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ထားသည့် ဤဥပဒေ စတင်အာဏာတည်သည့်နေ့အထိ တည်ရှိသော ကော်ပိုရေးရှင်းများအားလုံးသည် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများအဖြစ် သတ်မှတ်ဖော်ပြထားသည့် လိုအပ်ချက်များနှင့်အညီ ဤဥပဒေအရမှတ်ပုံတင်ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) နှင့် (ခ)၊ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါ ပြဋ္ဌာန်းချက်များသည် ပြည်ပကော်ပိုရေးရှင်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

**ကော်ပိုရေးရှင်း၏အမည်တွင် "လီမိတက်" စာသားအား ဖြည့်စွက်ခြင်း**

၃၈။ ကော်ပိုရေးရှင်းတစ်ခုကို ဤဥပဒေအရ တာဝန်ကန့်သတ်ထားရှိပြီး မှတ်ပုံတင်သည့်အခါ "လီမိတက်" သို့မဟုတ် "အများပိုင်ကုမ္ပဏီလီမိတက်" သို့မဟုတ် အခန်း (၆) တွင် ဖော်ပြထားသည့် အလားတူ စကားရပ်များကို ကော်ပိုရေးရှင်းအမည်တွင် ထည့်သွင်းလျက် မှတ်ပုံတင်ရမည်။

**တည်ဆဲကော်ပိုရေးရှင်းများအား မှတ်ပုံတင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်**

၃၉။ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပြီး သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာကြေးများကို ပေးသွင်းသည့်အခါတွင် မှတ်ပုံတင်အရာရှိသည် ကော်ပိုရေးရှင်းကို ဤဥပဒေအရ မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။ ထိုသို့ဆောင်ရွက်ပြီးနောက် အဆိုပါကော်ပိုရေးရှင်းသည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည်ဟု မှတ်ယူရမည်။ ၎င်းအပြင် အဆိုပါ ကော်ပိုရေးရှင်းသည် အစဉ်အဆက် ဆက်ခံဆောင်ရွက်ခွင့် ရှိစေရမည်ဖြစ်ပြီး လိုအပ်လျှင် ရုံးတံဆိပ်ထားရှိနိုင်သည်။

**စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များ**

**အသင်းအဖွဲ့များအတွက် ကန့်သတ်တားမြစ်ချက်များ**

၄၀။ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ -

(က) အသင်းအဖွဲ့ကို ယင်းအသင်းအဖွဲ့ကသော်လည်းကောင်း၊ ယင်းတို့၏ အဖွဲ့ဝင်များက သော်လည်းကောင်း အကျိုးအမြတ်ရယူရန် ရည်ရွယ်ချက်ဖြင့် အခြားစီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဤဥပဒေအရ ဖွဲ့စည်းခြင်း မပြုရ။

(ခ) ဤပုဒ်မနှင့်ဆန့်ကျင်ပြီး စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်သော အသင်းအဖွဲ့ တစ်ခုခုတွင် ပါဝင်သူအားလုံးသည် အဆိုပါ စီးပွားရေးလုပ်ငန်းတွင် ဆောင်ရွက်ရသည့် တာဝန်ရှိမှုများအားလုံးအတွက် တစ်ဦးချင်းအလိုက် တာဝန်ရှိသည်။

၄၁။ ပုဒ်မ ၄၀ နှင့် ဆန့်ကျင်ပြီးဖွဲ့စည်းထားသည့် အသင်းအဖွဲ့တစ်ခုခုတွင် ပါဝင်သူတစ်ဦးဦးသည် ဒဏ်ကြေးငွေ ကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**စီးပွားရေးလုပ်ငန်းနှင့် အလားတူကိစ္စရပ်များအတွက် တည်ထောင်သည့် အသင်းအဖွဲ့များကို မှတ်ပုံတင်ရန် အခွင့်အာဏာ**

၄၂။ (က) တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအဖြစ် တည်ထောင်နိုင်သော အသင်းအဖွဲ့တစ်ခုသည် စီးပွားရေးလုပ်ငန်းများကိုအထောက်အကူပြုရန် သို့မဟုတ် အခြားသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်အတွက် တည်ထောင်ခဲ့ကြောင်း သို့မဟုတ် တည်ထောင်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်း၏ အကျိုးအမြတ် (ရှိခဲ့လျှင်) သို့မဟုတ် ယင်း၏ရည်ရွယ်ချက်များကို မြှင့်တင်ဆောင်ရွက်ရာမှ ရရှိသောအခြား ဝင်ငွေများကို အသုံးပြုကြောင်း သို့မဟုတ် အသုံးပြုရန် ရည်ရွယ်ကြောင်းနှင့် ယင်းအဖွဲ့အစည်းတွင် ပါဝင်သူများသို့ အကျိုးအမြတ် တစ်စုံတစ်ရာ ခွဲဝေပေးခြင်းကိုတားမြစ်ထားကြောင်း မှတ်ပုံတင်အရာရှိမှ ကျေနပ်လက်ခံစေရန် တင်ပြနိုင်လျှင် ယင်း၏အမည်တွင် "တရားဝင်တည်ထောင်ထားသော" ဟူသည့် စကားရပ်ဖြည့်စွက်၍ လိုင်စင်ပေးအပ်ခြင်းဖြင့် အဆိုပါအသင်းအား မှတ်ပုံတင်ခွင့်ပြုနိုင်သည်။

(ခ) ဤပုဒ်မအရ မှတ်ပုံတင်အရာရှိသည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ၎င်းက သင့်သည်ထင်မြင်သည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် လိုင်စင်တစ်ရပ်ကို ပေးအပ်နိုင်သည်။ အဆိုပါ စည်းမျဉ်းစည်းကမ်းများသည် ဖော်ပြပါအသင်းအဖွဲ့အပေါ်တွင် စည်းနှောင်မှုရှိပြီး မှတ်ပုံတင်အရာရှိကညွှန်ကြားလျှင် အသင်းအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း၌ ထည့်သွင်းဖော်ပြရမည်။

(ဂ) အသင်းအဖွဲ့သည် မှတ်ပုံတင်ပြီးနောက် ယင်း၏အမည်တွင် "လီမိတက်" ဟူသော စကားရပ်အား ထည့်သွင်းအသုံးပြုခြင်းမှအပ တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများမှ ရရှိသော အခွင့်အရေးများအားလုံးကို ရရှိခံစားနိုင်ပြီး ကုမ္ပဏီများ၏ တာဝန်များ အားလုံးကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ဃ) ဤပုဒ်မအရပေးအပ်ထားသည့် လိုင်စင်တစ်ရပ်ကို မည်သည့်အခါတွင်မဆို မှတ်ပုံတင်အရာရှိက ပြန်လည်ရုပ်သိမ်းနိုင်ပြီး ထိုသို့ရုပ်သိမ်းခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အသင်းအဖွဲ့အား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်ဖြစ်ပြီး အသင်းအဖွဲ့သည် ဤပုဒ်မအရ ပေးအပ်ထားသည့် သက်သာခွင့်များနှင့် အခွင့်အရေးများကို ရရှိခံစားနိုင်ခြင်းမှ ရပ်စဲစေရမည်။ သို့ရာတွင် လိုင်စင်အား ထိုသို့ရုပ်သိမ်းခြင်းမပြုမီ မှတ်ပုံတင်အရာရှိသည် ထိုသို့ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း စာဖြင့်ရေးသား ဖော်ပြ ထားသည့် သင့်လျော်သည့် အကြောင်းကြားစာကို ၂၈ ရက်ထက် နောက်မကျစေဘဲ အသင်းအဖွဲ့ထံသို့ ပေးပို့ရမည်ဖြစ်ပြီး အဆိုပါ အကြောင်းကြားသည့်ကာလအတွင်း အသင်းအဖွဲ့အနေဖြင့် ထိုသို့ရုပ်သိမ်းခြင်း မပြုထိုက်ကြောင်း တင်ပြချက်တစ်ရပ်ကိုပြုလုပ်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်သည်။

(င) မှတ်ပုံတင်အရာရှိသည် -

(၁) လိုင်စင်တွင် လိုက်နာဆောင်ရွက်ရန် ဖော်ပြခဲ့သော စည်းမျဉ်းစည်းကမ်းများ ရှိခဲ့လျှင် ယင်းစည်းမျဉ်းစည်းကမ်းများအစား သို့မဟုတ် ယင်းစည်းမျဉ်း စည်းကမ်းများအပြင် မှတ်ပုံတင်အရာရှိမှ သင့်သည်ထင်မြင်သည့် စည်းမျဉ်းစည်းကမ်းများဖြင့် လိုင်စင်ကို ပြောင်းလဲပြင်ဆင်နိုင်သည် သို့မဟုတ်

(၂) ယခင်ထုတ်ပေးခဲ့သောလိုင်စင်အစား လိုင်စင်အသစ်တစ်ရပ်ကို ထုတ်ပေးနိုင်သည်။

(စ) ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (င) အရ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ဖြင့် ပြောင်းလဲပြင်ဆင်မှု သို့မဟုတ် လိုင်စင်တစ်ရပ် ထုတ်ပေးမှု သို့မဟုတ် ကျင့်သုံးဆောင်ရွက်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ ညွှန်ကြားနိုင်သည်။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အခြားသက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေဘဲ အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရမည်။

**ပြည်ပကော်ပိုရေးရှင်းများအား မှတ်ပုံတင်ခြင်း**

**ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် နိုင်ငံတော်အတွင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း**

၄၃။ (က) ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြားကော်ပိုရေးရှင်းအဖွဲ့အစည်း တစ်ခုခုသည် ဤအခန်းအရ မှတ်ပုံတင်ထားခြင်းမရှိဘဲ နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် ကော်ပိုရေးရှင်းအဖွဲ့အစည်း တစ်ခုခုသည် နိုင်ငံတော်အတွင်း အောက်ပါတို့ကိုပြုလုပ်ဆောင်ရွက်ခြင်းရှိကာမျှနှင့် နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည်ဟု မှတ်ယူခြင်းမရှိစေရ -

(၁) တရားစွဲဆိုမှုတစ်ရပ်တွင် အမှုသည်တစ်ဦးဖြစ်ခြင်း သို့မဟုတ် ဖြစ်လာခြင်း၊ သို့မဟုတ် တရားစွဲဆိုမှုတစ်ရပ် သို့မဟုတ် တောင်းဆိုမှု သို့မဟုတ် အငြင်းပွားမှု တစ်ရပ်ကို ဖြေရှင်းခြင်း သို့မဟုတ်

(၂) ဒါရိုက်တာများ သို့မဟုတ် အစုရှယ်ယာရှင်များ၏ အစည်းအဝေးများကို ကျင်းပခြင်း သို့မဟုတ် ၎င်းတို့၏အဖွဲ့အစည်းအတွင်းပိုင်း စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခြင်း သို့မဟုတ်

(၃) ဘဏ်ငွေစာရင်းတစ်ခု ဖွင့်လှစ်ထားရှိခြင်း သို့မဟုတ်

(၄) သီးခြားကန်ထရိုက်တာတစ်ဦးမှ တစ်ဆင့်ပစ္စည်းများ ရောင်းချမှုကို ပြုလုပ်ခြင်း သို့မဟုတ်

(၅) လုပ်ငန်းလက်ခံရရှိခြင်းတစ်ရပ်သည် နိုင်ငံတော်၏ ပြင်ပတွင် လက်ခံရရှိခဲ့မှသာလျှင် စည်းနှောင်မှုရှိသော ပဋိညာဉ်စာချုပ်တစ်ရပ်ဖြစ်လာမည့် လက်ခံခြင်း သို့မဟုတ် ရရှိခြင်း သို့မဟုတ်

(၆) ငွေကြေးများ ချေးပေးခြင်း၊ ကြွေးမြီသက်သေခံချက် ပြုလုပ်ခြင်း သို့မဟုတ် ပစ္စည်းများအပေါ်တွင် ကြွေးမြီတာဝန်တင်ရှိခြင်း သို့မဟုတ်

(၇) ယင်း၏ကြွေးမြီများမှ တစ်ရပ်ရပ်ကို ရရှိခြင်း သို့မဟုတ် တောင်းယူခြင်း သို့မဟုတ် အဆိုပါကြွေးမြီများနှင့်စပ်လျဉ်းသည့် ငွေချေးသက်သေခံလက်မှတ်များနှင့် သက်ဆိုင်သည့် အခွင့်အရေးများကို အတည်ပြုဆောင်ရွက်ခြင်း သို့မဟုတ်

(၈) အခါအားလျော်စွာ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သည့် အလားတူလုပ်ငန်းဆောင်ရွက်မှုများ မဟုတ်သည့် ရက်ပေါင်း ၃၀ ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် သီးခြားလုပ်ငန်းဆောင်ရွက်ချက်တစ်ရပ်ကို ပြုလုပ်ခြင်း သို့မဟုတ်

(၉) ယင်း၏ရန်ပုံငွေများကို ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် ပစ္စည်းများကို ထိန်းသိမ်းထားခြင်း။

(ဂ) နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများကို ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြားကော်ပိုရေးရှင်း အဖွဲ့အစည်းတစ်ခုခုက ဆောင်ရွက်ခြင်း ရှိ၊ မရှိ နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် အခါအားလျော်စွာ လမ်းညွှန်ချက်များကို ထုတ်ပြန်နိုင်သည်။ သို့ရာတွင် အဆိုပါလမ်းညွှန်ချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရမည်။

(ဃ) ပြည်ထောင်စုဝန်ကြီးသည် ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားချက်အရသော်လည်းကောင်း၊ မိမိ၏ တွေ့ရှိချက်အရသော်လည်းကောင်း အလားတူအခြေအနေတွင် ကော်ပိုရေးရှင်း တစ်ခုခုကိုဖြစ်စေ သို့မဟုတ် ကော်ပိုရေးရှင်းအမျိုးအစား တစ်ရပ်ရပ်ဖြစ်စေ နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း ရှိ၊ မရှိကို သတ်မှတ်ဖော်ပြထားနိုင်သည်။ **ဆက်လက်ဖော်ပြပါမည်။**

# ဗိုလ်ချုပ်ကြေးရုပ်နှင့်အောင်ဆန်းရင်ပြင် စည်ပင်သာယာရေးကော်မတီသို့လွှဲပြောင်းပေးအပ်



**မင်းဘူး ဒီဇင်ဘာ ၁၁**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ပြည်သူ့ပန်းခြံအတွင်း၌ ဇွန် ၁၉ ရက်က ဖွင့်လှစ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်နှင့် အောင်ဆန်းရင်ပြင်အား စည်ပင်သာယာရေး ကော်မတီသို့ လွှဲပြောင်း ပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက မင်းဘူးမြို့နယ်စည်ပင် သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ ကြောင်း သိရသည်။

အခမ်းအနားတွင် မင်းဘူးမြို့ ဗိုလ်ချုပ်အောင်ဆန်းကြေး ရုပ်နှင့် ရင်ပြင်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းက ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်၊ ရင်ပြင်ဖြစ်မြောက်လာ ရခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်း ပြောကြားပြီး စာရွက်စာတမ်းများကိုလွှဲပြောင်းပေးအပ်ရာ စည်ပင်အမှုဆောင်အရာရှိ ဦးဝင်းနိုင်မှ လက်ခံရယူခဲ့ကာ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ပန်းချီကားချပ်အား ဗိုလ်ချုပ်ကြေးရုပ်ကော်မတီအဖွဲ့မှ စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးနွံ့အောင်ထံသို့ ပေးအပ်ခဲ့ကြောင်းသိရ သည်။

**ဖိုးပြည့်(မင်းဘူး)**

# နိုင်ငံတကာအဆင့်မီ လှောင်အိမ်ဘောလုံးကွင်းဖွင့်လှစ် Panna Football Court ကစားနည်းသရုပ်ပြကစား

**မဟာအောင်မြေ ဒီဇင်ဘာ ၁၁**
နိုင်ငံတကာအဆင့်မီ လှောင်အိမ်ဘောလုံးကွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့မဟာအောင်မြေ မြို့နယ် ရဲမွန်တောင်ရပ်ကွက် ၅၅ လမ်းနှင့် ၄၃ လမ်း ထောင့် ရှိအဆိုပါဘောလုံးကွင်းတွင်ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစိုင်းကျော်ဇော၊ မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးဝေဇင်၊ တိုင်းဒေသ ကြီးဘောလုံးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းကြီးတို့ တက်ရောက်အားပေးပြီးလှောင်အိမ်ဘောလုံးကွင်းအား ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် Royal Lucky Home group of Companies မှ ဒေါ်သီတာစန်းက မျိုးဆက်သစ်အားကစားသမားများပေါ် ထွန်းရေးလေ့ကျင့်ယှဉ်ပြိုင်နိုင်ရေး နိုင်ငံတကာအဆင့်မီမြက် ခင်းတုလှောင်အိမ်ဘောလုံးကွင်းတည်ဆောက်ရခြင်းရည် ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍အီတလီနိုင်ငံအင်တာမီလန် ဘောလုံးကလပ်မှ နည်းစနစ်မှူးဂျိုးဇက်က Panna Football Courtကစားနည်း များ အား ရှင်းလင်းပြောကြားပြီး ရတနာပုံအက်ဖ်စီဘောလုံး အသင်းမှကစားသမားများနှင့် သရုပ်ပြကစားခဲ့ကြောင်း သိရသည်။

ဘောလုံးကွင်းမှာ ပျမ်းမျှအလျား ၁၆ ပေ၊ အနံ ၁၆ပေ ကျယ်ဝန်းပြီး တစ်ဖက်လျှင် ကစားသမား နှစ်ဦးပါဝင် ကစားရ ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# မိတ္ထီလာတွင် ပဥ္စမအကြိမ်မြောက် စိုက်ပျိုးရေးပွဲတော်ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၁၁**
မိတ္ထီလာမြို့တွင် နိုင်ငံတကာလူမှုကူညီထောက်ပံ့ ရေးဆောင်ရွက်နေသည့် အင်တာနေရှင်နယ် အင ်န်ဂျီအိုအဖွဲ့အစည်းတစ်ခုဖြစ်သည့် ချက်စ်ဗွီမှ ကြီးမှူးကျင်းပသည့် ပဥ္စမအကြိမ်မြောက် စိုက်ပျိုးရေးပွဲတော်ကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီအချိန်က ထီလာဟိုတယ်ခန်းမ၌ ကျင်းပကြောင်းသိရသည်။

"ချက်ဗွီအနေနဲ့ အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ ရန်ပုံငွေ၊ ရှေ့သို့ ဦးဆောင် အဖွဲ့ဖြစ်တဲ့ ပက်မြန်မာရဲ့ ပံ့ပိုးကူညီမှုများနဲ့ အတူ မိတ်ဖက်အဖွဲ့အစည်းများကိုပူးပေါင်း ပါဝင်ဖို့ ဖိတ်ခေါ်ပြီး စိုက်ပျိုးရေးပွဲတော်ကို တစ်နှစ်တစ်ကြိမ်ကျင်းပခဲ့တာပါ။ စိုက်ပျိုးရေး ကဏ္ဍတိုးတက်စေရေးအတွက် စိုက်ပျိုးရေးဦးစီး ဌာနနဲ့ ရှေ့သို့စီမံကိန်းလက်တွဲဆောင်ရွက်နေ မှု များကို ပြသရန်၊ ရှေ့ သို့ စီမံကိန်းရဲ့ စိုက်ပျိုး ရေး ကဏ္ဍတိုးတက်ရေးဆောင်ရွက်နေမှုနဲ့ မိတ်ဖက်အဖွဲ့အစည်းများရဲ့ လုပ်ငန်းဆောင် ရွက်မှုများကို စုစည်းမြင်တွေ့လေ့လာခွင့်ရ စေရန်၊ ကျေးရွာများရဲ့အနာဂတ် ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေးအတွက် အစိုးရအဖွဲ့အစည်း များ၊ အင်န်ဂျီအိုအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကုမ္ပဏီများ လက်တွဲဆောင်ရွက်နေမှုကိုပြသရန် နဲ့ တောင်သူများအတွက် သိပ္ပံနည်းကျစိုက်ပျိုး ရေးပညာနှင့် ဈေးကွက်ဆိုင်ရာ အသိပညာများ၊ လက်တွေ့နယ်ပယ်က အတွေ့အကြုံများကို နှီးနှောဖလှယ်ဆောင်ရွက်နိုင်စေရန် ရည်ရွယ် ချက်များနဲ့ စိုက်ပျိုးရေးပွဲတော်ကို ကျင်းပပြုလုပ် တာဖြစ်ပါတယ်"ဟု ချက်စ်ဗွီအဖွဲ့မှ စီမံကိန်း မန်နေဂျာ ဦးဌေးနိုင်က ပြောသည်။

အဆိုပါစိုက်ပျိုးရေးပွဲတော်သို့ ခရိုင်အုပ်ချုပ် ရေးမှူးဦးကျော်ကျော်ထွန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကျင်မောင် ၊ တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်၊ ချက်စ်ဗွီအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr.Rapf၊ Mr.Quantence (Sector Coodinator) နှင့် တာဝန်ရှိသူများ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ချက်စ်ဗွီအဖွဲ့၏ စီမံကိန်းဝင် ကျေးရွာဒေသခံတောင်သူများ၊ စိုက်ပျိုးရေး ပွဲတော်အား စိတ်ဝင်စားသူများ တက်ရောက်ကြ သည်။

ယင်းစိုက်ပျိုးရေးပွဲတော်တွင် မကွေး၊ စလင်း၊ ဆိပ်ဖြူ၊ရေနံချောင်း၊ ပုလဲ၊ မိတ္ထီလာမြို့နယ် များမှ ချက်စ်ဗွီအဖွဲ့၏စီမံကိန်းဝင် ကျေးရွာများ မှ တောင်သူများ ပါဝင်တက်ရောက်ကြပြီး ၎င်းတို့၏ စိုက်ပျိုးရေးလုပ်ငန်းအတွေ့အကြုံ များ ဖလှယ်နှီးနှောခြင်း၊ စိုက်ပျိုးရေးပညာရှင် များက စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ဟောပြောခြင်း၊ စိုက်ပျိုးရေးပြခန်းများ ခင်း ကျင်းပြသခြင်းတို့ကို ဆောင်ရွက်ကြောင်းသိရ သည်။

**ချမ်းသာ(မိတ္ထီလာ)**

# ယဉ်ကျေးမှုအမွေအနှစ် အနုပညာလက်ရာအများဆုံး တည်ရှိသော မန္တလေးမြို့သို့ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများပြား

**မန္တလေး ဒီဇင်ဘာ ၁၁**
မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အနုပညာ လက်ရာ အများဆုံးတည်ရှိသော မန္တလေးမြို့ သို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင် တစား လာရောက်လည်ပတ်လေ့လာမှုများ ပြားလျက်ရှိကြောင်းသိရသည်။

ခရီးသွားရာသီဆိုတော့ ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေ လာရောက် လည်ပတ်မှု များပြားကြောင်း၊ မန္တလေးမြို့မှာရှိတဲ့မဟာမုနိ ဘုရားကြီး၊ ဦးပိန်တံတား၊ မန္တလေးတောင်နှင့် ကုသိုလ်တော်ဘုရားတွေမှာဆိုရင်ပြည်တွင်း ပြည်ပခရီးသွားတွေ လာရောက်လည်ပတ်မှု နေ့စဉ်စည်ကားလျက်ရှိကြောင်း၊ ပန်း(၁၀) မျိုး ပညာရပ်တွေဖြစ်တဲ့၊ ပန်းချီ၊ ပန်းပု လုပ်ငန်း၊ ကျောက်ဆစ်လုပ်ငန်း၊ ကြေးသွန်း၊ ကြေးခတ်လုပ်ငန်း၊ရွှေချည်ထိုးလုပ်ငန်းအစ ရှိသောလုပ်ငန်းတွေ ထွန်းကားသောမြို့တော် ဖြစ်သလို ရှေးဘုရင်မင်းဆက် နောက်ဆုံးစိုးစံ ခဲ့တဲ့မြို့တော်ဖြစ်လို့ ရှေးဟောင်းအဆောက် အအုံတွေ၊ ရှေးဟောင်းစေတီပုထိုးတွေ၊ ယဉ်ကျေးမှုအမွေအနှစ် လက်ရာတွေနဲ့ အခြား စိတ်ဝင်စားစရာ နေရာများစွာ ရှိတော့ ပြည်တွင်းပြည်ပခရီးသွားတွေ လာရောက် လည်ပတ်မှု များပြားလျက်ရှိကြောင်း မန္တလေးမြို့မှဒေသခံ တစ်ဦးကပြောပြသည်။



မြန်မာ့ပန်း(၁၀)မျိုး ပညာဖြစ်သော ပန်းချီ၊ ပန်းပု၊ ပန်းပဲ၊ ပန်းရန်၊ ပန်းထိမ်၊ ပန်းပွတ်၊ ပန်း ယွန်း၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့အစရှိ သော အနုပညာလုပ်ငန်းများနှင့် ယဉ်ကျေးမှု အမွေအနှစ် အများဆုံး တည်ရှိနေသော မြို့တော်ဖြစ်လို့ ပြည်တွင်းပြည်ပ ခရီးသွားများ အတွက် လေ့လာစရာမကုန်နိုင်သောမြို့တော် လည်းဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိပြီး စီးပွား ရေးအချက်အချာကျသော မန္တလေးမြို့တော် သည် ရှေးဘုရင်မင်းများ နောက်ဆုံး ထီးနန်း စိုးစံခဲ့သော မြို့တော် ဖြစ်သောကြောင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်း စေတီပုထိုးများနှင့် သမိုင်းအစဉ်အလာ ကြီးမားသောနေရာများစွာ ယနေ့တိုင် တည်ရှိနေသော မြို့တော်လည်းဖြစ်သည်။

မန္တလေးမြို့တော်၏ လေ့လာလည်ပတ်နိုင် သောထင်ရှားသောနေရာများမှာ သမိုင်း အစဉ်အလာကြီးမားခဲ့သောမန္တလေးနန်းမြို့ ရိုးနှင့်ကျုံးတော်၊ သဘာဝအလှတရားများနှင့် ပြည့်စုံသော မန္တလေးတောင်၊ မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော မဟာမုနိ ဘုရားကြီး၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင် ကုသိုလ်တော် ဘုရားကြီး၊ မြန်မာ့ အနုပညာလက်ရာများနှင့် ပြည့်စုံသော ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)၊ ကမ္ဘာ ကျော် ဦးပိန်တံတားနှင့် တောင်သမန်အင်း၊ ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်၊ အမရပူရမြို့ရှိ ရှေးဟောင်းစေတီပုထိုးများ၊ မန္တလေးမြို့အနီးတွင်တည်ရှိ၍ ရှေးဘုမင်း များ ထီးနန်းစိုးစံခဲ့သော အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းစေတီပုထိုးများနှင့် အခြား စိတ်ဝင်စားဖွယ်ကောင်းသော နေရာများ ပိုင် ဆိုင်ထားပြီး ယဉ်ကျေးမှုအမွေအနှစ်အများ ဆုံးတည်ရှိသော မန္တလေးမြို့သည် ခရီးသွား များအတွက် အထူးဆွဲဆောင် လျက်ရှိသော ကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိ ကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# စစ်ရေးပြနှင့် လက်နက်ငယ်ကျွမ်းကျင်မှု(မွမ်းမံ) သင်တန်းဖွင့်

**မော်လမြိုင် ဒီဇင်ဘာ ၁၁**

မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးဖွင့်လှစ်သော စစ်ရေးပြနှင့် လက်နက်ငယ်ကျွမ်းကျင်မှု(မွမ်းမံ) သင်တန်းအမှတ် (၁/၂၀၁၇) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် ကျင်းပရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ဦး/ရေး/ထောက် (ပထမတန်း) ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယ ရဲမှူးကြီး ဇော်မိုး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်းဦး၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း၊ မော်လမြိုင်ခရိုင်ရှိ ခြောက်မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နယ်မြေရဲစခန်းမှူးများ၊ နည်းပြဆရာများ၊ အခြားအဆင့် သင်တန်းသား ၃၀ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်ရဲတပ်ဖွဲ့**



# ပြည်သာယာဓမ္မာရုံ ရွှေရတုအထိမ်းအမှတ် စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ၁၆ ရပ်ကွက်လုံးဆိုင်ရာ ပြည်သာယာဓမ္မာရုံ နှစ် ၅၀ ပြည့် ရွှေရတု အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နဝကမ္မ စာရေးတံမဲကပ်လှူပူဇော်ပွဲကို ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကင်းမြို့နယ် ၁၆ ရပ်ကွက် မာလာမြိုင်လမ်းနှင့် ပြည်တော်အေးလမ်းကြားရှိ ပြည်သာယာ ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်သံဃနာယက ဆရာတော်များထံမှ ဓမ္မာရုံ အမှုဆောင်များနှင့် တက်ရောက်လာကြသူများက သီလဆောက်တည်၍ သက်နီးများ ဆက်ကပ်လှူဒါန်းပြီး ပင့်သံဃာ ၂၁၃ ပါးတို့အား နဝကမ္မ စာရေးတံမဲဖောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် အမှူးပြုသော မြို့နယ်အတွင်းရှိ ကျောင်းတိုက် ၁၇ တိုက်မှ ပင့်သံဃာ ၂၁၃ ပါးတို့အား ရပ်ကွက်အတွင်းနေ ပြည်သူများက ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ ခန့်မှန်းစာရင်းကောက်မှုအရ ဆွမ်းဆန်စိမ်းလောင်းလှူခဲ့သည့် ငွေပမာဏမှာ သိန်း ၅၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

လှူဒါန်းမှုအစုစုတို့အတွက် သာဓုအနုမောဒနာခေါ်ဆိုခြင်းနှင့် ကွယ်လွန်ခဲ့ပြီးဖြစ်သော ဓမ္မာရုံ၏ နာယကကြီးများနှင့် အမှုဆောင်များအား အမျှပေးဝေခြင်းကို သံဃာတော် အပါး ၅၀ တို့အား ပင့်ဖိတ်၍ လှူဖွယ်ဝတ္ထုနှင့် နေ့ဆွမ်း ဆက်ကပ်ခြင်းကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ဓမ္မာရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး အောင်ပွဲအထိမ်းအမှတ် စတုဒိသာကျွေးမွေးခြင်းနှင့် မြန်မာ့ရိုးရာခြင်းအလှခတ်ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၅ ရက် ညနေ ၄ နာရီတွင် ဓမ္မာရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

ယင်းအပြင် ဒီဇင်ဘာ ၁၆ ရက် ည ၇ နာရီတွင် အောင်ပွဲအထိမ်းအမှတ်အဖြစ် ဘောက်ထော်ဈေးရှေ့၌ သီးလေးသီးအငြိမ့်ဖြင့် ပြည်သူများအား ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



**ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဆက်တိုက်လေ့ကျင့်ခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၉ ရက်နံနက်ပိုင်းက ရွှေတောင်မြို့နယ် မြို့မဈေးကြီးအတွင်း၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးထက်ဇော်မင်းနှင့်အဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်စဉ်။**

၁၄၃




ဖြူးမြို့နယ် ဒီဇင်ဘာအားကစားလ ဒုတိယပတ် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၅ နာရီက ကျင်းပရာ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်အသီးသီးမှ ပြည်သူ လူထု ၅၀၀၀ ခန့် တက်ကြွစွာ ပါဝင်ဆင်နွှဲကြသည်။ သက်မှူး

# ဦးစီးမှူး(မြို့ပြ)လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၂၀)ဖွင့်

**ပဲခူး ဒီဇင်ဘာ ၁၁**

စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရှိ အင်ဂျင်နီယာ ဝန်ထမ်းများအတွက် ဦးစီးမှူး(မြို့ပြ)လုပ်ငန်းဝင် သင်တန်းအမှတ်စဉ် (၂၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ၌ ကျင်းပသည်။

ရှေးဦးစွာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်) စီမံရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက သင်တန်းတွင် ပို့ချပေးမည့် ဆည်မြောင်းအင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်များ၊ စီမံရေးရာ ဘာသာရပ်များ၊ ငွေစာရင်းပိုင်းဆိုင်ရာ ဘာသာရပ်များ၊ ရေအရင်းအမြစ်များ ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းအား တိုးတက်ပြောင်းလဲလာသော ဆည်မြောင်းအင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်များ ပို့ချပေးနိုင်ရန်နှင့် ဆည်ရေအသုံးပြုမှု စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်များ ပိုမိုအဆင့်မြင့်လုပ်ဆောင်လာနိုင်စေရန်ရည်ရွယ်၍ ဒီဇင်ဘာ ၁၁ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်ထိ ရက်သတ္တ လေးပတ်တာဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၄ ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဇဟာန်း ဆရာစံရပ်ကွက်လုံးကျွတ် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**ဇဟာန်း ဒီဇင်ဘာ ၁၁**

ဇဟာန်းမြို့နယ် ဆရာစံရပ်ကွက် ဦးချစ်မောင်လမ်းရှိ ဓမ္မာရုံ၌ ဒီဇင်ဘာ၁၁ ရက်နံနက်က ဇဟာန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (အခြေခံကျန်းမာ၊ ကျန်းမာပညာ) ဦးစီးအရာရှိ ဒေါက်တာဟန်မွန်းမုန် ဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးသက်တင်နှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖ ဦးအောင်မျိုးဝင်းနှင့်အဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များမှ ဒုတိယအကြိမ် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်မှုအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

"ကာကွယ်ဆေးထိုးနှံဖို့ ဒီဇင်ဘာ၁၁ ရက် မှ ၂၀ ရက်ထိ သတ်မှတ်ထားပါတယ်၊ အသက်ကိုးလကနေ ငါးနှစ်ထိ ကလေးများကို ဦးစားပေးထိုးနှံပေးနေတာပါ၊ ပထမအကြိမ်က ကျန်ရှိတဲ့ အသက် ငါးနှစ်မှ ၁၅ နှစ်ထိ ကလေးတွေကိုလည်း ကာကွယ်ဆေးထိုးပေးလျက်ရှိပါတယ်၊ လတ်တလော အပူကြီးပြီး ဖျားနေသူတွေ လတ်တလော ကူးစက်ရောဂါကြောင့် နေမကောင်းဖြစ်နေသူတွေ၊ တီဘီရောဂါလက္ခဏာနှင့် သံသယရှိနေသူတွေ၊ လတ်တလောနားကိုက်၊ နားပြည်ယိုနေသူများ Prednisol one.,Hydrocortisone စတဲ့ Steroids ဆေးများကို ပမာဏများစွာ သောက်သုံး၊ ထိုးနှံနေရသူ ကလေးငယ်များကိုတော့ ဆရာဝန်ရဲ့ ညွှန်ကြားချက်နဲ့ ထိုးနှံရမှာပါ၊ ဆေးထိုးပြီးပြီးချင်းမပြန်ခိုင်းပါဘူး၊ မူးတာ၊ အန်တာ၊ ဖျားတာနဲ့ တက်တာ၊ အသက်ရှူကြပ်တာတွေ ဖြစ်ပေါ်ခဲ့ရင် ချက်ချင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်အောင် စနစ်တကျစစ်ဆေးပြီးကာကွယ်ဆေးထိုးနှံပေးပါတယ်" ဟု ဦးစီးအရာရှိဒေါက်တာဟန်မွန်းမုန်က ရှင်းပြသည်။

**မောင်မောင်**

# တွံတေးမြို့တွင် မူခင်းပညာပေးယာဉ်ဖြင့် မူခင်းပညာပေး

**တွံတေး ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာ အ-မ-က (မူလွန်)ကျောင်းရှေ့တွင် ဒီဇင်ဘာ ၈ ရက်က မူခင်းပညာပေးပြခန်းယာဉ်ဖြင့် မူခင်းပညာပေးခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မူခင်းပညာပေးပွဲတွင် တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ရွှေ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၆) မှ ရဲတပ်ကြပ်ကြီး ရဲနောင်၊ ယာဉ်တပ်ဖွဲ့စု (၅၈) မှ ရဲအုပ်ဇော်မင်းအောင်၊ မူးယစ်အထူးတပ်ဖွဲ့ (၄၁) မှ ရဲတပ်ကြပ်ကြီးစိုးနိုင်တို့က မူခင်းဆိုင်ရာများကို အသိပညာပေးဆွေးနွေးခဲ့ပြီး ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၈၀ ခန့် လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**



# ကရင်တိုင်းရင်းသားရိုးရာအဖွဲ့လိုက် သရုပ်ဖော်ပုံပြောပြိုင်ပွဲကျင်းပ

**မင်းလှ ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီတို့ ကြီးမှူးကျင်းပသော နှစ် ၈၀ ပြည့် ကရင်နှစ်သစ်ကူးနေ့အကြို ကရင်တိုင်းရင်းသားရိုးရာ အဖွဲ့လိုက် သရုပ်ဖော် ပုံပြောပြိုင်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (Community Center) ခန်းမ၌ ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ပုံပြောပြိုင်ပွဲတွင် မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ စောသောင်းကြီးက ကရင်လူမျိုးများ ဘာသာစကားနှင့် စာပေများ တိုးတတ်လာအောင် သင်ကြားစေလိုကြောင်း အမှာစကားပြောကြားသည်။

မြို့နယ်က ရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအတွင်းရေးမှူး စောရွှေသိန်းက ပုံပြင်များ၌ အဓိပ္ပာယ်များစွာရှိကြောင်း၊ ကရင်လူမျိုးအချင်းချင်း စည်းစည်းလုံးလုံး နေထိုင်သွားကြရန်နှင့် နှစ် ၈၀ ပြည့်ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

လက်ပံတန်းမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင် ဒေါ်အဲလ်ဖောက ပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။ ယင်းနောက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းကိုးကျောင်းမှ ကရင်တိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူလေးများအဖွဲ့က ကရင်ဘာသာစကားဖြင့် အဖွဲ့လိုက် သရုပ်ဖော်ပုံပြော ယှဉ်ပြိုင်ခဲ့ကြပြီး ကရင်တိုင်းရင်းသား အကဲဖြတ်ဒိုင်များက အမှတ်ပေးဆုံးဖြတ်ခဲ့ရာ၊ ပထမဆုကို အ-ထ-က (ခွဲ) ကိုင်းပြင်ကြီး၊ ဒုတိယဆုကို အ-မ-က စစ်ပြန်ကွင်း၊ တတိယဆုကို အ-မ-က ဥတိုစာဖြူစုကျောင်းတို့ ရရှိခဲ့ပြီး၊ ဆုများကို တိုင်းဒေသကြီး ကိုယ်စားပြု ခြောက်ကြိမ်မြောက် ကရင်နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် မင်းလှမြို့ အ-ထ-က ဘောလုံးကွင်းဟောင်း၌ ကရင်နှစ်သစ်ကူးနေ့တွင် ဆုများကို ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

# အားပေးမြှင့်တင်ရန် အချိန်ကျရောက်လာနေသော ပုဂ္ဂလိကအသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ

သန်းဖြိုးနိုင် (ကညင်ကျိုး)

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေတစ်ရပ်ကို ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်မှဥပဒေအမှတ် (၂၃) ဖြင့် ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေ၏ အခန်း(၄)၊ ပုဒ်မ (၅)ပါ ပြဋ္ဌာန်းချက်တွင် ဗဟိုကော်မတီတစ်ခုကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ ပါဝင်ထားသည်နှင့်အညီ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဗဟိုကော်မတီတစ်ရပ်ကို နိုင်ငံတော်သမ္မတကဦးစီးပြီး ယခုအစိုးရသစ်လက်ထက် တက်လာခါစအချိန်တွင် ဖွဲ့စည်းထားရှိခဲ့သည်။ ထိုဖွဲ့စည်းမှုနှင့်အညီ ထိုလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ရန်ပုဒ်မ (၇) တွင် လုပ်ငန်းကော်မတီတစ်ရပ်ကို ဆက်လက်ဖွဲ့စည်းရန်ပါရှိခဲ့သည်။

**လုပ်ငန်းကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်း**

ထိုသို့ပြဋ္ဌာန်းချက်နှင့်အညီဗဟိုကော်မတီကိုဖွဲ့စည်းပြီးနောက်ပိုင်း နိုဝင်ဘာလ ၂၉ ရက်နေ့တွင်အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇) ဖြင့် လုပ်ငန်းကော်မတီတစ်ရပ်ကို နိုင်ငံတော်ဒုတိယသမ္မတ(၁) ဥက္ကဋ္ဌက ဦးစီးပြီး ဆက်စပ်ဌာနများဖြစ်သည့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့ပါဝင်လျက် ကျန်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ပြင်ပမှ စီးပွားရေးလုပ်ငန်းရှင်အသိပညာရှင်အတတ်ပညာရှင်များ စုစုပေါင်း ၄၀ ဦးဖြင့် အသစ်တစ်ဖန်ဖွဲ့စည်းခဲ့သည်။

**ဥပဒေပါပြဋ္ဌာန်းချက်အတိုင်း လုပ်ငန်းတာဝန်များချမှတ်**

ယင်းလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ အနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်သောသတင်းအချက်အလက်များကို ဗဟိုကော်မတီသို့ စုဆောင်းသုံးသပ်တင်ပြပေးခြင်း၊ ထိုလုပ်ငန်းငယ်များကို အဟန့်အတားဖြစ်နေသောကိစ္စရပ်များကို ကျော်လွှားနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်းပြည်ပဈေးကွက်များနှင့် ချိတ်ဆက်နိုင်ရေးကူညီဆောင်ရွက်ပေးခြင်း၊ ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ပြည့်မီအောင် လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးရန်၊ နည်းပညာလိုအပ်ချက်များအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်၍ ပညာပေးမြှင့်တင်ပေးခြင်း၊ ပြည်တွင်းပြည်ပမှ ငွေကြေးအကူအညီများ ရယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရ သို့မဟုတ် ပုဂ္ဂလိကငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းတို့ အဓိကပါဝင်ကြောင်း တွေ့ရသည်။

**နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင် ပါဝင်သည့်အချက်များ**

ထိုပုဂ္ဂလိကပိုင်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းများနှင့်ဆက်စပ်၍ လေ့လာကြည့်သည့်အခါ အမှတ်စဉ် (၆)(၇)(၈)တို့တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက ကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင် မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်စေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များကို တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့်စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် တည်ငြိမ်မှုရရှိလာစေရေးဆောင်ရွက်ရန်တို့ပါရှိထားသည်ကိုလည်း တွေ့မြင်ရနိုင်သည်။

**လက်ရှိနိုင်ငံအတွင်းမှ အသေးစားနှင့် အလတ်စားလုပ်ငန်းများအခြေအနေ**

ယနေ့ လက်ရှိ ကျွန်ုပ်တို့နိုင်ငံ၏ စီးပွားရေးအခြေအနေမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနည်းနေရုံမက ပြည်ပသွင်းကုန် အစားထိုး ထုတ်လုပ်ကြမည့် နိုင်ငံအတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် အလယ်အလတ် စက်မှုလက်မှုလုပ်ငန်းများမှလည်း အရှိန် ရပ်တန့်နေးကွေးနေသကဲ့သို့ ဖြစ်နေသည်။ လေ့လာတွေ့ရှိရသည့် စာရင်းများအရဆိုလျှင် ၂၀၁၂ ခုနှစ်မှစပြီး ပြည်ပမှချေးငွေများအပါအဝင် ဘီလီယံ ၃၀ ကျော်ကို လုပ်ငန်းရှင်ပေါင်း ၁၈၀ သို့သာ ထုတ်ချေးပေးနိုင်ခဲ့သေးသည်။ အမှန်တွင်မူ ပြည်တွင်း၌ မှတ်ပုံတင်ထားသည့် အသေးစား၊ အလတ်စားစက်မှုလက်မှုနှင့် အိမ်တွင်းမှုလုပ်ငန်းရှင်များမှာ နောက်ဆုံးစာရင်းများအရဆိုလျှင် နှစ်သိန်းကျော်ရှိကြောင်း သိရသည်။ ထိုနှစ်သိန်းကျော်ထဲမှ ချေးငွေချေးပေးထားသည့် လုပ်ငန်းရှင် ၁၈၀ ဦးခန့်ကို ချေးပေးထားသည့် အတိုးနှုန်းမှာလည်း ရှစ်ရာခိုင်နှုန်းကျော်နေသည်ဟု ဆိုသည်။

ယခင်အစိုးရလက်ထက် ဂျပန်နိုင်ငံ JICA မှ ချေးငွေစတင်ချေးယူစဉ်ကာလတွင် အတိုးနှုန်းမှာ သုည ဒသမ ဝ၀၁ (၁ ရာခိုင်နှုန်း)သာရှိသော်လည်း ကိုယ့်နိုင်ငံအတွင်း တစ်ဆင့်ခံပြန်လည်ထုတ်ချေးကြသည့်အခါ ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် အခြားဆက်စပ်သည့် ဘဏ်များသို့ ဖြတ်သန်းကြသည့်အခါ မည်သည့်အတွက် အတိုးနှုန်းများ မြင့်တက်သွားသည်ကိုလည်း စဉ်းစားစရာဖြစ်ခဲ့ကြောင်း စီးပွားရေးလုပ်ငန်းရှင်များ အသိုင်းအဝိုင်းက ပြောသံကြားခဲ့ရသည်။

**အမှန်တကယ် အင်တိုက်အားတိုက်အားပေးသင့်သည့်အချက်များ**

ဆိုလိုချင်သည်မှာ ယနေ့ လက်ရှိ နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကြီးမားနေမှု၊ မြေဈေးများ အဆမတန် မြင့်တက်နေမှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများ၊ ကုမ္ပဏီဥပဒေများ နောက်ဆုံးအခြေအနေနှင့်လိုက်လျောညီထွေ မရှိမှု၊ တရားဥပဒေ စိုးမိုးမှု အားနည်းနေမှုများအကြားတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို အားကိုးစောင့်မျှော်နေကြ၍မရဘဲ အထက်တွင်ဖော်ပြခဲ့သည့် နိုင်ငံတော်ကချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ယခုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များပါ သတ်မှတ်ချက်များအတိုင်း မိမိပြည်တွင်းမှ ME လုပ်ငန်းရှင်များကိုသာ အားပေးအားမြှောက်ပြုပြီး စီးပွားရေးတိုးတက်အောင် ကြံဆောင်ကြရန် အထူးလိုအပ်လာချိန်ဖြစ်ပါသည်။ ထိုအသေးစားအလတ်စားစက်မှုလက်မှုလုပ်ငန်းရှင်ပေါင်း နှစ်သိန်းကျော်ကို အတိုးနှုန်းသက်သာသည့် ငွေကြေး များများစားစား ထုတ်ချေးပေးခြင်း၊ နည်းပညာများနှင့် ဈေးကွက်ကို အခြားနိုင်ငံများနှင့် ပူးပေါင်းကာကူညီဆောင်ရွက်ပေးခြင်းများ ပြုလုပ်မှသာ ပြည်တွင်းထုတ်ကုန်များ မြှင့်တက်လာမည်ဖြစ်သည်။

**ရရှိလာနိုင်မည့် အကျိုးကျေးဇူးများ**

ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်များ မြင့်တက်လာသည်နှင့်အမျှ ပြည်တွင်းတွင်ကုန်ဈေးနှုန်းများ ကျဆင်းလာမည်။ ယခင်ကနိုင်ငံခြားမှ ဒေါ်လာဖြင့်သာ ပေးဝယ်တင်သွင်းနေကြရမည့်အစား မိမိပြည်တွင်းတွင် ပင်ရရှိဝယ်ယူနိုင်မည်ဖြစ်သဖြင့် မြန်မာကျပ်ငွေတန်ဖိုးမြင့်တက်လာမည်။ ငွေကြေးဖောင်းပွမှုကို အတော်အတန်ထိန်းချုပ်လာနိုင်မည်။ နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာပြီး တစ်ဦးချင်း ဝင်ငွေနှင့်ပိုင်ဆိုင်မှု (GDP)ရာခိုင်နှုန်းများ မြင့်တက်လာနိုင်သည်။ ဤနည်းအားဖြင့် ဆင်းရဲမွဲတေမှုကို လျှော့ချလာနိုင်မည်လည်းဖြစ်ပြီး နိုင်ငံ့စီးပွားရေးတိုးတက်မှု ညွှန်းကိန်း (Economic Indicator) သည်လည်း အထိုက်အလျောက်တက်လာနိုင်မည်ဖြစ်သည်။

**စီးပွားရေးမူဝါဒကို ဝန်ကြီးဌာနများက အကောင်အထည်ဖော်မှု**

အခြားတစ်ဖက်တွင်လည်း မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး ကျေးလက်နေပြည်သူများမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိသည်နှင့် အားလျော်စွာ များမြောင်ပေါများသည့် လယ်ယာမြေများ၊ ငါး၊ ပုစွန်မွေးမြူရေးကန်များ၊ မြစ်ချောင်းအင်းအိုင်နှင့် ပင်လယ်ရေတိမ်ပိုင်းဒေသများတွင် ကာလတိုစိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို လေးလမ့ငါးလအတွင်း ထိထိရောက်ရောက် အကောင်အထည်ဖော်လျှင် ပြည်ပပို့ကုန်အတွက် အားထားစရာဖြစ်လာနိုင်သည်။ အဓိကလိုအပ်နေသည်မှာ ထို ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမား၊ မွေးမြူရေးလုပ်ငန်းသမားများအတွက် အထက်တွင်ဆိုသကဲ့သို့ အစိုးရမှထောက်ပံ့ပေးမည့်ငွေကြေး၊ နည်းပညာနှင့် ဈေးကွက်တို့ပင်ဖြစ်သည်။ ထိုကိစ္စအပေါ် အနီးစပ်ဆုံး ဥပမာတစ်ခုကို လေ့လာကြည့်လျှင် ယခင်နှင့် ယခုအချိန်တွင် စပါးဈေးများ အတော် ထိုးကျနေခဲ့ဖူးသည်။ သို့သော် အစိုးရမှ အခြားနိုင်ငံများနှင့် ဈေးကွက်ချိတ်ဆက်ဖော်ဆောင်ပေးသဖြင့် ယခုနှစ်တွင်မူ စပါးဈေးမှာ အတော်အသင့် ပြန်လည်ခေါင်းထောင်လာနေခဲ့သည်။ ယခုနှစ် ပဲဈေးကွက်တွင်မူ အစိုးရဘက်မှ ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမှုနှင့် စာချုပ်များချုပ်ဆိုလုပ်ကိုင်သည့် Legal Trade လမ်းကြောင်းကို ခိုင်မာစွာမဖော်ဆောင်ပေးနိုင်သဖြင့် ယခုနှစ်တွင် ပဲဈေးကွက်ပျက်ပြီး ပဲစိုက်တောင်သူအများအပြားမှာ ဒုက္ခအတော်ရောက်ကြသည်ကို မြင်နိုင်မည်ဖြစ်သည်။

**မီးခိုးမထွက်သည့် စက်ရုံများလည်း တည်ဆောက်ကြ**

နောက်တစ်ချက်မှာ မီးခိုးမထွက်သည့် စက်ရုံများဟုတင်စားခေါ်ထားသည့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဖော် ဆောင်ရန်ပင်ဖြစ်သည်။ နိုင်ငံခြားသားများ အများဆုံး ဝင်-ထွက် သွားလာတတ်သည့် နေရာများကို နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော်ကြရမည်လည်းဖြစ်သည်။ ယခုရက်ပိုင်းကြားရသည့် သတင်းတစ်ခုတွင် မွန်ပြည်နယ်တွင်ရှိသော ကျိုက်ထီးရိုးစေတီတော် တစ်ခုတည်းကိုပင် ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာ ၃၀ ရက်နေ့အတွင်း နိုင်ငံခြားသား ဧည့်သည် ၁၀၅၀၂၉ ဦး ဝင်ရောက်ခဲ့ပြီး ထိုနိုင်ငံခြားသား ခရီးသွားများထံမှရရှိသော မြန်မာကျပ်ငွေပမာဏမှာ သိန်းပေါင်း ၇၀၀၀ ကျော်ရှိသည်ဟု သိရသည်။ ယခင်နှစ်တစ်နှစ်လုံးတွင် ထိုစေတီတော်ကြီးဆီသို့ ပြည်တွင်းပြည်ပမှခရီးသည်ပေါင်း ၂၂ သိန်းကျော်လာရောက်ခဲ့ကြောင်းလည်း တွေ့ရသည်။ ထို့အပြင် မန္တလေးတိုင်းဒေသကြီးအတွင်း နန်းမြို့အတွင်းရှိ မြနန်းစံကျော်နန်းတော်ကြီးအတွင်းသို့ ယခုရာသီကာလအတွင်း နေ့စဉ်ဝင်ရောက်သည့် နိုင်ငံခြားသား အရေအတွက်မှာ ၂၀၀ ကျော်ရှိပြီး တစ်ဦးလျှင်ဝင်ကြေး ကျပ် ၁၀၀၀၀ နှုန်းရှိသဖြင့် ထိုသူများထံမှပင် တစ်ရက်လျှင် သိန်း ၂၀ ခန့်ရရှိပြီး တစ်လလျှင် သိန်းပေါင်း ၆၀၀ ခန့်ရနိုင်သည်။ ဆိုလိုသည်မှာ ယခု ဥပမာအနေဖြင့် တင်ပြမှုမှာ နှစ်နေရာခန့်သာရှိသေးပြီး အခြားနေရာပေါင်းများစွာရှိပြီး ထိုရရှိမှုငွေများမှာလည်း ဒေသအစိုးရ၏ အခြားရန်ပုံငွေစာရင်းများအထဲသို့သာ ဝင်ရောက်လျက် ပြည်ထောင်စု ဗဟိုအစိုးရ၏ ဘက်ဂျက်အတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းမရှိပေ။

**တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့မှလည်း ပါဝင်ပူးပေါင်းမှ စီးပွားရေးကောင်းလာမည်**

အခြားတစ်ဖက်မှကြည့်လျှင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ပြည်ထောင်စုအစိုးရ၏ ထောက်ပံ့ငွေများကိုလည်း တောင်းခံနေကြဆဲပင်ရှိနေသေးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီအနေဖြင့်လည်း မူဝါဒများနှင့်အညီ နိုင်ငံတော်၏ စီးပွားရေး ကောင်းမွန်အောင် ပြောင်းလဲသင့်သည့် ကိစ္စများကို ပြောင်းလဲအောင်ဆောင်ရွက်ရမည့် ကာလဖြစ်နေသည်။

နိဂုံးချုပ်အားဖြင့် တင်ပြလိုရင်းမှာ ပြည်တွင်းမှ လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ မွေးမြူရေးသမားများကိုလည်း ထိထိရောက်ရောက် ပံ့ပိုးကူညီမှု မရှိနေခြင်းမှာ နိုင်ငံအတွက် အလားအလာ မကောင်းကြောင်း၊ ပြည်သူများစားဝတ်နေရေး အကျပ်အတည်းနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ အလုပ်အကိုင် ရှားပါးမှုများကို အချိန်မီ ကုစားပေးရန်လိုနေသည့်အချိန်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံရေးဘက်တွင် သာဒီပလိုမေစီကိုအားသန်ပြီး စီးပွားရေးတိုးတက် ဖြစ်ထွန်းအောင်ဆောင်ရွက်ရန်မှာ အားနည်းချက်ဖြစ် နေကြောင်း ထောက်ပြလာနေကြသည်ကို မြင်နေကြရမည်ဖြစ်သည်။

သို့အတွက်အစိုးရအနေဖြင့် မိမိတို့ အစိုးရတာဝန်ယူလာသည့် ယခု တစ်နှစ်ခွဲတာကာလအတွင်းတွင် စီးပွားရေးဖြစ်ထွန်းအောင်မြင်မှု အခြေအနေမှန်များ၊ ယနေ့လက်ရှိ ပြည်သူများအကြား ကြုံတွေ့နေရသည့် အောက်ခြေမှ အခြေအနေမှန်များကို မှန်မှန်ကန်ကန် သိမြင်အောင် အထူး လုပ်ဆောင်သင့်ပြီး စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို အလျင်အမြန်ဆောင်ရွက်ကြရမည့် အချိန်အခါကာလကို အမှန်တကယ်ပင် ဆိုက်ရောက်နေပြီဖြစ်ပါကြောင်း စိတ်ကောင်းစေတနာဖြင့် ရေးသားလိုက်ရပါသည်။

> “ပြည်သူများ စားဝတ်နေရေး အကျပ်အတည်းနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ အလုပ်အကိုင် ရှားပါးမှုများကို အချိန်မီကုစားပေးရန်လိုနေ. . .
>
> အောက်ခြေမှ အခြေအနေမှန်များကို မှန်မှန်ကန်ကန် သိမြင်အောင် အထူးလုပ်ဆောင်သင့်. . .”

# တေလာဆွစ်ကို နံပါတ်တစ်နေရာကနေ ဖြုတ်ချခဲ့တဲ့ U2







ယခုနှစ်ရဲ့ ရောင်းအားအကောင်းဆုံးသော ရှော့ခ်တေးအယ်လ်ဘမ်တစ်ခုဖြစ်တဲ့ U2 တေးဂီတအဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ယခင်က ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် သီတင်းပတ် လေးပတ်ဆက်တိုက် ရပ်တည်နေခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်ကို နံပါတ်တစ်နေရာကနေ ဖြုတ်ချနိုင်ခဲ့ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

U2 တေးဂီတအဖွဲ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်သစ် "Songs of Experience"ဟာ ယခုနှစ်အတွင်း ဘေဘုတ်ကို ဦးဆောင်နိုင်ခဲ့တဲ့ ရော့ခ်တေးအယ်လ်ဘမ်တွေအနက် ခုနစ်ခုမြောက် တေးအယ်လ်ဘမ်ဖြစ်ပြီး လတ်တလောအချိန်အထိတော့ ၂၀၁၇ ခုနှစ်ရဲ့ ရောင်းအားအကောင်းဆုံးသော ရော့ခ်တေးအယ်လ်ဘမ်အဖြစ်လည်း ရပ်တည်နေတာ ဖြစ်ပါတယ်။ "Songs of Experience"တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်တွေအနက် ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ ထိပ်ဆုံးမှာ ရပ်တည်နေပြီး တစ်ပတ်အတွင်း တေးအယ်လ်ဘမ်ယူနစ်ပေါင်း ၁၈၆၀၀၀ ကို ရောင်းချခဲ့ရတာဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်ဟာ U2 တေးဂီတအဖွဲ့ရဲ့ ဘေဘုတ်ကို ဦးဆောင်နိုင်ခဲ့တဲ့ ရှစ်ခုမြောက် တေးအယ်လ်ဘမ်ဖြစ်ပြီး ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာလည်း ဖြစ်ပါတယ်။

"Songs of Experience"တေးအယ်လ်ဘမ်ဟာ ၂၀၁၇ ခုနှစ်ရဲ့ ရောင်းအားအကောင်းဆုံး ရော့ခ်တေးအယ်လ်ဘမ်ဖြစ်လာခဲ့ပေမယ့် ပြီးခဲ့တဲ့နှစ်အတွင်း ထုတ်လွှင့်ခဲ့ပြီး ရောင်းအားအကောင်းဆုံးဖြစ်ခဲ့တဲ့ ရော့ခ်တေးအယ်လ်ဘမ် "Hardwired...To Self-Destruct"ရဲ့ အဖွင့်သီတင်းပတ်အတွင်းရောင်းအားကိုတော့ မမီနိုင်တာကိုလည်း တွေ့ရပါတယ်။ မက်တယ်လီကာရဲ့ "Hardwired...To Self-Destruct"တေးအယ်လ်ဘမ်ကတော့ ပထမဦးဆုံးထုတ်လွှင့်ခဲ့တဲ့ သီတင်းပတ်အတွင်း တေးအယ်လ်ဘမ် ယူနစ်ပေါင်း ၂၉၁၀၀၀ ရောင်းချခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ နံပတ်နှစ်နေရာမှာ ရပ်တည်နေတာကတော့ တေးသံရှင် ခရစ်စတက်ပ်လက်တန်ရဲ့ တေးအယ်လ်ဘမ်သစ် "From a Room: Volume 2" ဖြစ်ပြီး တစ်ပတ်အတွင်း တေးအယ်လ်ဘမ်ယူနစ်ပေါင်း ၁၂၅၀၀၀ ရောင်းချခဲ့ရတာ ဖြစ်ပါတယ်။

သီတင်းပတ် လေးပတ်ဆက်တိုက် ဘေဘုတ်ရဲ့ တေးအယ်လ်ဘမ်စာရင်းကို ဦးဆောင်ထားနိုင်ခဲ့တဲ့ တေလာဆွစ်ရဲ့ ခြောက်ခုမြောက် စတူဒီယိုတေးအယ်လ်ဘမ် "Reputation"ကတော့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း နံပါတ်သုံးနေရာကို ဆင်းသွားခဲ့တာဖြစ်ပါတယ်။ တစ်ပတ်အတွင်း တေးအယ်လ်ဘမ် ယူနစ်ပေါင်း ၁၁၂၀၀၀ ရောင်းချခဲ့ရတာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါပေမယ့် ယင်းတေးအယ်လ်ဘမ်ဟာ စတင်ရောင်းချခဲ့သည်မှ သီတင်းပတ် နှစ်ပတ်အကြာမှာ ယခုနှစ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် စံချိန်တင်ထားတဲ့ တေးသံရှင် အက်ဒ်ရှီရန်ရဲ့ တေးအယ်လ်ဘမ်သစ် "Divide (Division Sign)"ရဲ့ ရောင်းအားကို ကျော်လွန်ရောင်းချခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် တေလာဆွစ်ရဲ့ "Reputation"တေးအယ်လ်ဘမ်ဟာ လတ်တလောအချိန်အထိတော့ ယခုနှစ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် စံချိန်တင်ထားတာလည်း ဖြစ်ပါတယ်။

ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်စာရင်းမှာ နံပါတ်လေးနေရာကို ရယူထားနိုင်တဲ့ တေးအယ်လ်ဘမ်ကတော့ အက်ဒ်ရှီရန်ရဲ့ "Divide (Division Sign)"တေးအယ်လ်ဘမ်ဖြစ်ပြီး နံပါတ်ငါးနေရာမှာတော့ ပန်တာတိုးနစ်ဇ်ရဲ့ တေးအယ်လ်ဘမ် "A Pentatonix Christmas"က နေရာယူထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးသော ထိပ်တန်းတေးအယ်လ်ဘမ် ၁၀ စာရင်းမှာ ပါဝင်နေတဲ့ အခြားသောတေးအယ်လ်ဘမ်တွေကတော့ ဒေမီလက်ဗားတိုးရဲ့ "Tell Me You Love Me"၊ ဆမ်စမစ်သ်ရဲ့ "The Thrill of It All"၊ မိုက်ကယ်လ်ဘက်ဘယ်ရဲ့ "Christmas"၊ မစ်ဂွဲလ်ရဲ့ "War & Leisure"နဲ့ ဂေါ့သ်ဘရွတ်ခ်ရဲ့ " The Anthology: Part 1, The First Five Years"တို့ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

အေးပြည့် – စုစည်းသည်



# ဂျွန်နီဒပ်ကို ကာကွယ်ပြောဆိုခဲ့တဲ့ ဂျေကေရိုးလင်း



ပရိသတ်တွေအနေနဲ့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဟောလိဝုဒ်နာမည်ကျော်မင်းသားကြီး ဂျွန်နီဒပ်ကတော့ "Fantastic Beasts: The Crimes of Grindelwald" ရုပ်ရှင်သစ်မှာတော့ ပါဝင်သွားမှာဖြစ်ပါတယ်။ ဂျွန်နီဒပ်ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာပြဿနာအချို့ကြောင့် ဟောလိဝုဒ်ရုပ်ရှင်ချစ်ပရိသတ်အချို့က သူ့ကို ပါဝင်ခွင့်ပေးခဲ့တဲ့အပေါ် ပြစ်တင်ဝေဖန်ခဲ့ကြပေမယ့် ယင်းရုပ်ရှင်ရဲ့ ဇာတ်ကောင်တွေ ဖန်တီးအသက်သွင်းပေးသူ စာရေးဆရာမ ဂျေကေရိုးလင်းကတော့ ဂျွန်နီဒပ်ကို ရုပ်ရှင်သစ်မှာ ပါဝင်မှာဖြစ်ကြောင်းနဲ့ သူ့ရဲ့ဘက်က ကာကွယ်ပြောဆိုခဲ့ကြောင်းလည်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း "Fantastic Beasts and Where to Find Them"ရုပ်ရှင်သစ်ကို မထုတ်လွှင့်မီမှာဘဲ ဂျွန်နီဒပ် ပါဝင်ထားကြောင်း သတင်းတွေ မီဒီယာတွေကနေတစ်ဆင့် ပေါ်ထွက်လာခဲ့ပါတယ်။ ယင်းရုပ်ရှင်ထုတ်လွှင့်ပြသချိန်မှာလည်း အဆုံးသတ်မှာ ဂျွန်နီဒပ်ပါဝင်ထားပြီး နောက်ဆက်တွဲရုပ်ရှင်သစ်မှာတော့ ပိုမိုကျယ်ပြန့်တဲ့အခန်းကနေ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း ပရိသတ်ကို အသိပေးခဲ့တာဖြစ်ပါတယ်။ နောက်ဆက်တွဲရုပ်ရှင်သစ် "Fantastic Beasts: The Crimes of Grindelwald"ကို လာမယ့် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၆ ရက်မှာ စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ခဲ့တာဖြစ်ပြီး ယခုနှစ်အစောပိုင်းမှာတော့ ဂျွန်နီဒပ်ဟာ ဇနီးသည် အမ်ဘာဟာ့ဒ်နဲ့ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလိုဇနီးသည်နဲ့ လမ်းခွဲခဲ့ချိန်မှာတော့ ဂျွန်နီဒပ်နဲ့ပတ်သက်တဲ့ အဆိုးမြင်တဲ့ ဝေဖန်မှုတွေ စတင်ပေါ်ထွက်လာခဲ့တာလည်း ဖြစ်ပါတယ်။

ဂျွန်နီဒပ်ဟာ အမ်ဘာဟာ့ဒ်နဲ့ လမ်းခွဲချိန်မှာ ပေးဆောင်ဖို့ရာရှိနေတဲ့ လျော်ကြေးတွေကို သတ်မှတ်တဲ့အချိန်တွေမှာ ပေးလျော်ဖို့ပျက်ကွက်ခဲ့ပြီး အမ်ဘာဟာ့ဒ်ရဲ့ ထုတ်ဖော်ပြောကြားချက်အရ သူနဲ့ လက်ထပ်ထားချိန်မှာလည်း သူ့အပေါ် ကိုယ်ထိလက်ရောက် ကျူးလွန်ရိုက်နှက်တာတွေရှိခဲ့ကြောင်းလည်း သိရပါတယ်။ ဒါကြောင့် ပင်လယ်ဓားပြကြီး ဂျက်စ်စပဲရိုးအဖြစ် လူသိများတဲ့ မင်းသားကြီး ဂျွန်နီဒပ်ကို အချို့သောပရိသတ်တွေက "Fantastic Beasts: The Crimes of Grindelwald" ရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်ဖို့ ခွင့်မပြုစေလိုတာလည်း ဖြစ်ပါတယ်။

ဒီလို ဝေဖန်မှုတွေ ခံနေရတဲ့ ဂျွန်နီဒပ်ကို ဦးစွာ ကာကွယ် ပြောကြားခဲ့သူကတော့ ယင်း ဇာတ်လမ်းတွဲ ရုပ်ရှင်ရဲ့ ဒါရိုက်တာဖြစ်သူ ဒေးဗစ်ယိတ်စ်ပဲ ဖြစ်ပါတယ်။ ဒေးဗစ်ကတော့ ပြီးခဲ့တဲ့လအတွင်းက ဂျွန်နီဒပ်ကို ဆက်လက်ပါဝင်စေခဲ့တဲ့ အကြောင်းအရင်းနဲ့ ပတ်သက်ပြီး ပထမဆုံးထောက်ခံရှင်းလင်းခဲ့တာဖြစ်ပါတယ်။ ဒေးဗစ်က စွပ်စွဲခံခဲ့ရတဲ့လူတွေ အများအပြားရှိကြောင်း၊ ဂျွန်နီဒပ်ကလည်း အဲဒီလိုလူတွေထဲက တစ်ယောက်သာဖြစ်ကြောင်းနဲ့ သူနဲ့တွဲဖက်လုပ်ကိုင်နေစဉ်မှာ တွေ့ရတာကတော့ ဂျွန်နီဒပ်ဟာ ကြင်နာသူတစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

လတ်တလောမှာတော့ ဂျေကေရိုးလင်းက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ဂျွန်နီဒပ်ကို ရုပ်ရှင်သစ်ရဲ့ အဓိကဇာတ်ဆောင် Grindelwald နေရာမှာ ပါဝင်သရုပ်ဆောင်ခွင့်ပြုဖို့ ဆုံးဖြတ်ခဲ့တာနဲ့ပတ်သက်ပြီး ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ သူက "ဂျွန်နီဒပ်ကို Grindelwald အဖြစ် ရိုက်ကူးဖို့စိတ်ကူးကြည့်လိုက်တော့ အဲဒီဇာတ်ရုပ်နဲ့ သူဟာ တကယ်ကို အံ့သြဖွယ်လိုက်ဖက်ညီမယ်လို့ထင်ရတယ်"လို့ အစချီကာ စာရှည်ကြီးတစ်စောင်ကို ရေးသားဖော်ပြခဲ့ပါတယ်။ သူ့ရဲ့စာထဲမှာ ဂျေကေရိုးလင်းက ဖြစ်ပျက်ခဲ့တဲ့အရာတွေဟာ ဂျွန်နီဒပ်နဲ့ အမ်ဘာဟာ့ဒ်တို့နှစ်ဦးအကြားက ပုဂ္ဂိုလ်ရေးဆိုင်ရာပြဿနာဖြစ်ပြီး လူတစ်ဦးရဲ့ ပုဂ္ဂိုလ်ရေးကို လေးစားပေးစေလိုကြောင်းနဲ့ သူ့အနေနဲ့ကတော့ အဓိကဇာတ်ဆောင်နေရာမှာ ဂျွန်နီဒပ်ပါဝင်သွားမှာကို အလွန်ပင်ဝမ်းမြောက်မိကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

# ဆယ်လီနာကို ချစ်ခင်ကြောင်း ဂျက်စတင်ဘီဘာရဲ့ မိခင် ဖွင့်ဟ

တစ်ချိန်က ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ဟာ မကြာသေးမီက သူတို့ရဲ့အချစ်ခရီးကို ဆက်ခဲ့ကြပြီး ယခုလို နောက်တစ်ကြိမ်ပြန်လည်လက်တွဲခဲ့ချိန်မှာတော့ ဂျက်စတင်ဘီဘာရဲ့ မိခင်ဖြစ်သူက ဆယ်လီနာဂိုမက်ဇ်အပေါ် ထားရှိတဲ့ သူ့ရဲ့ခံစားချက်ကို ဖွင့်ဟခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာတော့ ဂျက်စတင်ဘီဘာရဲ့ မိခင်ဖြစ်သူက သူ့အနေနဲ့တော့ ဆယ်လီနာကို ချစ်ခင်ကြောင်း ပီးပဲလ်မဂ္ဂဇင်းကြီးကို ဖွင့်ဟခဲ့တာဖြစ်တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျက်စတင်ဘီဘာရဲ့ မိခင်ဖြစ်သူ ပက်တီမော်လက်ထ်က သားဖြစ်သူနဲ့ ဆယ်လီနာဂိုမက်တို့ မကြာသေးမီက ပြန်လည်လက်တွဲခဲ့ကြတဲ့အပေါ် ဝမ်းမြောက်မိကြောင်းဆိုခဲ့ပြီး သူက "ကျွန်မအနေနဲ့ကတော့ သူတို့နှစ်ဦးအကြားက ဆက်ဆံရေးကိုတော့ အများကြီးမသိပါဘူး။ ဘာကြောင့်လည်းဆိုတော့ ဂျက်စတင်ဘီဘာကိုယ်တိုင်က ကျွန်မကို အလုံးစုံဝေမျှပြောပြသူမဟုတ်ဘူးလေ။ ဒါပေမယ့်လည်း ကျွန်မအနေနဲ့ကတော့ ဆယ်လီနာဂိုမက်ဇ်ကို ချစ်ပါတယ်" လို့ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဆက်လက်ပြီး သူက "ကျွန်မကတော့ သူ(ဂျက်စတင်ဘီဘာ)ကို အမြဲထောက်ပံ့ပေးမှာပါ။ သူက ဆယ်လီနာကို ချစ်တယ်ဆိုရင် ကျွန်မကလည်း ဆယ်လီနာကို ချစ်မှာပါ။ ပြီးတော့ ကျွန်မ သူနဲ့တွေ့ခဲ့တယ်။ ကျွန်မတို့အကြားမှာ ထူးခြားတဲ့ရေစက်ရှိတယ်၊ ပြီးတော့ သူဟာ တန်ဖိုးရှိတဲ့ သူတစ်ယောက်လို့လည်း ကျွန်မထင်ပါတယ်။ သူတို့နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီးတော့ ကျွန်မအနေနဲ့ မပြောနိုင်ပါဘူး။ ဒါဟာ သူတို့နှစ်ဦးအကြားက ကိစ္စသာဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ဂျက်စတင်ဘီဘာကလည်း ပြီးခဲ့တဲ့ စနေနေ့က လော့စ်အန်ဂျလိစ်မှာ ကျင်းပခဲ့တဲ့ သူ့ရဲ့ ဖျော်ဖြေပွဲမှာ မိခင်ဖြစ်သူနဲ့ အတူတက်ရောက်ခဲ့တာတွေ့ရပါတယ်။

## ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်

**လွိုင်ကော် ဒီဇင်ဘာ ၁၁**
ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းနားကို ဒီဇင်ဘာ ၁၀ ရက် ညနေ ၃ နာရီက လွိုင်ကော်မြို့၊ နောင်ယား(ခ)ရပ်ကွက်ရှိ အားကစား၊ ရင်ပြင်ကွင်းသစ်၌ ကျင်းပသည်။

ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် ဘောလုံးအသင်းနှင့် ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကယားပြည်နယ်အစိုးရအဖွဲ့အသင်းမှ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ (၁၉)ရပ်ကွက်မှ ပြိုင်ပွဲဝင် ဘောလုံးအားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပရိသတ်များ တက်ရောက်ကြသည်။

ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး အားကစားကို စိတ်ပါဝင်စားလာပြီး ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် အားကစားကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်များ ပိုမိုနိုးကြား တက်ကြွလာစေရေး၊ မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း မိုမိုတိုးတက်မြင့်မားလာစေရေး၊ နိုင်ငံတကာအလယ်မှာ မြန်မာ့ဘောလုံးအောင်မြင်မှု သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့သည့်အခြေအနေကို ပြန်လည်ရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်ပြီး နိုင်ငံဂုဏ်ကို မြှင့်တင်နိုင်ရေး၊ ဘောလုံးအားကစား ယှဉ်ပြိုင်ကစားခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရရှိလာစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်ရေး၊ ကယားပြည်နယ်မှ ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးနှင့်ပြည်နယ်အတွင်းရှိ လုပ်သားပြည်သူများမှ ယခုဖော်ထုတ်ထားသည့် အားကစားရင်ပြင်ကွင်းတွင် လွတ်လွတ်လပ်လပ် ပျော်ရွှင်စွာကစားနိုင်ရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)၊**

## ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလားနှင့် ကလပ်ပေါင်းစုံတင်းနစ်ပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၁၁**
ကချင်ပြည်နယ် ဝန်ကြီးချုပ်ဖလားနှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ တင်းနစ်ကလပ်ပေါင်းစုံဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ မြစ်ကြီးနား တင်းနစ်ကလပ်တွင် ကျင်းပသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ပြည်နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနမှူးဦးမြင့်ခိုင်နှင့် မြစ်ကြီးနားတင်းနစ်ကလပ်ဥက္ကဋ္ဌ ဦးအောင်မိုင်တို့က ပြိုင်ပွဲအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများမှ ပြိုင်ပွဲဝင် ကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ပြိုင်ပွဲအား ဒီဇင်ဘာ ၁၁ရက်မှ ၁၅ ရက်အထိ ငါးရက်ကြာ အုပ်စုလိုက် အမျိုးသား၊ သမီးပြိုင်ပွဲတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကာ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ နမ့်ခမ်း၊ မူဆယ်၊ စစ်ကိုင်း၊ ဗန်းမော်၊ နမ္မတီးနှင့် မြစ်ကြီးနားမြို့နယ်တို့မှ ကလပ်အသင်း ၁၄ သင်းရှိ ပြိုင်ပွဲဝင်အားကစားသမား ၁၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရိန်စိုး (ကချင်မြေ)**

## အမျိုးသမီးများ အပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအခမ်းအနားပြုလုပ်

**ဘားအံ ဒီဇင်ဘာ ၁၁**
ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် လူမှုရေးအဖွဲ့များဖြစ်သော CPI(Community Partners International)၊ MSI(Marie Stopes International)တို့ ပူးပေါင်းဆောင်ရွက်သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအခမ်းအနားကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသမီးအဖွဲ့များ ကွန်ရက်မွန်ကရင်အဖွဲ့ အတွင်းရေးမှူး ဒေါ်နန်းတင်ဇာဝင်းက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ ဖဲကြိုးဖြူလှုပ်ရှားမှုဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး ကျား-မ ရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေရေးရာ၊ ကျား-မ ရေးရာနှင့်ကျန်းမာရေးစောင့်ရှောက်မှု အကြောင်းတို့ကို တာဝန်ရှိသူများက အသီးသီးအသိပေး ဟောပြောပေးခဲ့ကြသည်။

အကြမ်းဖက်မှု ပုံစံအမျိုးမျိုးတွင် အန္တရာယ်ရှိသော ရိုးရာဓလေ့ထုံးတမ်းအစဉ် အလာများအရ အကြမ်းဖက်ခြင်း၊ နည်းပညာနှင့် စပ်ဆက်သော အကြမ်းဖက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ စီးပွားရေးဆိုင်ရာ အကြမ်းဖက်ခြင်းများရှိရာ "အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု ပပျောက်ဖို့လူတိုင်းပါဝင်ပူးပေါင်းစို့" ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ကမ်းပြိုမှု ကာကွယ်ရေး ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံလုပ်ငန်း စတင်ဆောင်ရွက်

**တနင်္သာရီ ဒီဇင်ဘာ ၁၁**
တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပဝကျေးရွာအုပ်စု ပဝကျေးရွာ အရှေ့မျက်နှာစာ ကမ်းပါးတစ်လျှောက်ကမ်းပြိုမှုကာကွယ်ရေး ဘိုးပိုင်အခြေပြု ကျောက်စီနံရံလုပ်ငန်းများမှ မြေနေရာရှင်းလင်းခြင်း၊ မြေကြီးတူးခြင်း လုပ်ငန်းများအား တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒီဇင်ဘာ ၉ ရက်မှစ၍ တည်ဆောက်ရေးလုပ်ငန်းအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။



၎င်း ပဝကျေးရွာအရှေ့မျက်နှာသည် လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကတည်းက မြစ်ရေကြီးခြင်းနှင့် ပဝကျေးရွာအနီးတွင် မြစ်ကြောင်းနှစ်ခုခွဲထွက်ကာ ရေဦးထိုးတိုက်စားခြင်းတို့ကြောင့် တစ်နှစ်လျှင် ပျမ်းမျှ ၁၀ ပေခန့် ရေတိုက်စား ခြင်းခံရ၍ မြစ်ကမ်းနံဘေးတွင်နေထိုင်သူ မိသားစုဝင်များ နှစ်စဉ်လိုလို ရွှေ့ပြောင်းနေခဲ့ရပြီး စိုးရိမ်ပူပန်စိတ်များ ဖြစ်ပေါ်နေကြသဖြင့် မြစ်ကမ်းနံဘေးရှိ လက်ရှိနေထိုင်ကြသည့် မိသားစုဝင်များ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်မှုပြုနိုင်ရန်နှင့် ဒေသခံများအဓိကကိုးကွယ်ကြသည့် ရန်အောင်မြင်စေတီတော်ကိုလည်း ကြိုတင်ကာကွယ်နိုင်ရန်နှင့် ပဝကျေးရွာရှိကမ်းပါး၌ မြေဆီလွှာစမ်းသပ်ချက်အဖြေအရ သဲဆန်သောမြေများရှိနေခြင်းကြောင့် ဆက်လက်ကမ်းပါးပြိုနိုင်သဖြင့် ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံကို ဦးစားပေး တည်ဆောက်ပေးခြင်းဖြစ်ကြောင်း အငယ်တန်း အင်ဂျင်နီယာ(၂) ဦးနောင်နောင်ဇော်လေး၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ကျောက်စီနံရံလုပ်ငန်းအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၁၅၀ ဖြင့် ပဝကျေးရွာ အရှေ့မျက်နှာစာတစ်လျှောက် ပေ ၂၂၂၀ အတွင်း ကျောက်စီနံရံအခြေပြုဘိုးပိုင်၏အချင်းမှာ သုည ဒသမ ၅၆ မီတာနှင့် မြေအဝင်အနက် ၂၀ ပေဖြစ်ပြီး ကျောက်စီနံရံအရှေ့တွင် မျှောကရစ်ကွက်များအား ကျောက်ကြီးများ ဖြည့်ကာတည်ဆောက်ခြင်းနှင့် မျှောကရစ်ကွက်များအရှေ့တွင် သဲများ စုပုံချထားပေးခြင်းစသည့်လုပ်ငန်းကို တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးမျိုးကိုကို လက်ထောက်ညွှန်ကြားရေးမှူး (ရေဘက်/မြို့ပြ)မှ ဦးစီးဆောင်ရွက်လျက် ဦးနောင်နောင်ဇော်လေး အငယ်တန်းအင်ဂျင်နီယာ-၂ (ရေဘက်/မြို့ပြ)က အနီးကပ်ကြီးကြပ် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ–ထိန်ဝင်း(ပြန်ဆက်)**

## ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ တီးတိန်မြို့ရှိ ပြည်သူများနှင့်တွေ့ဆုံ

**တီးတိန် ဒီဇင်ဘာ ၁၁**
ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲသည် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီး (မြို့နယ်တာဝန်ခံဝန်ကြီး) ဦးမန်ဟင်းဒါးလ်၊ ပြည်နယ်လွှတ်တော် ရုံးဝန်ထမ်းအကြီးအမှူးတို့နှင့်အတူ တီးတိန်မြို့ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ INGO၊ CSOအဖွဲ့အစည်းများနှင့် ပြည်သူလူထုတွေ့ဆုံပွဲကို ဒီဇင်ဘာ ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများ ဌာနလုပ်ငန်းများတွင် စည်းကမ်းရှိရှိစေတနာထား၍ အလုပ်လုပ်ကြရန်၊ လွှတ်တော်နှင့် ပြည်သူ၊ ပြည်သူနှင့် လွှတ်တော်ဆိုသည့်အတိုင်း အစိုးရနှင့် ပြည်သူများလက်တွဲပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြိုးပမ်းဆောင်ရွက်ရေး၊ ရွှေ့ပြောင်းတောင်ယာစနစ်မှ ဥယျာဉ်ခြံစနစ်သို့ လုပ်ကိုင်ဆောင်ရွက်ရေးစသည်ဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်တာဝန်ခံဝန်ကြီးက သစ်တောများကာကွယ်ထိန်းသိမ်းရာတွင် ပြည်သူများ သစ်တောဌာနနှင့်အတူ ပါဝင်ထိန်းသိမ်းရေး၊တောရိုင်းတိရစ္ဆာန်များ စုပေါင်းထိန်းသိမ်းရန်နှင့် လိုင်စင်မဲ့ သေနတ်ကိုင်ဆောင်မှုမရှိရေးများ မှာကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဂိုးဆွင်ခိုင်က မြို့နယ်၏လိုအပ်ချက်ဖြစ်ဖြစ်သော တီးတိန်မြို့နယ်အား ခရိုင်အဆင့်ရရှိရေး၊ သိုင်းငင်း- တီးတိန်လမ်း ကတ္တရာလမ်းရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေရရှိမှုများတင်ပြပြီး မြို့မိမြို့ဖ ဦးခမ်ဆွင်းမုန်က ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်အတွင်းတီးတိန်မြို့မဟာဓာတ်အားလိုင်းရရှိရေး၊ သိုင်းငင်း-တီးတိန်လမ်း ကတ္တရာလမ်းရရှိရေးတို့ကို တင်ပြပြီးနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ဇိုဟေဆာ**

## နွေစပါး အဆင်ပြေစွာ ရေပေးဝေနိုင်ရေး မြောင်းများ အဆင့်မြှင့်တင်ဆောင်ရွက်

**ရေတာရှည် ဒီဇင်ဘာ ၁၀**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ နွေစပါးစိုက်ပျိုးနိုင်ရန် ရေပေးဝေတော့မည်ဖြစ်ရာ စပါးစိုက်ဧက ၅၀၀၀ ကျော်ကိုရေပေးဝေမည့် DY 2A မြောင်း(ခွဲ)အား မြို့နယ်ဆည်မြောင်း နှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားများဖြင့်ဆောင် ရွက်ပေးလျက်ရှိသည်။

အဆိုပါ မြောင်းအဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးပါက မှန်စီ၊ ဆွေသာယာ၊ ကရင်ရွာ၊ တခွဲကျဲ၊ သာယာကုန်းကျေးရွာများရှိ နွေစပါးစိုက်ပျိုးမည့် တောင်သူများအတွက် စိုက်ပျိုးရေအဆင်ပြေစွာ ရယူသုံးစွဲနိုင်ကြမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**



## တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဟင်္သာတအကျဉ်းထောင်နှင့် မြို့မရဲစခန်းများစစ်ဆေး

**ဟင်္သာတ ဒီဇင်ဘာ ၁၁**
ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်တရားသူကြီး ဦးဝင်းမြင့်သည် တိုင်းဒေသကြီး တရားလွှတ်တော်ရုံးအဖွဲ့မှူး ဦးဇေယျာတင့်ညို၊ ခရိုင်တရားသူကြီး၊ မြို့နယ်တရားသူကြီးတို့နှင့်အတူ ဒီဇင်ဘာ ၁၀ ရက်နေ့က မြန်အောင်မြို့မရဲစခန်း အချုပ်ခန်းနှင့် ကြံခင်းမြို့မရဲစခန်း အချုပ်ခန်းတို့အား ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက ဟင်္သာတအကျဉ်းထောင်၊ ဟင်္သာတမြို့မရဲစခန်း အချုပ်ခန်းနှင့် ဇလွန်မြို့မရဲစခန်း အချုပ်ခန်းတို့အား သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနောက် အကျဉ်းထောင်နှင့် မြို့မရဲစခန်း အချုပ်ခန်းများရှိ အကျဉ်းကျခံနေရသူအချုပ်ကျနေသူများ နေထိုင်သည့် အဆောင်များ၊ ဆေးပေးခန်း၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ နေရာထိုင်ခင်း သက်သာ ချောင်ချိမှု ရှိ-မရှိ၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများ ရှိ-မရှိ၊ အစားအသောက် အာဟာရ သင့်တင့်မှု ရှိ-မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသရန်အခွင့်အရေး ရှိ-မရှိ စသည်များကို အကျဉ်းသား၊ အချုပ်သားတစ်ဦးချင်း မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင် တရားသူကြီး၊ ဒုတိယ ခရိုင်တရားသူကြီးနှင့် ခရိုင်အတွင်းရှိ တရားသူကြီးများ တက်ရောက်ကြကြောင်း သိရသည်။

**ကြေးမုံ**

## ပလောက်မြို့၌ပြည်သူ့အခြေပြုဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်

**ပလောက် ဒီဇင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့၌ အသက်ကိုးလမှ (၁၅)နှစ်အောက်ကျောင်းမနေသော ကလေးများနှင့် အသက်ငါးနှစ်မှ (၁၅)နှစ်အတွင်း အကြောင်းအမျိုးမျိုးကြောင့်ကျောင်းတွင် မထိုးနှံရသောကလေးများအား ပြည်သူ့အခြေပြု ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ပလောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ပေးခဲ့သည်။

အဆိုပါဆေးထိုးနှံခြင်းလုပ်ငန်းကို ပလောက်မြို့ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမနှစ်ဦးနှင့်အကူအဖြစ် ပြည်သူသုံးဦးတို့က ပလောက်မြို့ အမှတ်(၃)ရပ်ကွက်အတွင်းရှိကလေးများအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အလားတူ ပလောက်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ် ဆေးထိုးနှံ ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်သည်။ **နိုင်ဦး(ပြန်/ဆက်)**



## ပြည်သူ့အခြေပြု ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးအစုလိုက်ထိုးနှံ

**မင်းလှ ဒီဇင်ဘာ ၁၁**

သာယာဝတီခရိုင် မင်းလှမြို့ အမှတ် (၂၀) ရပ်ကွက် ပြည်လုံးချမ်းသာဘုရားကြီး၌ နိုင်ငံတစ်ဝန်းဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) ပြည်သူလူထုအခြေပြုကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၈ နာရီ ကျင်းပသည်။

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်းက တစ်ကမ္ဘာလုံးရောဂါဖြစ်ပွားမှုအခြေအနေ၊ မြန်မာနိုင်ငံတွင် ဒေသအလိုက်ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါစတင်ဖြစ်ပေါ်လာပုံ၊ ရောဂါကူးစက်ပုံ၊ ရောဂါလက္ခဏာများနှင့် ကာကွယ်ရန်နည်းလမ်းများ၊ ကာကွယ်ဆေးထိုးနှံပေးမည့် အစီအစဉ်များကို ပြောကြားပြီး ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးများ စတင်ထိုးနှံပေးခဲ့သည်။

မင်းလှမြို့နယ်လုံးတွင် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံပေးမည့် ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၅၅ အုပ်စုတို့မှ အသက်ကိုးလမှ (၁၅)နှစ်ထိ ကလေးငယ်ပေါင်း ၉၀၀၀ ကျော်အား မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဆေးထိုးအဖွဲ့ ၃၉ ဖွဲ့မှ သတ်မှတ်ထားသော စုရပ်များတွင် ဒီဇင်ဘာလ ၁၁ ရက်မှ ၂၀ ရက်အထိ လိုက်လံထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

## ပြည်သူလူထု အခြေပြုဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံခြင်း စတင်

**မြင်းမူ ဒီဇင်ဘာ ၁၁**



ဂျပန်ဦးနှောက်ရောင် ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းအဖြစ် ပြည်သူ လူထု အခြေပြု အစုလိုက် ကာကွယ်ဆေး စတင် ထိုးနှံ ပေးခြင်းကို စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ အသီးသီးတွင် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်း မှစ၍စုရပ်များထားရှိကာ စတင်ထိုးနှံပေးလျက်ရှိသည်။

ယင်း ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန်အတွက် မြင်းမူမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန ငါးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၁ ခုဖြင့် ရပ်ကွက်နှင့် ကျေးရွာပေါင်း ၈၉ ရွာမှ ဒေသခံပြည်သူ စုစုပေါင်း ၈၄၇၄ ဦးအား သက်မှတ်ရက်အတွင်း အောင်မြင်စွာ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှသိရသည်။

အလားတူ မြင်းမူမြို့နယ်အတွင်း နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ကျောင်းအခြေပြုအဖြစ် ကာကွယ်ဆေးထိုးနှံပေးခြင်းကို အသက် (၁၅) နှစ်အောက် ကျောင်းသား ကျောင်းသူ ၁၅၈၁၂ဦးအား အောင်မြင်စွာ ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## ယုဇနဥယျာဉ်မြို့တော်၌ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံပေး

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) ဒီဇင်ဘာ ၁၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဒေါ်အေးမူယာကျော်ဦးဆောင်သော ကျန်းမာရေးဝန်ထမ်း ၁၄ ဖွဲ့ ပါဝင်သည့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက် မှစတင်၍ ၂၀ ရက်အထိ ၁၀ ရက်တိုင်တိုင် ရပ်ကွက်၊ ကျေးရွာ ၂၀ အတွင်းသို့ အဖွဲ့ခွဲအလိုက် ကွင်းဆင်း၍ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လိုက်လံထိုးနှံပေးလျက်ရှိသည်။

ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက် အေ(၁) လမ်းမွှာရုံ၌ ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက အသက်ကိုးလမှ (၅)နှစ်အထိ ကလေးများနှင့် ပထမအကြိမ်တွင် ဆေးထိုးရန် ကျန်ရှိနေသေးသော အသက်ငါးနှစ်မှ(၁၅)နှစ်အတွင်းကိုပါ တစ်ပါတည်းကို မြို့နယ်ကျန်းမာရေးဆရာမ ဒေါ်ခင်ဥမ္မာနှင့် အဖွဲ့ဝင်များက ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ ၅၁၂

# တစ်သက်မှာတစ်ခါသာ ထိုးရမယ့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးခြင်းဖြင့် သင့်ရင်သွေး အနာဂတ်ဘဝ လှပနေပါစေ

**ကျော်စိုးဦး-မန္တလေး**

ကျွန်တော်ဟာ ပရဟိတကျောင်းတော်တော်များများမှာ အင်္ဂလိပ်စာသင်ကြား ပြသပေးနေသူဆရာ တစ်ဦးပါ။ မိဘတွေပြောသံတွေကြားရတယ်၊ တော်ပြီ ကာကွယ်ဆေးမထိုးတော့ဘူး၊ မတော်လို့များတဲ့။ ဒီနေရာမှာ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး သမိုင်းတွေ ရေးမနေတော့ပါဘူး။ လတ်တလော အသက်ကိုးလမှ (၁၅) နှစ်အတွင်း ကာကွယ်ဆေးထိုးနှံရေးကိုသာ ဆွေးနွေးလိုပါတယ် စာချစ်သူ။

အတွေးမလွဲပါစေနဲ့ စာချစ်သူ၊ ကာကွယ်ဆေးဆိုတာ ပညာရှင်တွေက သေချာသုတေသနစစ်တမ်းတွေပြုပြီးမှ လူ့စွမ်းအားအရင်းအမြစ်တွေ မဆုံးရှုံးရလေအောင် ကြိုးပမ်းကြတာပါ။ ကာကွယ်ဆေးတန်ဖိုးဟာ ဈေးကြီးမားလှသလို လူတစ်ယောက်ရဲ့ အနာဂတ်အတွက် များစွာပြောင်းလဲသွားနိုင်ပါတယ်။

စာချစ်သူက ကာကွယ်ဆေးထိုးရင် မတော်လို့ ငါ့သားသမီးဟာလို့ တွေးနေမိပြီး ဒေသတော်တော်များများရဲ့ ကာကွယ်ဆေးထိုးရမယ့် လူဦးရေရဲ့ လေးပုံတစ်ပုံဟာ ဒီအတွေးတွေဝင်နေတတ်သလို Media လောကကလည်း ခေါင်းကြီးပေးတာ တော်လွန်းတော့ စိုးရိမ်တာ မဆန်းပါဘူး။ ကာကွယ်ဆေးကြောင့် ဆိုရင် ဒီဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးဟာ ဆေးတစ်ပုလင်းကိုမှ ကလေးငါးဦးထိုးရတာပါ။ တစ်ခါတလေ ကလေးလေးဦးထဲလည်းဖြစ်နိုင်ပါတယ်။ ဘယ်နှယောက်ပဲဖြစ်ဖြစ်ပါ။ ဆေးကြောင့်ဆိုရင် အဲဒီဆေးပုလင်းအသုံးပြုတဲ့ ကလေးအုပ်စုလိုက် အကျိုးသက်ရောက်နိုင်ပါတယ်။ အခု လူကြီးမင်းတို့ ကြားသိတဲ့အနေအထားက ဆေးကြောင့်မဟုတ်ဘဲ ကလေးရဲ့ ရောဂါလက်ခံကြောင့်ဆိုတာ ကြားသိကြပြီးဖြစ်မှာပါ။

ဒါပေမယ့် ကျွန်တော်ပြောချင်တာက ဒါဆို အပြန်အလှန်နည်းနည်းတွေးကြည့်ပါ။ လူကြီးမင်းရဲ့ ရင်သွေး ဒီဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး မထိုးဖြစ်တော့ဘူး။ အကယ်၍ ဒီရောဂါဝေဒနာစွဲကပ်သည်ရှိသော် ကုသဖို့ ဆေးမရှိသေးပါဘူး။ ဒါဆို

လူကြီးမင်းစိုးရိမ်တာကို ကျွန်တော်တို့လက်ခံပါတယ်။ တစ်ချက်ပြန်စဉ်းစားကြည့်ရအောင်ပါ။ လူကြီးမင်းတို့ ကြားသိခဲ့ပြီးတဲ့ သတင်းတွေထဲကအတိုင်း ကလေးငယ်တစ်ဦးကာကွယ်ဆေးထိုးလို့ သေဆုံးတာလား။စဉ်းစားကြရအောင်ပါ။ ကာကွယ်ဆေးတစ်လုံးကို ကလေးငယ်ငါးဦးထိုးရတာပါ။ ဖြစ်ချင်းဖြစ် ကာကွယ်ဆေးကြောင့်ဆိုပါလျှင် ကလေးငယ်ငါးဦး အသက်စတေးကြရမည်မဟုတ်ပါလား။ အခုဖြစ်ခဲ့တာက ကလေးငယ်တစ်ဦးတည်းပါ။ ဒါကလည်းကာကွယ်ဆေးကြောင့်မဟုတ်ဘဲ သူ့ရဲ့ မူလရောဂါအခံကြောင့်ဆိုတာ အားလုံးသိကြပြီးဖြစ်ပါလိမ့်မယ်။

ဒါတွေကို ကျွန်တော်တို့ လေ့လာသုံးသပ်ရမယ်ဆိုပါလျှင် ကျွန်တော်တို့ စာဖတ်အားနည်းခဲ့လို့ မသိတာကို မေးမြန်းကြဖို့ပါပဲ။လူကြီးမင်းရဲ့ရင်သွေးဟာ နေထိုင်မကောင်းဘူး တစ်ခုခုသောရောဂါရှိနေမယ်ဆိုရင် သက်ဆိုင်ရာ ဆေးပညာဆရာ ဆရာမတွေနဲ့ ဆေးလာထိုးပေးသူတွေနဲ့ အကျိုးအကြောင်း ပြောပြထိုးလို့ရသလားမရဘူးလား။ ဘယ်လိုလူတွေ ထိုးသင့် မထိုးသင့်ဆိုတာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် လက်ကမ်းစာစောင်များ ပိုစတာများ သီချင်းများနဲ့ ပညာပေးဗီဒီယိုဖိုင်တွေနဲ့ပါ ပညာပေးနေတာကို သေချာလေ့လာကြည့်ကြဖို့လိုပါတယ်။

သင့်ရဲ့ အတွေးအခေါ်တစ်ချက်ကြောင့် သင့်ရင်သွေး အနာဂတ်မထိခိုက်စေချင်ပါဘူး။ ဒါ့ကြောင့် ကာကွယ်ဆေးထိုးရမလားမေးရင် ကျွန်တော်ကတော့ ထိုးကိုထိုးရမှာပါလို့ပဲ အကြံပြုချင်ပါတယ်။ သို့သော် ကာကွယ်ဆေးထိုးခါနီး သင့်ရင်သွေးဖျားနာနေမယ်ဆိုရင် တစ်ခုခုဖြစ်



နေရင် သက်ဆိုင်ရာကျန်းမာရေးဆရာ ဆရာမတွေနဲ့ တိုင်ပင်ပြီး အကြံပြုချက်များအတိုင်း လက်ခံကျင့်သုံးသင့်ပါတယ်လို့။

### ကာကွယ်ဆေးမထိုးဖြစ်ရင် ဒီလိုခံစားရနိုင်ပါတယ်

ကာကွယ်ဆေးမထိုးဖြစ်လို့ ဒီဂျပန်ဦးနှောက်ရောင်ရောဂါခံစားရပြီဆိုရင် နောက်ဆုံးအဆင့်တွေးထားကြဖို့ပါ။ သင့်ရင်သွေးရတနာဟာ ဦးနှောက်နှင့်အာရုံကြောများ ထိခိုက်သည့်ဒဏ်တစ်သက်တာကျန်ရစ်နေခဲ့ပြီး စကားပြောသည့်အခါ အသံလေး၍ မပီသခြင်း၊ ကိုယ်အင်္ဂါမသန်စွမ်းတော့ခြင်း တကယ်လို့ လူနာဟာ အသက်မသေဘဲ ပြန်ရှင်သန်လာသည့်တိုင် သင့်ရင်သွေးရတနာဟာ ကိုယ်အင်္ဂါတစ်ခုခု ချို့ယွင်းမှုနှင့် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများ စွဲမြဲစွာတစ်သက်လုံးခံစားနေရမှာပါ-

### တစ်သက်မှာတစ်ခါရမယ့်အခွင့်အရေး

လူကြီးမင်းရဲ့ရင်သွေးရတနာဟာ နေထိုင်မကောင်းဖြစ်နေမယ်၊ တစ်ခုခုဖြစ်နေရင် ကျန်းမာရေးဌာန ဆရာ ဆရာမတွေနဲ့ တိုင်ပင်ပါ။ ကာကွယ်ဆေးဆိုတာဟာ ဘဝတစ်သက်တာမှာ တစ်ခါသာလျှင်ထိုးရတဲ့ အလွန်မှ ဈေးကြီးလှတဲ့ ရထိုက်တဲ့ရတနာတစ်ခုပါ။ ဒီဆေးထိုးနှံခြင်း အခွင့်အရေးကို မဆုံးရှုံးဖို့ကတော့ လူကြီးမင်း၏တာဝန်သာ ဖြစ်ပါတယ်စာချစ်သူ။

ယခုကာကွယ်ဆေးထိုးစီမံချက်ဟာ ကျောင်းအခြေပြုပြီးလို့ ရပ်ကွက်အခြေပြုကလေးငယ်အားလုံး ဆေးထိုးမည့် အစီအစဉ်မှာ ကျန်ရစ်သူမရှိရလေအောင် ကလေးငယ်တိုင်းဆေးထိုးနှံရေးအတွက် အားလုံးပူးပေါင်းပါဝင်ကူညီရေးဟာ လူထုတစ်ရပ်လုံးရဲ့ အမျိုးသားရေးတာဝန်ဖြစ်လာပါတော့တယ်။ ။

ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား



# ဂုဏ်ယူဝမ်းမြောက်ခြင်း

UEC

ဒေါက်တာအောင်မျိုးမြင့် နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော..

**United Education Centre**

**KG to GRADE 10**



ကကယ–၁၃/၄၀/၀၆၇

# ကိုယ်ပိုင်အထက်တန်းကျောင်း

၂၆–၁၁–၂၀၁၇တွင် MCC ခန်းမ၌ကျင်းပသောပညာရည်ချွန်ဆုပေးပွဲသို့ကြွရောက်ချီးမြှင့်ကြသော ဆေးသိပ္ပံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာ ဦးသန်းဇော်မြင့် ဆေးတက္ကသိုလ် (၁)ဂုဏ်ထူးဆောင်ပါမောက္ခဒေါက်တာ ဒေါ်ကြည်ကြည်သင်း၊ ပါမောက္ခဒေါက်တာဦးမျိုးဝင်းနှင့်တကွ မိဘများဆုရမောင်မယ်များအား ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း။

ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား





## ၂၀၁၈–၁၉ ပညာသင်နှစ် အထူးအစီအစဉ်များ

- အိမ်တွင် မိမိကလေးအား အချိန်မပေးနိုင်သောမိဘများအတွက် စတုတ္ထတန်းမှ အဋ္ဌမတန်းအထိ အထူး **STUDY CAMP** ကိုယခုနှစ် စာသင်နှစ်တွင် တိုးချဲ့ဖွင့်လှစ်ပါမည်။ သင်ကြား၊ လေ့ကျင့်၊ မြေဆို ပြည့်စုံစွာ စီစဉ်ထား၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
- သတ္တမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ အဆင့်မြင့်ဘော်ဒါနှင့် **DAY CAMP** များကို ၂၀၁၈ မတ်လဆန်းမှ စတင် သင်ကြားပါမည်။
- အဆောင်များသည် အင်းယားကန်ပေါင်အနီးရှိ လုံးချင်းခြံကျယ်များဖြစ်ပြီး ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။
- **UEC** (၄) ထပ် စာသင်ကျောင်းသစ်ကြီးတွင် ကျယ်ဝန်းသော **Air-con** တပ် စာသင်ခန်းများဖြင့် မိမိတို့ရင်သွေးများအား ချမ်းမြေ့ပျော်ရွှင်စွာ သင်ကြားခွင့်ရစေသည်။ မူလတန်း နှင့် အလယ်တန်းများအတွက် **Extracurricular Activities** များ ပြည့်စုံစွာ စီစဉ်ထားသည်။

ကျောင်း ● အမှတ်(၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ **Ph : 09-793 893 725, 09-793 893 726, 09-780 020 647**

ကျောင်းသူဆောင် ● မြေအမှတ်(၁၅ A နှင့် B) စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းသားဆောင် ● မြေအမှတ်(၄) စံရိပ်ငြိမ်(၅)လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



"30%ပေးချေပြီးသည် နှင့် သော့ရရှိနိုင်မည့်အခွင့်အရေး"

# ရွှေကမ်းသာယာအိမ်ရာစီမံကိန်း

*** **Special Payment** ***

**May Flower Trading**
နှင့်
ဧရာဝတီဘဏ်တို့ ပူးပေါင်းပြီး
(၁၀) နှစ်အရစ်ကျစနစ်ဖြင့်
ဝယ်ယူနိုင်မည့်အခွင့်အရေး
ကုမ္ပဏီမှတိုက်ရိုက်ရောင်း/ငှားပေးနေပါပြီ။



Luxury House






2Storey Single House

တည်နေရာ လှိုင်သာယာမြို့နယ်

Contact No- 01 650535, 01 666183, 01 651436
01 663578, 09 73154424



လှည်းတန်းစင်တာကွန်ဒို
(၁၅×၄၀) ပေ (၄ဘး)
1Month 1100 USD
09 770877057,
09 5012322



**မိုးရှာမောင်**
**အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**
လူကြီးမင်းတို့၏အိမ်ခန်း၊ ရုံးခန်းပြောင်းရွှေ့ခြင်းများအတွက် 10', 15', 16' ကားများနှင့်အလုပ်သမားစီစဉ်ပေးသည်။
09 5024774
09 73179228
09 49155515
09 49225338



# Super Cool

**Air Con** ရေခဲသေတ္တာ၊ အဝတ်လျှော်စက် တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်၊ လဲလှယ်ခြင်းလုပ်ငန်း (အိုးသုံးဆိုင်ခွဲ၇ခု)

(၁) မ/ဒဂုံမြို့နယ် –01-706356, 09-49594626
(၂) ရန်ကင်းမြို့နယ် –09-73187375, 09-400407575
(၃) သာကေတမြို့နယ် –09-420305462, 09-254179565
(၄) ကြည့်မြင်တိုင်မြို့နယ် –09-256155553, 09-33338211
(၅) မ/ဥက္ကလာမြို့နယ် –09-450013581, 09-765418836
(၆) မန္တလေး –09-49252181, 09444042912
(၇) လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ– 09-256223396, 09-47054581

AIRCON အဟောင်းနှင့် အပျက်များကို အသစ်နှင့်လဲလှယ်ပေးပါသည်။
တပ်ဆင်ပြီး 1.0 Hp 259000, 1.5 Hp 319000

Air-Con 1.0Hp တပ်ဆင်အပြီးအစီး 309000 ကျပ်
Air-Con 1.5Hp တပ်ဆင်အပြီးအစီး 359000 ကျပ်


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၅(စီ–ဂျီ)၊ မြေကွက်အမှတ်–၁၂၀၅၊ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့်တိုက်အမှတ်(၇)၊ မင်းလမ်း၊ သရာစံတောင်(စံပြ)ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သော (၁)ခန်းတွဲ (၆)ထပ် တိုက်အနက် တတိယထပ် (၄–လွှာ) တိုက်ခန်း(၁)ခန်းနှင့် မူလအမည်ပေါက် (ဒေါ်ကျင်သိန်း) နှစ်(၆၀)ဂရန်မူရင်းအပါအဝင်နှင့်တကွအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူက ရောင်းချပိုင်ခွင့်ရှိသည်ဟု အထောက်အထားများပြသ၍ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသစရံငွေကို ရောင်းသူအားငွေသားသက်သက်ဖြင့် (၈–၁၂–၂၀၁၇)ရက်နေ့၌ပေးချေ၍ စရံပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ဤတိုက်ခန်းဥပစာနှင့်ဂရန်မြေကွက်အရောင်းအဝယ်အား ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် အထောက်အထားမူရင်းများနှင့်တကွ အားမနာတမ်းလာရောက်၍ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား စရံပေးစာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

ဒေါ်ခင်မာချို
၁၀/ဒဂန (နိုင်) ၀၆၅၀၄၆
၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးနေဝင်း
(တရားလွှတ်တော်ရှေ့နေ)(စဉ်–၄၉၄၃)
တိုက်(၅)၊ အခန်း(၆)၊ (၁၁)လမ်း၊ (၃)ရပ်ကွက်၊ ဘုရင့်နောင်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။


New Fortuner. More Powerful and More Fuel-Efficient!
Look forward to the next generation of superior SUV.
Enhanced engine performance, quieter and more comfortable driving by the world's leading Toyota GD engine
New You. New Success.
FORTUNER
More Powerful!
KD engine 163ps → GD engine 177ps
Up to 15% more fuel efficient
Enhanced Torque!
Up to 25% more maximum torque
Luxuriously appointed interior
Spacious and elegant comfort
6-speed Automatic Transmission
ECO/PWR Switch
Downhill Assist Control (DAC)
Drive down slopes without the tires locking while keeping the vehicle stable.
For More Information Visit Our Website!
Visit ▸▸▸ www.toyota-myanmar.com/imv
Scan QR code
TOYOTA Aye and Sons
(Yangon)
Open: Mon - Sat 9 AM - 5 PM
Closed: Sunday and Public Holidays
No. 87 (A), Kaba Aye Pagoda Road, Bahan Township, Shwegondine P.O 11201, Yangon
E-mail: ayensons@ttasmyanmar.com.mm
Tel: (09) 954 502 206, (09) 954 400 950
TOYOTA MINGALAR
(Yangon)
Open: Mon - Sun 9 AM - 5:30 PM
No. 6 Bayintnaung Road, Ward (2), Hlaing Township Yangon
E-mail: info@mgmtoyota.com
Tel: (01) 514 940, (01) 514 941
TOYOTA GW Lion
(Mandalay)
Open: Mon - Sun 9 AM - 5:30 PM
Block (542), Upine – 10/339, Mandalay-Pyin Oo Lwin Road,
Between 37th & 39th streets, Aung Pin lae Quarter,
Pathein Gyi Township, Mandalay Division, Myanmar
Tel: (09) 969 700 001 ~ 3
Specifications may vary from model(s) shown.
www.toyota-myanmar.com
Together, Tomorrow, Toyota
TOYOTA

# MYANMAR PLAS PRINT PACK AGROTEK FOODTEK

**15–18 / 12 / 2017**

Myanmar Event Park ( MEP ) at Mindama

Min Dhama Road, Myangone Township, Yangon

၆ ကြိမ်မြောက်ထပ်မံကျင်းပသော မြန်မာ့နိုင်ငံတကာဆိုင်ရာ ပလတ်စတစ်၊ ရာဘာ၊
ပုံနှိပ်ခြင်း နှင့်ကုန်ထုတ်ပိုးမှုဆိုင်ရာ စက်မှုပြပွဲကြီး နှင့်အတူ စိုက်ပျိုးရေးနည်းပညာနှင့်စားသောက်ကုန်ဆိုင်ရာစက်ပစ္စည်းပြပွဲကြီး

၇၀၀၀ sqm ကျယ်ဝန်းသောနေရာတွင်နိုင်ငံတကာမှ
ထုတ်ကုန်ပစ္စည်းအမျိုးအစားပေါင်း ၂၃၀ ကျော်တို့ကို ယူဆောင်လာမည့်ပြပွဲကြီး

Coming Soon!

ကြိုတင်စာရင်းပေးသွင်းခြင်း
ရန်ကုန်-ဘန်ကောက်(အသွား/အပြန်)လေယာဉ်လက်မှတ် ကံစမ်းခွင့် အခွင့်အရေးရရှိနိုင်ခြင်း ။
အသေးစိတ်ထက်မံသိရှိလိုပါက ဝက်ဆိုဒ်တွင်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

AGROTEK / FOODTEK    PLAS / PRINT / PACK

www.myanmar-expo.com

Ms. Myo Kyi Phyu Tun 01-9010753 09-964703426 myokyiphyutun25@gmail.com

အသက် (၁၂) အောက်ကလေးများဝင်ခွင့်မပြု ။

---

**သန့်ရှင်းလတ်ဆတ်သောလေကောင်းလေသန့်ကို တဝကြီးရှူရှိုက်ရင်းဖြင့် ရန်ကုန်မြို့၏ ထူးခြားသောနေရာတစ်ခုဖြစ်သော ဗိုလ်တထောင်ကမ်းနားတွင် ကျင်းပပြုလုပ်မည်**

## YANGON MOVING BAZAAR

စားသောက်ကုန်၊ Fashion၊ Cosmetic၊ Handmade၊ ယိုးဒယားမှလာရောက်ရောင်းချသောယိုးဒယားပစ္စည်းမျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့်အတူ
မြူးကြွသော DJ Unplugged များနှင့်ပျော်စရာတေးဂီတများကို ခံစားရင်း တင့်တာပင်ပန်းနွမ်းနယ်မှုများကို လာရောက်အားပေးကြည့်ရှုခံစားနိုင်ပါသည်။

Date: 15~17-12-2017 Time: (3:00 PM to 11:00 PM) Botahtaung River Side

ဤအရောင်းပြပွဲကြီးတွင် ကုန်ပစ္စည်းများပါဝင်ရောင်းချလိုပါက By Reflex Myanmar : Ph-09764462844, 09968277915, 09 403937313

---

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်

# ဆရာမိုး Follow Me Ph.D (USA) IELTS

တန်းခွဲသစ် လက်ခံပြီ။

အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်

**Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့် ENGLISH 4 SKILLS Level (1,2) ၄ လ နှင့်**

**ENGLISH 4 SKILLS Level (1)** တစ်ပတ် (၅)ချိန်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။

**Essay, Letter** ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကုန်ကြပြီ။ တန်းခွဲသစ်များ **Dec 16** စမည်။

**4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။**

နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး

**သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄ လ အတတ် လက်ခံပြီ။**

အဆင့်မြင့် နိုင်ငံတကာ **University** များတွင် ပညာတော်သင်ဆု ရရှိစေဖို့နှင့် သေချာပေါက် တက်ရောက်ခွင့် ရရှိစေဖို့

**ပြည့်စုံ ကောင်းမွန်သော IELTS စာအုပ်၊ CD, DVD ထိရောက် မှန်ကန်သော သင်ကြား လမ်းညွှန်မှုများနှင့်အတူ**

**4 Skills Band 7** နှင့်အထက် ရအောင် သင်ပေးမည့် **IELTS ၄ လ** အထူး လက်ခံပြီ။

**ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။**

အင်း၀ အမှတ် ၁၈၊ ၅-လွှာ၊ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း(၄၄-လမ်းထိပ်)။ 01 8398118,295798

---

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001

## နေရာတိုင်းဆောင်ထား

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Rain Flower



5 Year Warranty

ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၀၇၃၀၀၀၅
-၀၉-၄၅၀၇၃၀၀၀၆

မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၀၅၄၆၇၀
-၀၉-၄၅၀၇၃၀၀၀၈

၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆

ပေါက်တော၀၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၀၄၇၁၆၅၄
-၀၉-၄၅၀၇၃၀၀၀၂

နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၃၁၁၃၆၂၆၁

မန္တလေး
ဖုန်း -၀၉-၄၂၀၀၈၈၄၂၂
-၀၉-၆၅၀၀၄၀၃

---

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၇၄/မမ/CME | အင်းစိန်နယ်မြေအတွက် 315 KVA နှင့် 500 KVA Transformer အပါအဝင် ဆက်စပ်လျှပ်စစ်ပစ္စည်း(၅၈)မျိုး |

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၆ . ၁၂ .၂၀၁၇ (အင်္ဂါနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၁၁.၁၂.၂၀၁၇)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း: 294352, 291994

---

## အဆင့်မြင့်လက်ဖက်ရည်ဆိုင်အတွက် ဝန်ထမ်းကောင်းများအလိုရှိသည်

စားပွဲထိုး အသက်၂၅ နှစ်အောက် ကျား(၄၀) (နေ/စားငြိမ်း)
အခြေခံလစာ-၁၀၀၀၀၀မှစ၍ အရည်အချင်းပေါ်မူတည်၍ တိုးမြှင့်ပေးသွားမည်။
ထပ်မံအလိုရှိသည့် ဝန်ထမ်းများ
နံနက်စာကျွမ်းကျင်စွာချက်ပြုတ်နိုင်သူ
ရှမ်းအစားအစာများ
- မုန့်ဆရာ၊ Dimsum ဆရာ
- မီးဖိုခန်းအကူ၊ သန့်ရှင်းရေး၊ ပန်းကန်ဆေး

ဆက်သွယ်ရန်လိပ်စာ
အမှတ်-၂၂၊ သစ်ယာပင်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊
ဖုန်း-၀၉-၉၇၀၀၀၇၇၈၀၊ ၀၉-၉၇၀၀၀၇၇၀၈

---

## “အနာဂတ်ဘဝခိုင်မာဖို့ အတတ်ပညာတွေ သင်ယူစို့”

**Diploma in Engineering (UK NQF Level 2,3, 4, 5) သင်တန်းများ**

- ▶▶ Electrical / Electronic Eng , Mechanical Eng , Construction Eng , Refrigeration and Air Conditioning တို့မှနှစ်သက်ရာ ရွေးချယ်တက်နိုင်သည်။
- ▶▶ NQF Level (4) = HNC အဆင့်ကို တစ်နှစ်ခွဲအတွင်း၊ NQF Level (5) = HND အဆင့်ကို နှစ်နှစ်ခွဲအတွင်း ရယူနိုင်ပါသည်။ (၁၀)တန်းအဆင့်သင်ယူဖူးသူတိုင်း တက်ရောက်နိုင်သည်။ Dec (26) စမည်။
- ▶▶ GLORY သည် သင်တန်းကျောင်းသက်တမ်း (၁၄)နှစ် အတွင်းလေ့ကျင့်ပြီးသင်တန်းဆင်း စုစုပေါင်း (၂၀,၀၀၀)ကျော်မွေးထုတ်ခဲ့ပြီး ကမ္ဘာ့အဆင့် ချွတ်ဆိပ်ဆုရှင် (၄)ဦးကို မွေးထုတ်ပေးခဲ့ပါသည်။

GLORY အခန်း ၃/၄၊ တအထပ် ၊ ဗိုလ်မြတ်ထွန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ဗိုလ်တစ်ထောင်မြို့နယ်။ 09-73121717,09-5197817

---

## ရောင်းမည်

ရွှေပေါက်ကံစက်မှုဇုန်၊ ကနောင်မင်းသားကြီးလမ်းမပေါ်၊
မြေ ( ၁၀၀ × ၁၀၀ )ပေ ၊ အုတ်တံတိုင်းခတ်ပြီး ။
စက်ရုံ ၃၀ပေ × ၆၈ပေ RC ၂ ထပ်။
အပေါ်ထပ်ရုံးခန်း၊အိပ်ခန်း(၃)ခန်း၊မီးဖိုခန်း၊ရေချိုးခန်း/အိမ်သာ(၂)ခန်း၊
ပါဝါမီတာ - ၃၀ ကီလို၊ လိုက်တင်မီတာ။
( လူနေထိုင်-လုပ်ငန်းလုပ်ကိုင်ရန် အသင့် )

ဖုန်း – ၀၉၅၁၉၆၉၆၇

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်ညွှန့်(ခ) Robert Sims**

**ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊ ကုန်သွယ်/စားဖျော်**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်- 35-D ပြည်လမ်း၊ (၇)မိုင်နေ MHR သင်တန်းကျောင်း၏ Academic Advisor ဖြစ်သူ ဆရာမကြီး ပါမောက္ခဒေါက်တာဒေါ်လှမြင့်၏ခင်ပွန်း၊ ဦးဝင်းခိုင်-ဒေါ်ချိုနွယ်ညွန့်တို့၏ ဖခင်၊ မောင်သက်ပိုင်ထွန်း၊ မောင်မျိုးထွန်းထက်တို့၏ အဘိုးဖြစ်သူ ဦးအောင်ညွှန့်သည် ၈-၁၂-၂၀၁၇ရက်(သောကြာနေ့)နံနက် ၆း၀၀နာရီတွင် ပါရမီအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**MHR Management Institute**

**မိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်းဒါယကာကြီး**

**ဦးစိန်ဝင်း(ကျိုက်လတ်) (၇၇)နှစ်**

**မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ(ငြိမ်း)**

ကျိုက်လတ်မြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးမြအောင်-ဒေါ်ကျင်မေ)တို့၏သား၊ (ဦးထွန်းလွင်-ဒေါ်မာမာဝေ)တို့၏ညီ၊ ဦးကြည်-ဒေါ်တင်တင်ဝေ၊ (ဒေါက်တာထွန်းရ)၊ ဦးလှမင်း(စာရင်းစစ်-ငြိမ်း)-ဒေါ်ခင်ဝင်း၊ ဦးမြင့်အောင်-ဒေါ်ခင်ဆွေ (အလပြ-ငြိမ်း)၊ ဒေါ်အေးအေးမြင့် (အလပြ-ငြိမ်း)၊ ဦးဇော်မင်း-ဒေါ်တင်တင်ဝင်း(အလပြ)တို့၏ အစ်ကို၊ ဒေါ်သန်းသန်းနွဲ့၏ ခင်ပွန်းသည် ၉-၁၂-၂၀၁၇ ရက် ည ၁၀း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၁၇ ရက် ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အများသိစေရန် အသိပေးကြေညာခြင်း

TU-E BRILLIANT TRANSFORMATION MYANMAR CO., LTD. (ကုမ္ပဏီ မှတ်ပုံတင်အမှတ် – ၉၇၉ FC/၂၀၁၆–၂၀၁၇) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်၊

TU-E BRILLIANT TRANSFORMATION MYANMAR CO., LTD. ၏ကိုယ်စား မန်နေဂျင်း ဒါရိုက်တာဖြစ်သူ စင်ကာပူနိုင်ငံသား MR. FOO CHEE YONG နှင့် DATO MOHAMAD ZAHARI BIN AWANG တို့သည် (၂၆–၁၁– ၂၀၁၇) ရက်နေ့တွင် Melia Hotel Yangon, Myanmar Function Room (6) L-1 ၌ နှစ်ဘက် တွေ့ဆုံကာ ညှိနှိုင်းဆုံးဖြတ်ခဲ့ကြပါသည်။

TU-E CAPITAL BERHAD (HQ) KUALA LUMPUR, MALAYSIA ၏ အောက် ဖော်ပြပါ လုပ်ငန်း ဆောင်ရွက်ရန် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော တာဝန်ပေးအပ်ထားသည့် ကုမ္ပဏီ ဖြစ်ကြောင်းနှင့် အခြား မည်သည့်အမည်ခံကုမ္ပဏီမျှ တရားဝင် လုပ်ပိုင်ခွင့်မရှိသကဲ့သို့ အကယ်၍ ပြီးသနာတစ်စုံတစ်ရာ ပေါ် ပေါက်ခဲ့ပါက လုပ်ကိုင်ဆောင်ရွက်သူ တာဝန်သာဖြစ်ကြောင်းနှင့် တရားဥပဒေအရ ထိရောက်စွာ အရေးယူ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းများ**

၁။ PROJECT FUNDING TRANSFORMATION

၂။ BIG CORPORATION

၃။ JOINT VENTURE

၄။ 1 HABITAT, 1 HUMANITY, GIDIFA HOUSING PROJECT

အထက်ဖော်ပြပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အောက် ဖော်ပြပါ ပုဂ္ဂိုလ် (၂)ဦးမှ ကုမ္ပဏီ ၏ ကိုယ်စား မြန်မာနိုင်ငံအတွက် တာဝန်ခံ တာဝန်ယူ ဖြေရှင်းဆုံးဖြတ် အုပ်ချုပ်စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁။ MR. FOO CHEE YONG — Passport No. E 3871878 K

၂။ U NYI NYI (Director) (Rep) — ၁၂/ဗတထ (နိုင်) ၀၀၂၁၀၀

ထို့အပြင် အဆိုပါလုပ်ငန်း 1 HABITAT, 1 HUMANITY, GIDIFA HOUSING PROJECT ကို ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါပုဂ္ဂိုလ်များနှင့်လည်း ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၁။ ဦးအောင်ဇော်မြင့် — Team Leader, Bagan Business Group, Phone : + 959 5005366

၂။ ဦးခိုင်ဝင်းလတ် — Architect (M. Arch), Modular Architects, + 959 5149798

၃။ ဦးသန်းမြင့်ဦး — Civil Engineer (B.E Civil), Bagan Business Group, +959 262644024

၄။ ဦးအေးမောင် — Civil Engineer (B.E Civil), Thidar Yae Sin Co., Ltd.+959 452360856

၅။ ဦးလှိုင်မိုးသန့် — Electronic and Offshore Engineer, BE Electronic Engineering, M.Sc Offshore Engineering (Myanmar Moe Natmin Co., Ltd). +959 962902063

**လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်သက်လေးချို
LL.B, D.B.L, D.I.L, D.M.L, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (၁၀၂၀၈/၂၀၁၄)
(၁၃၈)၊ ပထမထပ်၊ (၃၂) လမ်း (အလယ်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၄၂၀၀ ၂၄၂၈၉၊ ၀၉၉၆၄၂၂၄၂၈၉

ဒေါ်ခင်ရတနာကျော် (LL.B)
အထက်တန်းရှေ့နေ (၄၈၆၇၆)
အမှတ် ၇၁၊ ချမ်းမြေ့သီတာလမ်း၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း –၀၉၇၆၈၇၂၁၀၅၇

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြင့်မြင့်**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ (ဦးသက်စိန်-ဒေါ်ကြည်)တို့၏သမီး၊ (ဦးအောင်သိန်း-ဒေါ်မြစိန်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ် (၅) နေ ဦးခင်မောင်သိန်း၏ ဇနီး၊ဒေါ်အေးချို(Violet Handmade Fancy) - ဦးမင်းမင်းဦး (2nd Mate F.G)၊ Dr.ဒေါ်အေးပို (Sydney)-Dr.ဦးမြိုင်ညွန့် (Sydney)၊ Dr.ညိုညိုသိန်း (ပါမောက္ခ/ သချာင်္ဌာန၊ YTU)၊ ဦးအောင်ဇော်သိန်း (Chief Officer/ Uniteam Marine)၊ Dr.ခင်စန္ဒာသိန်း တို့၏မိခင်၊ မောင်ကောင်း (Engine Cadet/ Uniteam Marine)၊ မောင်ဇေယျာလင်းထက်တို့၏ အဘွား ဒေါ်မြင့်မြင့်သည် ၈-၁၂-၂၀၁၇ ရက် ည ၁၀း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုး မိတ်ဆွေအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**EAZY DRIVE**

- ရန်ကုန်မြို့တွင်းလမ်းများပေါ်တွင်ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာမောင်းနိုင်ရန်နှင့် မြို့ထဲကားပါကင်တစ်စီး ကွက်တိထိုးနိုင်ရန် အမြန်ရက်တိုအတတ်သင်ပေးသည်။
- လိုင်စင်ဖြေဆိုလိုသူများကိုလည်း ကားပါကင်တစ်ကြိမ်တည်းထိုးနိုင်အောင် အထူးသင်ပေးသည်။

**ဖုန်း-၀၉-၂၆၄၈၀၇၆၉၉**

---

# ဟာဂျီမ ဒေါ်အာအေးရှာဘီ(ခ)ဟာဂျီမ ဒေါ်ရီရီ

# အသက်(၈၁)နှစ်

မန္တလေးမြို့၊ (၈၃)လမ်း၊ တိုက်တန်းရပ်နေ ဆိုးဆေး(ဟာဂျီ ဦးဘဟန်-ဟာဂျီမ ဒေါ်သောင်းရွှေ)တို့၏သမီး ၊ (၈၆)လမ်း၊ ပွဲစားတန်း၊ ဘဲဥတိုက်နေ(ဟာဂျီ ဦးကြည်လင်-ဟာဂျီမ ဒေါ်ဂျမီလာ)တို့၏ သမီးချွေးမ၊ (ဟာဂျီမ ဒေါ်ကြည်ကြည်)၏ညီမ၊ ဟာဂျီမ ဒေါ်တီတီ၊ [ဟာဂျီ ဦးကိုကို(ခ)ဦးရောဘတ်]-ဟာဂျီမ ဒေါ်ခင်ဝင်းကြည်၊ (ဟာဂျီ ဦးဇော်ဝင်း(ခ)ဟာဂျီ ဦးရစ်ချက်)-ဟာဂျီမ ဒေါ်နွဲ့နွဲ့၊ ဟာဂျီ ဒေါက်တာ ဦးနေဝင်း-ဒေါ်ခင်သွယ်ဦး၊ ဟာဂျီ ဦးမောင်မောင်တူး-ဟာဂျီမ ဒေါ်ဖြူဖြူဟန်၊ ဟာဂျီဦးစိန်ဝင်း-ဟာဂျီမဒေါ်ရီရီချို၊ ဦးစိုးဝင်း-(ဟာဂျီမ ဒေါ်မြင့်မြင့်သိန်း)၊ ဟာဂျီ ဦးမျိုးဝင်းတို့၏ အစ်မကြီး၊ ဟာဂျီ ဦးဝင်းထွဋ်-ဟာဂျီမ ဒေါ်ခင်မာဇင်၊ (ဟာဂျီ ဦးအောင်ညွှန့်ဦး)-ဟာဂျီမ ဒေါ်မိမိမြတ်၊ ဟာဂျီ ဦးဝင်းမြတ်- ဒေါ်ဖြူဖြူ (ဟာဂျီမ ဒေါ်အေးအေးမြတ်)၊ ဟာဂျီ ဦးမောင်မောင်-ဟာဂျီမ ဒေါ်မင်းမင်းဝင်း၊ (ဟာဂျီ ဦးဝင်းဇော်)-ဟာဂျီမ ဒေါ်ဘေဘီတို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေး(၁၅)ယောက်၊ မြစ်(၁၀)ယောက်တို့၏ ဘွားဘွားကြီး၊ (ဟာဂျီ ဦးဟာနစ်(ခ)ဟာဂျီ ဦးဝင်းမောင်)၏ ချစ်လှစွာသော ဇနီးဖြစ်သူသည် ၄-၁၂-၂၀၁၇ရက်(တနင်္လာနေ့)၊ နံနက် ၂း၁၅နာရီတွင် အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ည အေရှာမာဇ်အပြီး (၇း၁၅)နာရီတွင် အေးရိပ်ငြိမ် ကဗာန်စတန်တွင် ဒါဖွနာပြီးစီးပါကြောင်းနှင့် လိုက်ပါပို့ဆောင်ပေးကြပါသော ရှေ့ဆောင်အီမာန်နှင့်တကွ ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟ အပေါင်းတို့နှင့် အဘက်ဘက်မှ ကူညီအားပေးနှစ်သိမ့်ပေးကြသော ဆွေမျိုးမိတ်ဆွေများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူ မောင်နှမများနှင့်သားသမီးများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဝဏ္ဏကျော်ထင် ဦးတင်ထွတ်နိုင် (B.A,B.L)**

**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)**

**တရားရုံးချုပ်တရားသူကြီး(ငြိမ်း)၊ မိုးကောင်းမြို့**

**အသက် (၇၈) နှစ်**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ဗဟိုကော်မတီဝင်ဖြစ်သူ ဦးတင်ထွတ်နိုင်သည် ၉-၁၂-၂၀၁၇ရက်နေ့ နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)**

---

## အထူးကျေးဇူးတင်ရှိခြင်း

**ဦးဘသန်းအောင်** [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ တရားရုံးချုပ်]

**အသက် (၈၂) နှစ်**

၁၀-၁၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၂၀)နေ ဦးဘသန်းအောင် [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ တရားရုံးချုပ်]၏နာရေးတွင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော တရားရေးဝန်ထမ်း မိသားစုများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးအောင်ညွှန့် (ငြိမ်း) အသက်(၉၂)နှစ်**

**ဦးဆောင်ညွှန်ကြားရေးမှူး (ကုန်သွယ်/စားဖျော်-ငြိမ်း)**

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)၏ နာယကကြီး ဆရာမကြီး ဒေါက်တာဒေါ်လှမြင့်၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးအောင်ညွှန့်(ငြိမ်း) သည် (၈.၁၂.၂၀၁၇)ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)**

---

## ကန့်ကွက်နိုင်ပါကြောင်း

လသာမြို့နယ်၊ သံဈေး၊ ပထမထပ်၊ ဆိုင်အမှတ်(၁၆၈)၊ ဦးအောင်လင်း(ခ)လီကြောင်သိမ့် အမည်ပေါက် ဆိုင်ခန်း၏၊ ဆိုင်ခန်းမှတ်ပုံတင်စာအုပ် W-07657 နှင့် ဆိုင်ချအမိန့်မူရင်း ငွေသွင်းချလန်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ဝယ်ယူထားရှိသူမှ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ် လျှောက်ထားခြင်းနှင့်ဆိုင်ခန်းအမည်ပြောင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးသန်း**

**[၇/တငန(နိုင်)၁၁၅၉၁၀]**

**အမှတ်(၈၃)၊ သဒ္ဒါရုံလမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတ**

**ဖုန်း-၀၉-၄၅၄၃၆၀၂၆၁**

---

## ဝမ်းနည်းကြေကွဲခြင်း

အထက(၄) လှိုင် ကျောင်းအုပ်ကြီး ဒေါ်သီတာဟန်၏ ချစ်လှစွာသောအဒေါ် ဒေါ်ပိုပိုခင်(စီးပွားရေးတက္ကသိုလ်-ငြိမ်း၊ နှင်းဆီဆောင်အဆောင်မှူး)သည် ၉-၁၂-၂၀၁၇(စနေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။ အန်တီပို ကောင်းရာသုဂတိ လားပါစေ။

**ဒေါ်တင်တင်ရီ (စီမံ-ငြိမ်း)**

**ရန်ကင်းပညာရေးကောလိပ်**

---

**မြို့ရွာတစ်ခွင်သာစေချင် မီးတွင် မပေါ့နှင့်**

## ဝမ်းနည်းကြေကွဲခြင်း
### ဆရာကြီး ဦးတင်လတ်ဝေ
**အငြိမ်းစား ပါမောက္ခ(အင်္ဂလိပ်စာ)**
### အသက်(၈၅)နှစ်

လိမ္မော်ရောင်ကောလိပ်၏ ကန်တော့ခံဆရာကြီး ဦးတင်လတ်ဝေသည် ၉-၁၂-၂၀၁၇ (စနေနေ့) နံနက် ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လိမ္မော်ရောင်ကောလိပ်**
**ကျောင်းသား/ကျောင်းသူ ဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူး ကြင်စိန်(ငြိမ်း)
**တပ်မတော်(လေ)**
**လေ-၁၃၈၅**
**ဒု-ညွှန်မှူး(ငြိမ်း)၊ မြန်မာ့ကျောက်မျက်လုပ်ငန်း**
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၇)လမ်း၊ အမှတ်(၇၄/A-1) နေ [ဒေါ်ညွန့်ဝင်းမြင့် (ထ/၂၊ လှိုင်-ငြိမ်း)]၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူး ကြင်စိန်(ငြိမ်း)သည် ၁၀-၁၂-၂၀၁၇ ရက် နံနက် ၄း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသန်းထွန်း (သံဖြူဇရပ်မြို့၊ ကျုံကဒတ်ကျေးရွာ)
### အသက်(၇၃)နှစ်

မချောစုမြ(နိုင်ငံခြားရေးဝန်ကြီးဌာန)-ကိုအောင်သူရထွန်းတို့၏ ဖခင် ဦးသန်းထွန်း သည် ၇-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Batch 90 (1998)မှ သူငယ်ချင်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

### ဗိုလ်ကြီးကျော်သောင်း(ငြိမ်း) (၈၁)နှစ်
**မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း**
**ကြည်း ၁၉၂၃၈**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်အမာရီ၏ခင်ပွန်း၊ ဗိုလ်မှူးကြီးကျော်စိုးမိုး-ဒေါ်မိုးကျော်သောင်း၊ ဦးစိုးကျော်သောင်းတို့၏ ဖခင်သည် ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ဆွေဆွေလွင် (၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းလွင်-ဒေါ်ချစ်ညွန့်)တို့၏ သမီး၊ (ဦးအုန်းသွင်-ဒေါ်သန်း)တို့၏ သမီးချွေးမ၊ အမှတ် (၃၆၅)၊ ဗိုလ်ဆွန်ပက်အထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဦးမင်းကြည်(က-စ-လ၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်သူရ (ဦး/စီး၊ ဆည်မြောင်း)-ဒေါ်မိုးမိုးသန္တာ၊ ဦးမင်းရဲထွဋ် (ခေတ္တ-စင်ကာပူ)-ဒေါ်တင်အေးချမ်းမိုး၊ ဦးအောင်ကိုကို-ဒေါ်သီတာမင်းကြည် (ပန်းဘဲတန်း စည်/ပင်)တို့၏ ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၀-၁၂-၂၀၁၇(တနင်္ဂနွေနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ဆွေဆွေလွင် (၆၄)နှစ်

ရန်ကုန်မြို့နေ [ဦးထွန်းလွင် (အငြိမ်းစား၊ အစိုးရလွှတ်တော်ရှေ့နေ)-ဒေါ်ချစ်ညွန့်(အထက-၂ ဒဂုံ-ငြိမ်း)]တို့၏သမီး၊ ဒေါ်သန်းသန်းညွန့်၊ (ဒေါ်အေးအေးလွင်)၊ ဒေါ်ညွန့်ညွန့်သင်၊ ဒေါ်အေးအေးနွဲ့၊ ဦးဇော်လွင်၊ ဦးခင်မောင်ဦး၊ ဒေါ်သိန်းသိန်းလွင်၊ ဦးပေါ်ထွန်း၊ ဦးဇော်ဝင်း၊ ဦးဘမော်တို့၏ညီမ၊ ဒေါ်သန်းသန်းလွင်၊ (ဦးချိုကြီး)၊ ဒေါ်မာလာလွင်တို့၏အစ်မ ဒေါ်ဆွေဆွေလွင်သည် ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၃၆၅၊ ဗိုလ်ဆွန်ပက်လမ်း နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးဖြိုးဝေ (၅၈)နှစ်
**(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ ကူးတို့ဆိပ်လမ်း၊ တိုက်(B)၊ အခန်း(၄၆)၊ မေတ္တာမွန်အိမ်ရာဝင်းနေ ဒေါ်မြဝေ(သမဦးစီး-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုတိုးမောင်-မလှမျိုးဦး (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ကိုသန်းဝေ (သန်လျင်-သမတက္ကသိုလ်)-မယဉ်မာဖြိုးတို့၏ ချစ်လှစွာသောဖခင်၊ မောင်ပြည့်စုံထွန်း၏အဘိုးသည် ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၇ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးမင်းအောင်(ခ)တန်စိပန် (ပုသိမ်မြို့)
### အသက်(၇၃)နှစ်

ပုသိမ်မြို့နေ (ဦးရွှေထောင်-ဒေါ်လောင်မေ)တို့၏သား၊ (ဦးပျော့-ဒေါ်ကျင်မေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (488/4A)၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးဟောင်းရှေ့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်မြင့်ရီ၏ခင်ပွန်း၊ မခိုင်ဇာမင်းအောင်၊ မောင်ဇာနည်မင်းအောင်-မပွင့်ဖြူအေးတို့၏ ကျေးဇူးရှင်ဖခင်သည် ၁၁-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
### အငြိမ်းစားသံအမတ်ကြီး ဦးသိန်းအောင် (၉၁)နှစ်
**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) (O.T.S-8)**
**(ကြည်း-၆၅၂၃)**
**ရန်ကုန်တိုင်းကောင်စီဥက္ကဋ္ဌ(ငြိမ်း)**
**ရန်ကုန်မြို့တော်ဝန်(ငြိမ်း)**

ရန်ကုန်မြို့၊ အမှတ်(၁၆/က)၊ Rose Park(2)၊ နှင်းဆီလမ်း၊ ရွှေပင်လုံအိမ်ရာ၊ အပိုင်း(၂)၊ မြောက်ဒဂုံမြို့နယ်နေ (ဦးရှိန်-ဒေါ်ဖွားသင်)တို့၏ သား၊ (ဦးပေါ်-ဒေါ်သိန်းမေ)တို့၏ သားသမက်၊ ဒေါ်ရီရီသိန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမောင်(တောင်ငူ)၊ ဒေါ်တင်ရွှေ(ပဲခူး)တို့၏ ညီ/မောင်၊ ဦးအောင်မြင့်(ပဲခူး)၊ ဒေါ်မြမြရှိန်(တောင်ငူ)တို့၏အစ်ကို၊ ဦးခိုင်စိုးအောင်-ဒေါ်အေးမိစံ၊ ဦးထွန်းထွန်းအောင်-ဒေါ်ညိုနွဲ့အောင်၊ ဦးစိုးမိုးအောင်-MiRo Tokunaga၊ ဦးစိန်သန့်ဇင်-ဒေါ်ကေခိုင်အောင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်၊ ဒေါက်တာထူးလမင်းအောင်(Brisbone, Australia)၊ မကြယ်တံခွန်အောင်၊ Willian D' Castro၊ Rachel D' Castro၊ Miro Tokunaga၊ Yuuki Tokunaga၊ မမွန်မြတ်သန့်ဇင်၊ မောင်အောင်ဖုန်းသန့်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၁-၁၂-၂၀၁၇ (တနင်္လာနေ့) ညနေ ၃း၂၀နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး**
### ဒေါ်နီနီ (၉၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် (၇၆၂)နေ (ဦးဖူးညို-ဒေါ်ငွေရီ)တို့၏ သမီး၊ (ဦးဘသက်-ဒေါ်ကီကီ)တို့၏သမီးချွေးမ၊ (ဗိုလ်ကြီးလှဘော်)၏ဇနီး၊ (ဒေါ်ခင်ခင်သန်း)၊ ဒေါ်ခင်ခင်နု(ခ) Margarete Hla Baw (ILO-ငြိမ်း)၊ ဗိုလ်မှူးဇော်ဝင်း(ငြိမ်း)-ဒုဗိုလ်မှူးကြီးဒေါ်ခင်စန်းစန်း(ငြိမ်း)၊ ဦးမောင်မောင်စိုး(သစ်တောဦးစီး-ငြိမ်း)-ဒေါ်ငွေးငွေးရီ (အမက-၂၈၊ တာမွေ)၊ ဒေါ်သန်းသန်းဝင်း(အလက-၄၊ သဃ်န်းကျွန်း)၊ ဒေါ်သော်တာလှဘော်၊ ဗိုလ်မှူးကြီးခင်ဇော်-ဒေါ်လဲ့လဲ့တို့၏ မိခင်ကြီး၊ မြေး ၁၃ ယောက်၊ မြစ် ၁၃ယောက်တို့၏အဘွားသည် ၁၀-၁၂-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်တင့်တင့် (၈၅)နှစ်

ရန်ကုန်မြို့နေ (ဦးဘသောင်း-ဒေါ်စုစု)တို့၏သမီး၊ (ဒေါ်မြမြ)၏ညီမ၊ (ဒေါ်ဆင့်ဆင့်)၊ (ဗိုလ်ကြီးတင်အောင်ကျော်)၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်း(ငြိမ်း)-(ဒေါ်သန်းသန်းမြင့်)တို့၏အစ်မ၊ ဦးကျော်ဇင်ဝင်း-ဒေါ်နွယ်နွယ်စိုး၊ ဦးဇော်မြင့်ဝင်း-ဒေါက်တာအေးစန္ဒာဝင်း၊ ဦးဇော်မင်း-ဒေါ်ရင်မေဝင်းတို့၏ ကြီးတော်၊ မမေနွယ်ဝင်း၊ မောင်အောင်မြတ်ဝင်း၊ မောင်ဝေယံရဲဝင်း၊ မပြုံးသန်းဝင်း၊ မောင်ဟိန်းဇော်မင်း၊ မောင်အောင်ဇော်မင်းတို့၏အဘွားသည် ၁၁-၁၂-၂၀၁၇ ရက် နံနက် ၆း၄၅နာရီတွင် အမှတ်(၄၄၉-A/၁၇)၊ မိုးမခလမ်း၊ ဗဟန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးဝင်းမြင့် (၇၁)နှစ်
**ချောက်မြို့၊ သခင်ဘိုးလှကြီးစက်မှုလက်မှုသိပ္ပံ လျှပ်စစ်သင်တန်းနည်းပြ**
**ကန်တော့ခံဆရာကြီး**
**ကထိက(ငြိမ်း)၊ ပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာအချိန်ပိုင်းနည်းပြ**
**MYANMAR MARINE ENGINEERS ASSOCIATION (MMEA) TRAINING CENTER**

မိတ္ထီလာမြို့နေ (ဦးမောင်ကြီး-ဒေါ်လှမေ)တို့၏သား၊ သာစည်မြို့၊ ရွှေသမင်ဆန်စက် (ဦးသိန်းမောင်-ဒေါ်စံ)တို့၏သားသမက်၊ အလုံမြို့နယ်၊ နှင်းဆီလမ်း၊ အမှတ်(၈၆/B)၊ ပထမထပ်နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ မောင်ကျော်လွင်စိုး(ရဲရဲ)၊ မမြတ်စန္ဒာဝင်း(ခေတ္တ-USA)၊ မောင်ဝေလင်း(IT DEPARTMENT CITY MARK-ရုံးချုပ်)-မဝင့်ရည်ပွင့်ဦး (AIR Mandalay)တို့၏ ဖခင်၊ မနှစ်သစ်ကူး(ကူးကူး)၏အဘိုး ဆရာဦးဝင်းမြင့်သည် ၁၀-၁၂-၂၀၁၇ ရက် ညနေ ၃း၀၃ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများ နှင့် တပည့်များအား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်ခင်(ခင္တီး) (၆၃)နှစ်

မန္တလေးမြို့၊ နဝရတ်ရိပ်သာ၊ (၆၈×၆၉)လမ်းကြား၊ (၃၄)လမ်း၊ အမှတ် (GH.8)နေ ဦးစစ်ကျော်၏ဇနီး၊ ဗိုလ်မှူးအောင်မျိုးကျော်(ငြိမ်း)-ဒေါက်တာခင်သီတာစိုး၊ ဒေါက်တာခင်စန္ဒာစိုး၊ ဦးကျော်ကျော်စိုး(Singapore)-ဒေါ်အေးအိကို(Singapore)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ ဒီယာဝုကျော်စိုး (Singapore)၏ဘွားဘွား ဒေါ်ခင်ခင်(ခင္တီး)သည် ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ည ၈း၅၀ နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄) သစ်တောရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(၈၃၉) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၇ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်မြင့်မြင့်အေး(တွံတေး၊ ကံဘဲ့) (၆၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးချစ်စိန်-ဒေါ်စိမ်းညို)တို့၏သမီး၊ အင်းစိန်မြို့နယ်နေ (ဦးစိန်လင်း)-ဒေါ်ရီရီမြင့်၊ (ဦးစိန်မြင့်)-ဒေါ်စန်းမြင့်၊ (ဦးတင်ဦး-ဒေါ်ယဉ်ယဉ်မြင့်)တို့၏ညီမ၊ ဒေါ်အေးအေးမြင့် (လ/ထ မန်နေဂျာ၊ သုတေသနဌာန)၊ ဦးမောင်မောင်ဦး-ဒေါ်မြင့်မြင့်ခင်တို့၏အစ်မ၊ တူ/တူမ ၁၃ ယောက်တို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၇(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ မာလာနွယ်(၁)လမ်း၊ အမှတ်(က/၂၅၈)နေ ဒေါ်အေးအေးမြင့်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အာနိစ္စ

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**
### ဦးအောင်တင်(၄) (၈၇)နှစ်
**လက်ထောက်ညွှန်မှူး**
**အလုပ်အမှုဆောင်အဖွဲ့ဝင်ဟောင်း**

ရာသက်ပန်အသင်းဝင် အမှတ် (၄၁၀) ဦးအောင်တင်(၄)သည် ၉-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၇ ရက် ညနေ ၅း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
### ဦးအောင်တင်(မြိတ်) (၈၇)နှစ်
**အသင်းဝင်အမှတ်(၅၁၂)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဝေဘာဂီအိမ်ရာ၊ စိန်စီလမ်း၊ အမှတ်(၅၀)နေ ဒေါ်ညွန့်ညွန့်၏ ခင်ပွန်းသည် ၉-၁၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၇ (တနင်္လာနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

### ဒေါ်မြစိန်(ထားဝယ်) (၇၅)နှစ်
**ကုန်သွယ်လယ်ယာ၊ ဘဏ္ဍာရေးဌာန(ငြိမ်း)**

ထားဝယ်မြို့နေ (ဦးထွန်းအေး-ဒေါ်အေးသင်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးကိုကို)-ဒေါ်အေးပိုတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် (၂၇)၊ ရေတွင်းလမ်းနေ ဦးဘွန်စိန် (ကုန်သွယ်လယ်ယာ၊ ဘဏ္ဍာရေးဌာန၊ ငြိမ်း)၏ ဇနီး၊ ဒေါ်သိင်္ဂီဦး (မြန်မာ့စီးပွားရေးဘဏ်)၊ ဦးဝင်းနိုင်ဦး (Alpine ရေသန့်)-ဒေါ်အိအိခင်(Alpine ရေသန့်)၊ ဦးအောင်အောင်ဟိန်း-ဒေါ်စန္ဒာမိုးတို့၏ ကျေးဇူးရှင်မိခင်၊ မဆုစန္ဒာတင်၊ မောင်လျှမ်းထက်ကျော်တို့၏ အဘွားသည် ၁၁-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်တင်တင်အေး (၇၂)နှစ်
**(ဝါးဘလောက်သောက်ကျေးရွာ)**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဝါးဘလောက်သောက်ကျေးရွာနေ (ဦးအောင်ထွန်း-ဒေါ်ခင်လှ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ တိုက်(၄၃)၊ အခန်း (၃၀၂)၊ ရတနာသိင်္ခလမ်း၊ အောင်ဇေယျာအိမ်ရာနေ ဦးစောရွှေ၏ ဇနီး၊ (ဦးကျော်ဇင်ဝင်း)-ဒေါ်စောမြတ်မြတ်သက်၊ (ဦးအောင်မိုးထွန်း)-ဒေါ်စောလတ်လတ်သက်တို့၏ချစ်လှစွာသောမိခင်၊ မရွှန်းရတီဦး၏ အဘွားသည် ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၇ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်သန်းသန်းဝင်း (၆၅)နှစ်
**ကထိကဟောင်း၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် (၈)၊ ရွှေပြည်အေးလမ်းနေ (ဦးကျော်ရင်-ဒေါ်ကြင်နု)တို့၏ သမီး ငယ်၊ ဦးသိန်းကြည်-ဒေါ်အေးအေးဝင်းတို့၏ညီမ၊ ဦးကျော်ကျော်ဟန်၏အစ်မ၊ Dr.ဝေဖြိုးသိန်း-ဒေါ်ရတနာမြင့်ဝင်း၊ မောင်ပြည့်ဖြိုးသိန်း၊ မချောကေခိုင်တို့၏အဒေါ်၊ မောင်သုတဖွဲ့ဉာဏ်သိန်း၏အဘွား ဒေါ်သန်းသန်းဝင်းသည် ၁၀-၁၂-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
### ဘဒ္ဒန္တ ဝါသုဒေဝ မဟာထေရ်
**ရွှေကျင်နိကာယရတ္တညူမဟာနာယက**
### သိက္ခာတော် (၇၆)ဝါ၊ သက်တော် (၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ သပြေကုန်းရွာ၊ ဓမ္မိကာရာမ၊ သန်လျင်မြို့အောင်မင်္ဂလာရပ်ကွက် မဟာဓေမိကာရာမပရိယတ္တိစာသင်တိုက် သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက် ရေတံခါးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနနာယက၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ သပြေကန်သဒ္ဒါကြီး နိသျသစ်ကျမ်းပြု(ဘဒ္ဒန္တဥက္ကံသ) ပထမသပြေကန်ဆရာတော်ကြီး၏ ပစ္ဆိမသာဝက၊ လဒ္ဓီပေသလ၊ ဝိနယဂရုက၊ သာသနဒီပဒဿီ၊ သက်တော်ရှည် သပြေကုန်းဆရာတော် ဘဒ္ဒန္တ ဝါသုဒေဝ အရှင်မြတ်ကြီးသည် (၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်) ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ည ၈း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်) ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့)တွင် ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ် သပြေကုန်းရွာ၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပပူဇော်ပါမည်။ အကြိုညချမ်းဓမ္မပူဇာအဖြစ်ဖြင့် (၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်) ၁၅-၁၂-၂၀၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အဝေရာရာမ-ရန်ကင်းကျောင်းတိုက် ပဓာနနာယက-ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ အင်္ဂုတ္တရနိကာယပါဠိပါရဂူ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက၊ ရွှေကျင်နိကာယဗဟိုဌာနအကျိုးတော်ဆောင်၊ ဘဒ္ဒန္တ ဩဒါတာသိရီဘိဝံသ၊ (၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်) ၁၆-၁၂-၂၀၁၇ ရက်တွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တခေမာစာရ အရှင်မြတ်များက တရားတော်များဖြင့် ပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ပူဇော်နိုင်ပါရန် ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအသိပေးအပ်ပါသည်။

အန္တိမအဂ္ဂိစျာပနပူဇော်ရေးကော်မတီ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ တံတိုင်း ဒါယိကာမကြီး**
### ဒေါ်နု (၉၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ တိုက်(၄)၊ အခန်း(၂၄)နေ (ဦးကြွယ)၏ဇနီး၊ (ဒေါ်တင်တင်ဦး)၊ ဒေါ်သန်းငွေး၊ (ဦးဇော်ဝင်း)-ဒေါ်ခင်သန်းအေး၊ ဦးဖိုးထောင်-ဒေါ်စန်းစန်းရီ၊ (ဦးကျော်ဝင်း)၊ ဒေါ်လှိုင်လှိုင်တင်၊ ဒေါ်ခင်ထွေးရီတို့၏မိခင်၊ မြေးလေးယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်နုသည် ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ည ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၇ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်မသိန်းစိန်(စစ်တွေ) (၈၉)နှစ်

မြောက်ဦးမြို့နယ်၊ မြောင်းဘွေကျေးရွာနေ (ဦးချက်ဖား၊ ဒေါ်စောယဉ်)တို့၏တတိယသမီး၊ [ဦးအောင်ကျော်စိန် (ဌာနခွဲစာရေးကြီး-ငြိမ်း၊ အကျဉ်းဦးစီးဌာန၊ စစ်တွေ)၏ဇနီး၊ ဒေါ်ခင်ခင်နွဲ့ (အထပြ၊ အထက-၁၊ စစ်တွေ-ငြိမ်း)၊ ဦးစန်းဝင်း-ဒေါ်မြမြသန်း၊ ဒေါ်သဇင်နွယ်(လက်ထောက်ကြီးကြပ်၊ စစ်တွေမြို့နယ်၊ ပညာရေးမှူးရုံး)၊ ဦးချစ်ကိုကို (C/E, Woqod Marine)-ဒေါ်အေးအေးခိုင် (ကထိက IMCEITS၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန)တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘောင်ရှင်သည် ၁၁-၁၂-၂၀၁၇ ရက် မွန်းလွဲ ၁း၃၀နာရီတွင် တိုက်အမှတ်(၃)၊ အခန်း(၃၀၅)၊ (၁၅၄)လမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးဝင်းမောင်(ခ)ဦးစိုး(ရွှေပန်းထိမ်ဆရာကြီး) (ရေးမြို့)
### အသက်(၈၀)

ရေးမြို့နေ (ဦးထွန်းလှ-ဒေါ်ထွေးခင်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် (၁၄၅)၊ ဗိုလ်ချုပ်လမ်းနေ (ဒေါ်စောကျင်)၏ ခင်ပွန်း၊ (ကိုစိန်ဝင်း)-မတင်နွယ်ဦး၊ ကိုရဲမင်းမောင်-မတင်ငွေးဦး၊ ကိုကျော်စိုးလင်း-မအိအိချော၊ ကိုဝင်းသူ-မခင်စုစုလင်းတို့၏မွေးသဖခင်၊ မသင်းနန္ဒာအောင် (Y.U.F.L၊ တတိယနှစ်၊ ကိုရီးယား)၊ မထက်ရတီဦး (ရန်ကင်း T.T.C၊ ဆဋ္ဌမတန်း)၊ မမေမြတ်ဖူးဟန် (အမက-၁၁၊ သုံးပင်ကွင်း၊ ဒုတိယတန်း)၊ မောင်လင်းသူရိန်ကို (GLC၊ Pre School)၊ မောင်ကောင်းလပြည့်ဟိန်းတို့၏ အဘိုးသည် ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၇(စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဗိုလ်မှူးကြင်စိန်(စစ်ကွင်းမြို့) (၇၈)နှစ်
**(လေ/၁၃၈၅)၊ ဒု-ညွှန်မှူး(ငြိမ်း) [မြန်မာ့ကျောက်မျက်လုပ်ငန်း]**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၇)လမ်း၊ အမှတ်(၇၄/A-1) နေ (ဦးမောင်စိန်-ဒေါ်သိန်းမြ)တို့၏သား၊ [ဒေါ်ညွန့်ဝင်းမြင့်(ထ/၂၊ လှိုင်-ငြိမ်း)]၏ခင်ပွန်း၊ ဦးခင်ထွန်း(မမ-ငြိမ်း)-ဒေါ်ခင်သူဇာ(အမက-၁၂၊ အင်းစိန်)၊ ဗိုလ်ကြီးအောင်မိုးလွင်(ငြိမ်း)-ဒေါ်စုစုစိန်း(လ/၃၊ လှိုင်-ငြိမ်း)၊ (ဦးရဲထွဋ်)၊ ဒေါက်တာခင်ဥမ္မာတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မဖြူဖွေးသန့်၊ မောင်ရဲလင်းသူ၊ မောင်ကောင်းခန့်ဇော်၊ မောင်ထက်အောင်ကျော်တို့၏အဘိုး ဗိုလ်မှူးကြင်စိန်(အကွယ်လေး)သည် ၁၀-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၄း၂၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးမြတ်အောင် (၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၅)ရပ်ကွက်၊ နွယ်သာကီလမ်း၊ တိုက်(၂၃၄)၊ အခန်း(၈)နေ (ဦးငွေသောင်-ဒေါ်မာလေး)တို့၏သား၊ [ဦးထွန်းမောင်-ဒေါ်သန်းမြ (ခ) ဒေါ်ရှုပဝတီ]တို့၏သားသမက်၊ ဒေါ်ခင်ရီ၏မောင်၊ ဦးရွှေဘုန်း၊ ဒေါ်မြင့်စိန်တို့၏အစ်ကို၊ ကိုဝေဖြိုးမောင်မောင် (LPM Co., Ltd)-မမြတ်ခင်မာဦး(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်-ဝန်ဆောင်မှုဌာနကြီး)၊ ကိုထိန်ဝင်းမြတ်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-မစန္ဒာကျော်ဦး(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏ မွေးသဖခင်၊ ကိုဇော်မျိုး-မမင်းမင်းစိုးတို့၏ဦးကြီး၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်ခင်မာစမ်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၀-၁၂-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံမှ ထွက်ပေါ်လာသော အကျိုးရလဒ်များသည် ဒေသတွင်း ရေလုံခြုံရေးအတွက် အမျိုးသားရည်မှန်းချက်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်အား အောင်မြင်စွာ ဖြည့်ဆည်းပေးနိုင်မည်




တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ် အာရှ-ပစိဖိတ်ရေညီလာခံ (The 3rd Asia – Pacific Water Summit– 3rd APWS) ကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကားပြောကြားရာတွင် ရေသည် အသက်ရှင်သန်မှုနှင့် ဂုဏ်သိက္ခာအပြင် အစားအစာ ထုတ်လုပ်ရေး၊ ရေကြောင်းဆက်သွယ်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ စက်ရုံသုံး အိမ်သုံးများအတွက် လည်းကောင်း၊ ငါးဖမ်းလုပ်ငန်းများ အတွက်လည်းကောင်း၊ ခရီးသွား လုပ်ငန်းများ အစရှိသည့် စီးပွားရေး လုပ်ငန်းအမျိုးမျိုးအတွက် အသွင် အမျိုးမျိုးဖြင့် ဝင်ငွေရနိုင်စေသည့် အရင်းအမြစ်တစ်ခု ဖြစ်ကြောင်း၊ မိမိတို့၏ အသက်ရှင်ဖြစ်တည်မှု၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်၏ အခြေခံကျသော အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါကြောင်း၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

# MNL ကလပ် မကွေးအသင်းနှင့် ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်း ယနေ့ ခြေစမ်းမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံတွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ရောက်ရှိနေသည့် ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်းသည် ခြေစမ်းပွဲဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၁၂ ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် MNL ကလပ် မကွေးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်းသည် မြန်မာနိုင်ငံတွင် ခြေစမ်းပွဲ သုံးပွဲ လာရောက်ကစားခြင်းဖြစ်ပြီး ဒီဇင်ဘာ ၉ ရက်တွင် ကစားခဲ့သည့် ပထမခြေစမ်းပွဲတွင် MNL ကလပ် ဇွဲကပင်အသင်းကို

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ○**



ဒီဇင်ဘာ ၉ ရက်က ဇွဲကပင်နှင့် ဂျပန်အပျော်တမ်းလိဂ် ညွှန့်ပေါင်းအသင်းတို့ ခြေစမ်းကစားစဉ်။

## ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ဖွင့်ပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ် ယူ-၁၉ ယနေ့ ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ ပွဲစဉ်များကို ဒီဇင်ဘာ ၁၂ ရက်(ယနေ့)တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၁ အသင်းသည် အိမ်ရှင်ဗီယက်နမ် ယူ-၁၉ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာ ယူ-၂၁ အသင်းနှင့် ဗီယက်နမ် ယူ-၁၉ အသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင် ဗီယက်နမ် ယူ-၂၁ အသင်းနှင့် ထိုင်း ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ Thanh Nien သတင်းစာ၏ ပံ့ပိုးကူညီမှုဖြင့် ဒီဇင်ဘာ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်ဗီယက်နမ် ယူ-၂၁ အသင်း၊ ယူ-၁၉ အသင်း၊ မြန်မာ ယူ-၂၁ အသင်း၊ ထိုင်း ယူ-၂၁ အသင်းနှင့် ဂျပန်ကလပ် ယိုကိုဟားမား ယူ-၂၁အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ●**



# အင်းဝ ဆင်ကျုံးခံတပ်ရောက် အတွေးကောက်ကြောင်း

သရက်တန်းစိုးရွှေ(စိတ်ပညာ)



အင်းဝဒေသရောက်ခိုက် ဧရာဝတီမြစ်ဘေးက ဆင်ကျုံးခံတပ်အနီးမှာထိုင်ရင်း စစ်ကိုင်းဘက်ကို ငေးကာ အတွေးနယ်ချဲ့နေလိုက်မိတယ်. . ။ အတွေးထဲမှာတော့ ဖတ်မှတ်ခဲ့ဖူးသော စာတွေ သတိရသလို လူကြီးမိဘဆရာသမားတွေက ပြောဆိုဆုံးမသွန်သင်ခဲ့တဲ့ အသံတွေ ပဲ့တင်ထပ်နေခဲ့တယ်။ သမိုင်းဝင် ဆင်ကျုံးခံတပ်ကို တစ်လှည့် ဧရာဝတီမြစ်ကြီးကို တစ်လှည့် ကြည့်ရင်း သမိုင်းဆိုတာနဲ့ ပတ်သက်ပြီး ဆုံးမခဲ့တဲ့ အသံကို ပြန်လည်ကြားနေမိနေတယ်။ **"သမိုင်းဆိုတာ သိသင့်တဲ့အရာတစ်ခုကွ. . .၊ သမိုင်းထဲကအတွေ့အကြုံတွေ သင်ခန်းစာတွေကလည်း ဘဝကို ပဲ့ပြင်ဖို့ ပညာတွေပေးတယ်၊ တို့တိုင်းပြည်က ရှည်လျားတဲ့ သမိုင်းကြောင်းနဲ့ အတူ ဖြစ်ထွန်းပေါ်ပေါက်ခဲ့တာဆိုတော့ လေ့လာစရာ သမိုင်းဝင်နေရာတွေ အများကြီး ရှိနေတယ်. . .၊ အဲဒီသမိုင်းတွေအကြောင်း မြန်မာနိုင်ငံရဲ့အကြောင်းကို အသိဆုံးသူကို ပြောပါဆိုရင်တော့. . . ဧရာဝတီမြစ်ကြီးကို လက်ညှိုးထိုးပြရလိမ့်မယ်၊ ဧရာဝတီမြစ်ကြီး သိပါတယ်တဲ့. . . ဩော်. . . ဧရာဝတီ မြစ်ကြီး သိပါတယ်တဲ့လား. . . ။"**

မြန်မာ့သမိုင်းကို ဧရာဝတီမြစ်ကြီး သိတယ်တဲ့. . . ဟုတ်မှာပါလေ. . . ဧရာဝတီမြစ်ကြီးက ရေချိုတွေ ပေးတယ်။ စိုက်ပျိုးဖို့ ကျွန်းမြေတွေ ပေးတယ်။ သွားလာဖို့ ခရီးလမ်းတွေကိုပေးတယ်။ ဧရာဝတီရယ်. . . မြန်မာနိုင်ငံရယ်. . . အလွမ်းဖွဲ့ ဇာတ်လမ်းတွေရယ်က ဘယ်ပြောကုန်နိုင်ပါ့မလဲ. . . ။ ဟော. . . အခုမြင်နေရပြီ. . . ။ ဧရာဝတီမြစ်နံဘေးမှာ နယ်ချဲ့အင်္ဂလိပ်တွေကို တိုက်ခိုက်ဖို့ စီမံတည်ဆောက်ထားခဲ့တဲ့ ခံတပ်သုံးတပ် စစ်ကိုင်း၊ အင်းဝ၊ အမရပူရနယ်တွေထဲမှာ တည်ရှိနေတာကို မြင်နေရပြီ. . . ။ ကြည့်စမ်း. . . ။ ခံတပ်သုံးခုက ဧရာဝတီမြစ် တစ်ဖက်ကမ်းစီမှာ အချက်ကျကျ တည်ဆောက်ထားတယ်။ ခံတပ်နာမည်တွေကိုလည်း နှုတ်က တဖွဖွ ရွတ်ဆိုလိုက်မိတယ်. . . ။ သပြေတန်းခံတပ်၊ ဆင်ကျုံးခံတပ်၊ အစေခံ ခံတပ်. . . ။

သတိထား ကြည့်မိလိုက်တယ်။ သပြေတန်းခံတပ်နဲ့ ဆင်ကျုံးခံတပ်က ဧရာဝတီမြစ်ရဲ့ တောင်ဘက်မှာ တည်ရှိနေတယ်။ စစ်ကိုင်းအစေခံ ခံတပ်ကတော့ ဧရာဝတီမြစ်ရဲ့ မြောက်ဘက်အခြမ်းမှာရှိနေတယ်။ ခံတပ်သုံးခုက သုံးပွင့်ဆိုင် အချက်ကျကျ တည်ဆောက်ထားတာပါလား-။ ဟုတ်တာပေါ့။ အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲမှာ ဧရာဝတီမြစ်ကြောင်းအတိုင်း ချီတက်လာမယ့် အင်္ဂလိပ်တပ်ကို သုံးပွင့်ဆိုင်ညှပ်တိုက်ဖို့ ရည်ရွယ် တည်ဆောက်ထားတာပဲလေ။ အင်္ဂလိပ်တပ်တွေ ဧရာဝတီမြစ်ကတက်လာတာနဲ့ ဆင်ကျုံးခံတပ်နဲ့ သပြေတန်းခံတပ်တို့မှာ မြစ်ငယ်လှေအဖွဲ့နဲ့ တွဲဖက်မယ်။ စစ်ကိုင်းအစေခံ ခံတပ်က တောင်လုံးရေတပ်နဲ့ တွဲဖက်ပြီး မြစ်ရဲ့ တစ်ဖက်တစ်ချက်စီကနေ ညှပ်တိုက်ဖို့ စီစဉ်ထားတာပဲလေ. . ။

> ❛ ဘာကြောင့်များ ဆင်ကျုံးခံတပ်လို့ ခေါ်သလဲဆိုတဲ့ အကြောင်းကလည်း ရှင်းလိုက်တာ။ ခရစ်သက္ကရာဇ် ၁၈၇၄ ခုနှစ်မှာ မင်းတုန်းမင်းက မူလဆင်ကျုံး နေရာမှာ ခံတပ်အဖြစ် အသုံးပြုခဲ့လို့ ဆင်ကျုံးခံတပ်လို့ ခေါ်တာတဲ့. . . ❜

သုံးပွင့်ဆိုင် အချက်ကျကျ တည်ဆောက်ထားတဲ့ ခံတပ်သုံးခု အကွာအဝေးကလည်း တိုက်ခိုက်လို့ ကောင်းတဲ့အနေအထား အကွာအဝေးမှာ တည်ဆောက်ထားတာပဲ။ သပြေတန်းခံတပ်နဲ့ ဆင်ကျုံးခံတပ်က နှစ်မိုင်လေးဖာလုံ၊ ဆင်ကျုံးခံတပ်က စစ်ကိုင်းအစေခံ ခံတပ်သို့ တစ်မိုင် သုံးဖာလုံ၊ စစ်ကိုင်းအစေခံ ခံတပ်နဲ့ သပြေတန်းခံတပ်က တစ်မိုင် လေးဖာလုံ အကွာအဝေးရှိတယ်။ ဘယ်လိုပဲ ခံတပ်ဖွဲ့စည်းပုံ ကောင်းခဲ့ပေမယ့် ဝမ်းနည်းစရာအဖြစ်တစ်ခု အမိန့်တော်ချမှတ်ချက်တစ်ရပ်က ခံတပ်တွေကို သက်ဝင်လှုပ်ရှားခွင့် မပေးခဲ့ပါလားနော်။

ခရစ်နှစ် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၆ ရက် အင်္ဂလိပ်တပ် ချီတက်လာတဲ့အခါ လွှတ်တော်မှ ခုခံတိုက်ခိုက်ခြင်းမပြုရဆိုတဲ့ အမိန့်ကြောင့် ခုခံတိုက်ခိုက်ခြင်းမပြုရဘဲ လက်နက် ချလိုက်ရတာပါလား. . . ။ ဝမ်းနည်းစိတ်ကလေးနဲ့ ဆင်ကျုံးခံတပ်ကို တစ်လှည့် ကြည့်လိုက်မိပြီး ခံတပ်ရဲ့ တည်နေရာတွေနဲ့ ခံတပ်တည်ဆောက်ခဲ့ပုံတွေကို ဖတ်မှတ်ခဲ့ဖူးတဲ့ စာတွေနဲ့ တိုက်ဆိုင်ကြည့်ရင်း လွမ်းလွမ်းဆွေးဆွေးနဲ့ ငေးနေလိုက်မိတယ်။

အင်းဝ ဆင်ကျုံးခံတပ်တဲ့. . . ။ အင်းဝမြို့ ဆင်ကျုံးကျေးရွာ အနောက်ဘက်ဖျား ဧရာဝတီမြစ်တောင်ဘက်ဘေးမှာ ခန့်ထည်စွာ တည်နေလျက်. . . ။ ဘာကြောင့်များ ဆင်ကျုံးခံတပ်လို့ ခေါ်သလဲဆိုတဲ့ အကြောင်းကလည်း ရှင်းလိုက်တာ။ ခရစ်သက္ကရာဇ် ၁၈၇၄ ခုနှစ်မှာ မင်းတုန်းမင်းက မူလဆင်ကျုံးနေရာမှာ ခံတပ်အဖြစ် အသုံးပြုခဲ့လို့ ဆင်ကျုံးခံတပ်လို့ ခေါ်တာတဲ့. . . ။ မင်းတုန်းမင်းက အမြော်အမြင်ကြီးမားတဲ့ မှူးမတ်တွေနဲ့တိုင်ပင်ပြီး နိုင်ငံတော် ကာကွယ်ရေးအတွက် လုပ်ခဲ့တယ်ပေါ့။ ကနောင်မင်းသားကတော့ ထိပ်ဆုံးကပေါ့. . . ။ ဧရာဝတီမြစ်ရိုးတစ်လျှောက်မှာ စစ်မဟာဗျူဟာအရ အချက်အချာကျတဲ့နေရာတွေမှာ အကာအကွယ်ကောင်းမွန်တဲ့ နေရာတွေမှာ ခံစစ်အတွက်ခံတပ်တွေ တည်ဆောက်ခဲ့တာပဲလေ. . . ။ တည်ဆောက်မှုမှာ စကားလုံးတစ်လုံး ထည့်သွင်းလိုက်ရင်တော့ နိုင်ငံခြားပညာရှင်နဲ့ ပူးပေါင်းတည်ဆောက်တယ်လို့ ပြောရမှာပေါ့လေ။ ခံတပ်ဆောက်လုပ်မှုကို အီတလီ၊ ပြင်သစ်ပညာရှင်တွေဖြစ်တဲ့ ကိုမိုတို (Commctto)၊ မိုလီနာရီ(Molinari)တို့နဲ့ အတူ နိုင်ငံခြားပညာတော်သင်ပြန် မြန်မာလူငယ်တွေနဲ့ ပူးပေါင်းတည်ဆောက်ခဲ့တယ်။ ဩော်. . . ပူးပေါင်းတည်ဆောက်ခဲ့တဲ့ ခံတပ်ပါလား. . . ။

မြန်မာတွေ မညံ့ပါဘူး. . . ။ မြန်မာတွေ တော်ပါတယ်။ ကုန်းဘောင်ခေတ်နှောင်းမှာ တည်ဆောက်ခဲ့တဲ့ ခံတပ်တွေက မြန်မာတွေ မညံ့ကြောင်း သက်သေပြနေတာပဲလေ။ ကုန်းဘောင်ခေတ်နှောင်းမှာ တည်ဆောက်ခဲ့တဲ့ ခံတပ်တွေ. . . ခံတပ်တွေ. . . ဟုတ်တာပေါ့. . . ။ မင်းလှခံတပ်၊ ဂွေးချောင်းခံတပ်၊ ဆင်ကျုံးခံတပ်၊ သပြေတန်းခံတပ်၊ အစေခံ ခံတပ်တွေက ကင်းဝန်မင်းကြီးနှင့်အဖွဲ့ အနောက်နိုင်ငံတွေကို သွားရောက်လေ့လာပြီး ရရှိတဲ့ အတွေ့အကြုံတွေကို အခြေခံပြီး တည်ဆောက်ထားတာတွေပဲ။ အင်္ဂလန်ကျွန်းများအကြားရှိတဲ့ ပင်လယ်အထွက်ရေလက်ကြားတွေမှာ တည်ဆောက်ထားတဲ့ ပေါ့စမောက် (Potsmout) မြို့မှာရှိတဲ့ ခံတပ်တွေ တည်ဆောက်ပုံကို မှတ်သားပြီး အင်းဝဆင်ကျုံး ခံတပ်၊ စစ်ကိုင်းအစေခံ ခံတပ်၊ အမရပူရ သပြေတန်းခံတပ်တွေကို တည်ဆောက်ခဲ့တာပဲလေ. . . ။

ဆင်ကျုံးခံတပ်ကို သေသေချာချာ သတိထားပြီး လေ့လာကြည့်မိတယ်။ စတုရန်းပုံဖြစ်ပြီး အုတ်တံတိုင်း သုံးထပ်ပါတယ်။ အပြင်ဆုံးတံတိုင်းက ၃၅၅ ပေပတ်လည်ရှိပြီး ၃၆ ပေအရှည်ရှိတဲ့ ထောင့်ပြေနဲ့ တည်ဆောက်ထားတယ်။ အလယ်တံတိုင်းကတော့ ၂၉၃ ပေပတ်လည်ရှိတယ်။ တံတိုင်းနှစ်ခုအကြားမှာတော့ ၃၁ ပေကျယ်တဲ့ကျုံးရှိတယ်။ အတွင်းတံတိုင်းကပေ ၂၀၀ ပတ်လည်ရှိပြီး ခံတပ်အရှေ့မှာတော့ ကျုံးကူးတံတားရှိနေတယ်။ အမြောက်တွေထားတဲ့နေရာ၊ ခဲရမ်းထားတဲ့နေရာ အို. . . စနစ်ကျလိုက်တာ။ ရန်သူလာရင် ခံတပ်သုံးခု ပူးညှပ်တိုက်လိုက်လျှင်ဖြင့်. . . ။ တွေးရင်း ငေးနေမိသလို မြောက်ဘက်ကို ငေးရင်း ခံတပ်တွေနဲ့ ရှေးခေတ်က မြန်မာ့ရေတပ်ကို မြင်ယောင်မိနေတယ်။

သမိုင်းက ပြောခဲ့တဲ့ ဇာတ်လမ်းတွေ၊ ခံတပ်တွေကပြောနေတဲ့. . . မခုခံရဆိုတဲ့ အမိန့်တွေ. . . ။ သီပေါမင်း ပါတော်မူသွားပြီး နောက်ပိုင်း လွှတ်တော်အာဏာမဲ့သွားချိန်မှာ စစ်ကိုင်းအစေခံ ခံတပ်နဲ့ လှေတပ်မှ တပ်မတော်သားတွေကို ကျွန်းညွန့်မင်းသား ဦးဆောင်မှုနဲ့ နယ်ချဲ့ကို တိုက်ခိုက်ခဲ့ကြတာပါလား။ စစ်ကိုင်းကို အချိန်ကာလတစ်ခုအထိ သိမ်းပိုက်ထားနိုင်ခဲ့တာပဲလေ. . . ။ ဟုတ်တာပေါ့. . . ။ မြန်မာတို့အောင်ပွဲကို သက်သေပြနေတာတွေ ရှိနေတာပဲလေ။

မြန်မာ မျိုးချစ်တပ်မတော်သား ဗိုလ်ညိုဦး၊ ဗိုလ်ညိုဖူးခေါင်းဆောင်တဲ့ တပ်တွေက တိုက်ခိုက်ခဲ့လို့ အင်္ဂလိပ်တွေ အကျအရှုံးများခဲ့တယ်ဆိုတဲ့ သက်သေအဖြစ် စစ်ကိုင်းအစေခံ ခံတပ် အရှေ့ဘက်က အင်္ဂလိပ်စစ်သားတို့ရဲ့ သင်္ချိုင်းကျောက်စာသုံးချပ်က သက်သေပြနေတာပဲလေ. . . ။ ဘာပဲဖြစ်ဖြစ် ဒီရေ. . . ဒီမြေပေါ်မှာ နေရင်. . . ဒီရေ ဒီမြေကို ချစ်ရမယ်. . . ။ ကာကွယ်ရမယ်။ ဒီရေဒီမြေအတွက် အသက်စွန့်သင့်ရင် စွန့်ရမယ်။ ကိုယ့်တိုင်းပြည် တိုးတက်ရေး ကိုယ်တိုင်ပေးဆပ် လုပ်ကိုင်ပေးရမယ်ဆို တာကိုတော့ အင်းဝဆင်ကျုံး ခံတပ်က အသိပေးလျက်။ ။

## ရေးမြို့နယ်၌ ခရီးသွားများပြားလာသည့်အတွက် ဒေသထွက် ယိုမျိုးစုံ ပိုမိုအရောင်းအဝယ်ဖြစ်



**ရေး ဒီဇင်ဘာ ၁၁**

မွန်ပြည်နယ် ရေးမြို့နယ် ဒေသထွက် ရာသီပေါ် အသီးအနှံများမှတစ်ဆင့် ယိုလုပ်ကိုင်သူများ ယခင်က ငါးဦးလောက်ရှိရာမှ ယခုအချိန်တွင် ၂၀ ဦးအထိ ရှိလာပြီး ခရီးသွားများပြားလာသလို အရောင်းအဝယ်လည်း တွင်ကျယ်စွာ ပိုမိုလုပ်ကိုင်နေရကြောင်း ထုတ်လုပ်သူများထံမှ သိရသည်။

တစ်နိုင်တစ်ပိုင် ယိုထုတ်လုပ်သူ ဒေါ်မိမိချို က "ရေးဒေသမှာ ခရီးသွားက အရင်ကထက် ပိုမိုလာရောက်တဲ့အခါ ယိုမျိုးစုံကို ဝယ်ယူအားပေးကြပြီး ဒူးရင်းယို၊ နာနတ်ယို၊ မရမ်း၊ မာလကာ၊ ရှောက်ယိုတွေကို ပိုမိုနှစ်သက် ဝယ်ယူကြပါတယ်"ဟု ပြောသည်။

ရာသီပေါ် အသီးအနှံကုန်ကြမ်းထဲတွင် ဒူးရင်းသီးဈေးက ယခင်နှစ်ထက် ယိုလုပ်ကိုင်သူများပြားလာတဲ့အခါ ဈေးကြီးပေး အလုအယက်ဝယ်ရသည့်အခါ ဒူးရင်းယိုဈေးက အမြင့်ဈေးဖြစ်ပြီး တခြားအသီးအနှံယိုများက ပုံမှန်ဈေးဖြစ်ကြောင်း ယိုထုတ်လုပ်သူများထံမှ သိရသည်။

ရေးဒေသထွက် ယိုများမှာ ဈေးကွက်အတွင်း ရေးမြို့နယ်အပြင် မော်လမြိုင်၊ ရန်ကုန်၊ မန္တလေးအထိ ပိုမိုမှာယူစားသုံးလာကြပြီး ဒူးရင်းယို တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၊ နာနတ်က ငွေကျပ် ၆၀၀၀၊ တခြားအသီးနှံယို ငွေကျပ် ၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**